မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၄)နှစ်မြောက် နှစ်ပတ်လည် အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်(၆၄) နှစ်မြောက် နှစ်ပတ်လည် အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခချန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်သမ္မတ လစဉ်ပြောကြားသည့်ရေဒီယိုမိန့်ခွန်း
(၁-၁၀-၂၀၁၃)

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ယခုလည်း စက်တင်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်း ဖြစ်ပါတယ်။

ယခုလ ရေဒီယိုကနေ ပြည်သူလူထုထံ ဆက်သွယ်ပြောကြားတဲ့ အစီအစဉ်မှာ ယခင်လက အထူးပြုပြောကြားခဲ့တဲ့ ရေရှည်တည်ဆောက်ရမယ့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်တွေကို ဦးစားပေးပြောကြားသွားမှာဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ရရှိထားတဲ့ နိုင်ငံရေး၊ စီးပွားရေးဖြစ်ထွန်းတိုးတက်မှုများဟာလည်း ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များနဲ့ အခြေခံကျကျ ဆက်နွှယ်နေတဲ့အတွက် ယခုလမှာ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်တဲ့ ကျွန်တော်တို့အစိုးရရဲ့ ရပ်တည်ချက်နဲ့ သဘောထားတွေကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက်မှာ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အစဉ်တစိုက် ကြိုးပမ်းခဲ့ကြပါတယ်။လုပ်ဆောင်မှုပုံစံနှင့် စိတ်စေတနာမှန်ခြင်း၊ မှားခြင်းဆိုတဲ့ ကိစ္စရပ်ကတော့ သမိုင်းကအဆုံးအဖြတ်ပေးတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ သေချာတဲ့ အရှိတရားတစ်ခုကတော့ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တနေတဲ့ ခိုင်မာ၍ရေရှည်တည်တံ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေး မရရှိသေးတာပဲ

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေFM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ အောက်တိုဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၇ နာရီ၊ ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့၌ တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်သည့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် အရှိန်နှင့်ဦးတည်နေအောင်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာဆက်ဆံရေး တိုးတက်ကောင်းမွန်လာပြီး ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံခြားအကူအညီအထောက်အပံ့များနှင့် ဖွံ့ဖြိုးမှုအကူအညီချေးငွေများ တိုးတက်စီးဝင်လျက်ရှိပါကြောင်း။

နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နေပြည်တော်သဘောတူညီချက်(Nay Pyi Taw Accord)ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ပဲရစ်ကြေညာချက် စည်းမျဉ်းစည်းကမ်းများဖြစ်သော အကူအညီရယူသည့်နိုင်ငံ၏ဦးဆောင်မှု၊ နိုင်ငံ၏လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မှု၊ သဟဇာတဖြစ်မှု၊ အကျိုးရလဒ်ကောင်းရရှိရေးအတွက် အလေးထားဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သက်ကြီးရွယ်အိုပြောစကား တို့လိုချင်တဲ့ အနာဂတ်များ

လူသားတို့အတွက် ကောင်းကျိုးလိုရာအဖြာဖြာတို့ ဖြည့်စွမ်းအပေးနိုင်ဆုံးပုဂ္ဂိုလ်များတွင် သက်ကြီးရွယ်အိုများ အများစုပါဝင်သည်ဟုဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ သက်ကြီးရွယ်အိုတို့သည် အတိတ်တွင်လည်း ပေးဆပ်ခဲ့သည်။ ပစ္စုပ္ပန်ကိုလည်း လှပစေသည်။ အနာဂတ်ကိုလည်း ဖန်တီးပေးနိုင်စွမ်းရှိသူများ ပေတည်း။ သက်ကြီးရွယ်အိုများသည် လူသားထုတစ်ရပ်လုံးအတွက် ရှေ့ဆောင်လမ်းပြများပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ယနေ့ အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခါသမယတွင် "သက်ကြီးရွယ်အိုပြောစကား၊ တို့လိုချင်တဲ့အနာဂတ်များ" "(The Future We Want-What Older Persons Are Saying)" ဟူသော ဆောင်ပုဒ်ကို ထုတ်ပြန်ထားခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ သက်ကြီးဘိုးဘွားတို့၏ ဆုံးမသြဝါဒတို့သည် ငယ်ရွယ်သူတို့အတွက် လှပသောအနာဂတ်များကို ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် သက်ကြီးဘိုးဘွားများသည်ကျွန်ုပ်တို့လူမှုအသိုင်းအဝိုင်းအတွက် မရှိမဖြစ် လိုအပ်သော ဦးစီးနာယကများပင်ဖြစ်ပါသည်။

မိသားစုတစ်စုချင်းမှအစ လူမှုအဖွဲ့အစည်းအသီးသီးတို့တွင် သက်ကြီးရွယ်အိုတို့၏ အခန်းကဏ္ဍသည် ဦးစီးဦးဆောင်အနေအထားတွင်ရှိနေပါသည်။ သက်ကြီးရွယ်အိုများသည် လူ့ဘောင်ကောင်းကျိုး သယ်ပိုးနေကြသူများဖြစ်သကဲ့သို့ တစ်ဖက် မှလည်း သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ လူ့ဘဝ၏ နေဝင်ချိန်ဆည်းဆာကို ရောက်ရှိနေသည့် ချို့တဲ့အားငယ်နေသော အဘိုးအဘွားတို့အား ကူညီစောင့်ရှောက်ပေးရန်မှာ ကျွန်ုပ်တို့လူသား အားလုံး၏တာဝန်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ လူဦးရေ သန်း ၆၀ ၏ ၉ ဒသမ ၁ ရာခိုင်နှုန်းသည် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်မှစပြီး သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်း ဘိုးဘွားရိပ်သာပေါင်း ၆၁ ခု ရှိကြောင်း သိရပါသည်။ ထိုဘိုးဘွားရိပ်သာများသည် ခြောက်သန်းနီးပါးရှိသည့် ဘိုးဘွားများအားလုံးကို အပြည့်အဝစောင့်ရှောက်ပေးနိုင်ခြင်း မရှိသေးပါ။ ဘိုးဘွားများသည်ရိပ်သာများ၌ နေထိုင်လျက်ရှိသကဲ့သို့ မိသားစုများနှင့်အတူလည်း နေထိုင်လျက်ရှိပါသည်။ ဤသို့မိသားစုများနှင့်အတူ နေထိုင်လျက်ရှိကြသည့် ဘိုးဘွားများတွင်လည်း သားထောက်သမီးခံရှိပြီး ပြည့်စုံသောဘိုးဘွား များရှိသလို ဆင်းရဲနွမ်းပါးချို့တဲ့သောဘိုးဘွားများလည်း အများအပြားရှိပါသည်။ ယင်းတို့အား ငွေကြေး၊ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို တစ်ဦးချင်းမှအစ လူမှုရေးအဖွဲ့အစည်းအသီးသီးတို့ အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

အားကစားဆိုင်ရာ ကြော်ငြာများအတွက် အခွင့်အလမ်း

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်နှင့်ဆေးဝါးများ၊ အခြားကုန်ပစ္စည်းကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း "လူမှုစီးပွားအားကစား" အထူးထုတ်တွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

ပြည်တွင်းသတင်း

မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၊ ဟီရိုရှီးမားမြို့နှင့် အိုဆာကာမြို့တို့ရှိ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီးပွားရေးစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများသို့ သွားရောက်လေ့လာခဲ့ပြီး စက်တင်ဘာ ၂၇ ရက်တွင် ပြန်လည်ရောက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက်တွင် တိုကျိုမြို့ရှိ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းနှင့် National Graduate Institute for Policy Studies (GRIPS)၊ ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း (Central Training Institute)၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (National Personnel Authority-NPA) တို့သို့လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ဟီရိုရှီးမားမြို့ရှိ ဒုတိယကမ္ဘာစစ်ကာလက အဏုမြူဗုံးဒဏ်သင့်ခံခဲ့ရသော ဟီရိုရှီးမားမြို့သူ မြို့သားများအတွက် တည်ဆောက်ထားရှိသည့် ငြိမ်းချမ်းရေး အထိမ်းအမှတ်မော်ကွန်းတိုင်၊ ဟီရိုရှီးမားမြို့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဏာပိုင်အဖွဲ့၊ လေ့ကျင့်ရေးသင်တန်းကျောင်း၊ စီမံကိန်းနှင့် လုပ်ငန်းညှိနှိုင်းဦးစီးဌာနတို့သို့လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် အိုဆာကာမြို့ရှိ Panasonic Corporation ရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် Konosuke Matsushita ပြတိုက်တို့သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

မြန်မာလေ့လာရေး ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ အရာထမ်း ၁၅ ဦးတို့လည်း ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးရထားသံလမ်းတံခါး အပိတ်အဖွင့်လေးတော့လုပ်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

ယာဉ်အန္တရာယ် အမျိုးမျိုးရှိသည့် အနက် မီးရထားယာဉ်၏ အန္တရာယ်သည်လည်း ကြုံတွေ့နိုင်တတ်ရာ တာဝန်ရှိသူများကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများကလည်း လိုက်နာဆောင်ရွက်ရန်နှင့် မီးရထားသံလမ်း ဖြတ်ကူးသည့်အခါ သတ်မှတ်သောနေရာများမှ သွားလာကြရန်ကိုလည်း ဘူတာများတွင် နှိုးဆော်စာများဖြင့် ကပ်ထားပြီးဖြစ်သည်။ သို့အတွက် ပြည်သူများကလည်း မီးရထားလမ်းရှိသည့် နေရာတိုင်းတွင် သတိရှိစွာ၊ စည်းကမ်းရှိစွာ၊ စည်းကမ်းလိုက်နာ ဘေးကင်းရာ၏ စကားအတိုင်း လိုက်နာကြရန် လိုပါသည်။

အင်းစိန်မြို့နယ် စုပေါင်းရုံးကြီး အနီး အောက်မင်္ဂလာဒုံ လမ်းမကြီးနှင့် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားဝန်ထမ်းအိမ်ရာသို့ ဖြတ်ကူးမည့် မီးရထား လူကူးလမ်းမကြီးသည် အဖွင့်အပိတ် တံခါးမရှိဖြစ်နေ၍ ခရီးသွားများအတွက် အန္တရာယ်များနှင့် ကြုံလာနိုင်သည်ကို ခရီးသွားရင်း မြင်ရသဖြင့် တာဝန်ရှိသူများက ခရီးသွားပြည်သူများအတွက် အဖွင့်အပိတ်တံခါးလေးတော့ ပြုလုပ်ပေးစေချင်ပါသည်။ **မြင့်ဦး(အင်းစိန်)**

ဘာသာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် လက်တွေ့အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၃၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ပူးပေါင်းမှုဖြင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုသည့် အလိုအလျောက် ကုန်ထုတ်စနစ်ဆိုင်ရာ နည်းပညာများ လေ့ကျင့်သင်ကြားမှုများ ကျယ်ပြန့်လာစေရန်အတွက် ဂျာမနီနိုင်ငံအခြေစိုက် Festo Didactic ကုမ္ပဏီနှင့် ၎င်း၏ မြန်မာနိုင်ငံ ကိုယ်စားလှယ်ဖြစ်သော Sea Lion ကုမ္ပဏီတို့ ပူးပေါင်းပြီး စက်တင်ဘာ ၂၇ ရက်တွင် အနာဂတ်ကိုရည်မျှော်သည့် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Symposium on Education and Training for the Future) ကိုလည်းကောင်း၊ အလိုအလျောက် စက်မှုကုန်ထုတ်စနစ်ဆိုင်ရာ လက်တွေ့အသုံးချ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Industrial Automation)ကို စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC) တွင်ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး စက်တင်ဘာ ၃၀ ရက်က ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် မဖြစ်မနေ ဆိုင်ကယ်ဖြင့်သွားရသည့် ကျေးရွာသူ ကျေးရွာသားများ ဆိုင်ကယ်ထမ်းသမားများကို တစ်စီးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့်ငှားရမ်း၍ ဖြတ်သန်းနေစဉ်။ ဌေးလှိုင်(ဝမ်းတွင်း)



မိန့်ခွန်း

■ ရှေ့ဖုံးမှ

ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ခေတ်ရဲ့ နိုင်ငံရေးအရှိတရားပဲ ဖြစ်ပါတယ်။

သမိုင်းဖြစ်ရပ်တွေကို အခြေခံတဲ့ လက်တွေ့သင်ခန်းစာတွေက ညွှန်ပြနေတဲ့အချက်တစ်ခုကတော့ တိုင်းရင်းသားများအားလုံးပါဝင်တဲ့ ခိုင်မာ၍ ရေရှည်တည်တံ့မည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ် ပိုင်ဆိုင်နိုင်ဖို့ဆိုရင် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းနဲ့ မလုံလောက်ဘဲ လက်နက်ကိုင်ပဋိပက္ခများရဲ့ ဇာစ်မြစ်ဖြစ်တဲ့ ပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းနိုင်ဖို့က အဓိကဖြစ်တယ်ဆိုသည့် အချက်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရလက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုအောင်မြင်ဖို့ စတင်စဉ်းစားတဲ့ကာလကတည်းက ရှေ့မှာပြောကြားခဲ့တဲ့ အရှိတရားတွေကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပြီး လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွေကို အစပြုခဲ့ပါတယ်။

ကျွန်တော်တို့အစိုးရသစ်စတင်ဖွဲ့စည်းပြီး မျှားမကြာမီမှာ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးစားပွဲဝိုင်းကို လာရောက်ဖို့ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမပါဘဲ စိတ်ရင်းစေတနာ သန့်သန့်ဖြင့် ဖိတ်ခေါ်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီဖိတ်ခေါ်ချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးက အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုများနဲ့ စတင်ခဲ့ပါတယ်။

လိုအပ်ချက်များစွာ၊ စိန်ခေါ်မှုများစွာကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ခဲ့ကြတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးရဲ့ မှန်ကန်တဲ့ စိတ်ရင်းစေတနာနဲ့ ကျော်လွှားပြီး ယနေ့ရရှိထားတဲ့ ဖြစ်ထွန်းမှုတွေကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွေကို အဆင့်ဆင့်အောင်မြင်စွာ ရေးထိုးနိုင်ခဲ့သည့်တိုင် မလွှဲမရှောင်နိုင်ခဲ့တဲ့ ထိတွေ့မှုများ ဖြစ်ပွားခြင်းများရှိသလို တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း အဆင့်ဆင့်ညှိနှိုင်းမှုများဖြင့် တိုက်ပွဲပေါင်းများစွာကို ရှောင်လွှဲနိုင်ခဲ့တဲ့ သာဓကများရှိတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ တိုက်ပွဲကြီး/ငယ်ဖြစ်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကိုလည်း ဆွေးနွေးညှိနှိုင်းမှုနည်းလမ်းများနဲ့ စစ်ရှိန်လျှော့ချနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီသာဓကတွေကိုကြည့်ရင် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် ပါဝင်ပတ်သက်သူအားလုံးအနေနဲ့ ငြိမ်းချမ်းရေးရရှိဖို့ ပြင်းပြတဲ့ဆန္ဒရှိကြတယ်ဆိုတဲ့ အချက်ရယ်၊ လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ စိတ်ရှည်ခြင်း၊ သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းတွေကို အခြေခံပြီး ညှိနှိုင်းမှုများကို ဖွဲ့သန်သန်ဖြင့် လုပ်ဆောင်နိုင်ခဲ့တယ်ဆိုတဲ့ အချက်နှစ်ချက်ကို တွေ့ရမှာပဲဖြစ်ပါတယ်။

လိုအပ်ချက်ပေါင်းများစွာနဲ့ အားနည်းချက်ပေါင်းများစွာရှိနေတဲ့ကြားက ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်အတွက် ကြိုးပမ်းအားထုတ်မှုများနဲ့ အဆင့်ဆင့်တက်လှမ်းနိုင်ခဲ့တဲ့ အောင်မြင်မှုများကို ချိန်ထိုးကြည့်မယ်ဆိုရင် တစ်ဖက်ကရှိနေတဲ့ လိုအပ်ချက်ပေါင်းများစွာနဲ့ အားနည်းချက်တွေထက် အောင်မြင်မှုများက များစွာကျော်လွန်တဲ့အတွက် ကျွန်တော်တို့နဲ့ ဆွေးနွေးဖက်များဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးရဲ့ ခေါင်းဆောင်များကို လည်းကောင်း၊ တပ်မတော်ကို လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို လည်းကောင်း ချီးကျူးဂုဏ်ပြုရမှာဖြစ်ပါတယ်။

လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ တိုးတက်မှုတွေအနက် ကျွန်တော့်အနေနဲ့ အားရမှုအရှိဆုံးရလဒ်ကတော့ မိမိတို့သဘောအလျောက် ပြည်ထောင်စုအတွင်း ပါဝင်ခြင်းဆိုတဲ့ အခြေခံမှုကို ထင်ဟပ်စေတဲ့ ပြည်ထောင်စုမှ ခွဲထွက်ခြင်း မပြုဆိုတဲ့ သဘောထားရပ်တည်ချက်များကို တိုင်းရင်းသားများအားလုံးက အခိုင်အမာ ဆုပ်ကိုင်ထားမှုပဲဖြစ်ပါတယ်။

အထက်ပါ ဖြစ်ထွန်းမှုတွေကြောင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုခိုင်မာစေဖို့အတွက် တစ်ပြည်လုံးအတိုင်းအတာအကျုံးဝင်သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို မကြာမီကာလများမှာ ရေးထိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းရပ်ဟာ တိုင်းရင်းသား အဖွဲ့အစည်းအသီးသီးနဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များရေးထိုးစဉ်က တောင်းဆိုထားတဲ့အချက်ကို အကောင်အထည်ဖော်ဖို့အတွက်ဖြစ်ပါတယ်။ အခုလိုရေးထိုးခြင်းဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းဖြင့် ရပ်တန့်ရန်ကြိုးပမ်းမှုမဟုတ်ဘဲ တိုင်းရင်းသား အဖွဲ့အစည်းအသီးသီးရဲ့ လိုလားချက်ဖြစ်တဲ့ မိမိတို့နိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကို အခြေခံဇာစ်မြစ်များမှ ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများ အစပြုနိုင်ရန်ဖြစ်ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုများအတွက် ပိုမိုခိုင်မာတဲ့ အာမခံချက်ရရှိစေဖို့ တစ်ပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးတာနဲ့ တစ်ပြိုင်နက် နိုင်ငံရေးဆွေးနွေးပွဲများအစပြုရန် လိုအပ်မယ့်ပြင်ဆင်မှုတွေဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင် (Political Dialogue Framework) များ ညှိနှိုင်းခြင်း၊ ရေးဆွဲခြင်းများကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ မူဘောင်ကိစ္စဆိုင်ရာ ညှိနှိုင်းမှုတွေကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးတို့ အဆင့်ဆင့်ညှိနှိုင်းရေးဆွဲ၍ သဘောတူညီမှုရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်များ သဘောတူညီချက်ရရှိပြီးတာနဲ့ နိုင်ငံရေးဆွေးနွေးပွဲများကို အစပြုပြီး တစ်ပြည်လုံးအတိုင်းအတာ လွှမ်းခြုံနိုင်တဲ့အမျိုးသားအဆင့်ငြိမ်းချမ်းရေးဆိုင်ရာ ညီလာခံတစ်ရပ်ကျင်းပရန် ဦးတည်ချက်ထား လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် ငြိမ်းချမ်းရေးဆိုင်ရာ ညီလာခံကျင်းပခြင်းနဲ့ ပတ်သက်တဲ့ကိစ္စရပ်တွေကို ဆွေးနွေးပွဲအဆင့်ဆင့်မှာ မည်သို့မည်ပုံ ကျင်းပမယ်၊ အချိန်ကာလမည်မျှ သတ်မှတ်ထားရှိမယ်၊ ကိုယ်စားလှယ်တွေ ဘယ်လိုရွေးချယ်မယ်၊ ဘယ်လိုကိစ္စရပ်တွေကို ဆွေးနွေးမယ်ဆိုတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆွေးနွေးညှိနှိုင်းမှုများအပေါ် အခြေခံ၍ ကျွန်တော့်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးကို အလျဉ်းသင့်သလို တင်ပြသွားမှာလည်းဖြစ်ပါတယ်။

ယခုလို ပြင်ဆင်ဆဲကာလမှာ နိုင်ငံတော်သမ္မတတစ်ဦးအနေဖြင့် ပြောကြားနိုင်တဲ့ သဘောထားနဲ့ရပ်တည်ချက်ကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့်အချက်များကို အခြေခံမူများအဖြစ်ခံယူပြီး အပြုသဘောဆောင်သည့် နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးခိုင်မာစေရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးမှုများအားလုံးကို တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုပြီး ကျွန်တော့်အနေနဲ့ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များနဲ့ စက်တင်ဘာလလယ်မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အားလုံးပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ဖြစ်ဖို့နဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ် ရှင်သန်ခိုင်မာစေဖို့ ကျွန်တော်တို့အနေနဲ့ အစဉ်ရှေးရှုလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်လို့ ထူးခြားမှုတစ်ရပ်ကတော့ ဒီနှစ် နိုင်ငံတကာငြိမ်းချမ်းရေးနေ့မှာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မြစ်ကြီးနားအစရှိတဲ့ မြို့ကြီးတွေမှာ ငြိမ်းချမ်းရေးပွဲတော်တွေကို ပြည်သူလူထုရဲ့အသံ၊ ဆန္ဒတွေကိုထင်ဟပ်ပြီး ဝိုင်းဝန်းကျင်းပခဲ့ကြတာပဲဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ငြိမ်းချမ်းရေးလိုချင်တဲ့ဆန္ဒ၊ အထူးသဖြင့် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရမယ့် လူငယ်တွေရဲ့ငြိမ်းချမ်းရေးကိုလိုလားတဲ့ ပြင်းပြတဲ့ဆန္ဒကနေ ပေါက်ဖွားလာတဲ့ တက်ကြွလှုပ်ရှားမှုတွေ၊ အနုပညာလှုပ်ရှားမှုတွေကို ကျွန်တော့်အနေနဲ့ အားရကျေနပ်မိပါတယ်။ ပြည်သူလူထုပါဝင်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အောင်မြင်မှုရရှိမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လာခဲ့တာမှာ ဒီမိုကရေစီနဲ့ ခွဲခြားလို့မရစကောင်းတဲ့ လွတ်လပ်ခွင့်ကိုလည်း ကြိုးစားအကောင်အထည်ဖော်ပေးခဲ့တာကို မိဘပြည်သူများအသိပင်ဖြစ်ပါတယ်။ လွတ်လပ်ခွင့်တွေထဲက တစ်ခုဖြစ်တဲ့ မီဒီယာလွတ်လပ်ခွင့်ကိုလည်း အရှေ့တောင်အာရှနိုင်ငံ အတော်များများထက်ပင်ရှေ့ရောက်နိုင်အောင် တိုးတက်ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ လွတ်လပ်ခွင့် ရှိလာတာနဲ့အမျှ တာဝန်ယူမှုလည်း ပိုမိုတိုးတက်လာဖို့လိုပါတယ်။ ဒါမှသာ ဘက်ညီမျှတတဲ့ လူ့ဘောင်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ယခုလို ဒီမိုကရေစီအတွက် မရှိမဖြစ်လိုအပ်တဲ့ မီဒီယာလွတ်လပ်ခွင့်ကို မျိုးစေ့ချဆောင်ရွက်နေတဲ့အချိန်မှာ မီဒီယာကျင့်ဝတ်၊ မီဒီယာစည်းကမ်းများကို လိုက်နာဖို့၊ အခြေအမြစ်မရှိတဲ့ သတင်းတွေ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ပုတ်ခတ်မှုတွေ ပြုလုပ်ခြင်းကို ရှောင်ရှားကြဖို့လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။ ယခုလို သမိုင်းဝင်၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမယ့် အချိန်အခါမျိုးမှာ မီဒီယာလွတ်လပ်ခွင့်ကို ခုတုံးလုပ်ပြီး ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာတွေ၊ မီဒီယာစည်းကမ်းနဲ့မညီတဲ့ အပြုအမူတွေကို မပြုလုပ်ကြဘဲ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လိုပါတယ်။

ကျွန်တော့်အနေနဲ့ ထပ်မံပြောကြားလိုတဲ့ အချက်တစ်ချက်ကတော့ ကျွန်တော်တို့အစိုးရအနေနဲ့ ဆောင်ရွက်အကောင်အထည်ဖော်နေတဲ့ ပြည်သူလူထုဗဟိုပြု အုပ်ချုပ်မှုဆိုင်ရာပြုပြင်ပြောင်းလဲရေးများနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့တာဝန်ယူမယ့် ကျန်ရှိတဲ့အချိန်တွေမှာ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ဖို့နဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်တဲ့နေရာမှာ ပြည်သူတွေရဲ့ လိုအင်တွေ၊ အင်အားတွေနဲ့ အစိုးရရဲ့ လုပ်ဆောင်မှုတွေကို ဟန်ချက်ညီညီ ပေါင်းစည်းနိုင်ဖို့အတွက် မြို့မိမြို့ဖတွေပါဝင်ဖွဲ့စည်းထားတဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေကို ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးတွေက ပြည်နယ်/တိုင်းဒေသကြီးအားလုံးကို ကွင်းဆင်းသွားရောက်ခဲ့ပြီး ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့သလို ပြည်သူလူထုရဲ့ နေ့စဉ်ဘဝဆိုင်ရာ လက်တွေ့ သတင်းအချက်အလက်တွေကို ရယူခဲ့ပါတယ်။ ဒီအချက်အလက်တွေအပေါ်အခြေခံပြီး နောင်ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲတဲ့အခါမှာ ပြည်သူတွေရဲ့ လက်တွေ့လိုအပ်ချက်၊ နိုင်ငံရဲ့လိုအပ်ချက်နဲ့ အမှန်တကယ်ကိုက်ညီစေမယ့် ဘတ်ဂျက်ကို ရေးဆွဲအတည်ပြုနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ပြည်သူလူထုပါဝင်တာနဲ့အမျှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ ပိုမိုမြန်ဆန်၊ ထိရောက်၊ အောင်မြင်လာမှာဖြစ်တဲ့အတွက် ဒီဖွဲ့စည်းထားတဲ့ ကော်မတီတွေမှာလည်း စိတ်အားထက်သန်စွာပါဝင်အကြံပြုတိုက်တွန်းကြဖို့ ကျွန်တော့်အနေနဲ့ ပန်ကြားလိုပါတယ်။

ယခုလမှာ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဖြစ်ထွန်းတိုးတက်မှုများ၊ သဘောထားရပ်တည်ချက်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြနိုင်တဲ့အတွက် အားရကျေနပ်မိသလို ကျွန်တော်တို့ငြိမ်းချမ်းရေးဖြစ်စဉ်ကို စိုးရိမ်စိတ်တွေ၊ သံသယတွေ၊ မယုံကြည်မှုတွေရှိနေရင်လည်း လုံလောက်တဲ့ ရှင်းလင်းမှုတွေဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ပတ်သက်လို့ ရှေ့မှာပြောကြားခဲ့တဲ့အတိုင်း ပါဝင်ပတ်သက်သူ အသီးသီးရဲ့ စိတ်ရင်းစေတနာကိုအခြေခံတဲ့ ယုံကြည်မှုဖြင့်သာ တည်ဆောက်ထားရတဲ့အတွက် အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုအသီးသီး၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ တပ်မတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးပါဝင်မှသာ ငြိမ်းချမ်းရေးတည်ဆောက်မှုမှာ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ ကျွန်တော်တို့ နိုင်ငံသားတစ်ဦးချင်းစီ ပူးပေါင်းပါဝင်တဲ့ အမျိုးသားရေးအင်အားစုတစ်ရပ် တည်ဆောက်နိုင်မယ်ဆိုပါက မိမိတို့အားလုံး ရယူပိုင်ဆိုင်လိုတဲ့ ခိုင်မာ၍ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိနိုင်မှာဖြစ်ကြောင်း အလေးထားပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တာဝန်ယူထားတဲ့ သက်တမ်းအတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာအောင် နောင်အနာဂတ်မျိုးဆက်တွေအတွက်ပါ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ဘဝတွေ ပိုင်ဆိုင်လာကြဖို့အတွက် ရေရာသေချာတဲ့အနာဂတ်တစ်ခုကို ရှေးရှုပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

နိုင်ငံတကာသတင်း



စစ်သွေးကြွအုပ်စုများနှင့် ဆွေးနွေးရန်မရှိဟု ဆီးရီးယားသမ္မတပြော

ဒမတ်စကတ် စက်တင်ဘာ ၃၀

ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်**(အပေါ်ပုံ)**က အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော စစ်သွေးကြွအုပ်စုများနှင့် စေ့စပ်ဆွေးနွေးမည့်ကိစ္စကို ပယ်ချလိုက်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အခြားဆီးရီးယားနိုင်ငံသားများအနေဖြင့် လက်နက်ချမည်ဆိုလျှင် ဆွေးနွေးရန်အသင့်ရှိကြောင်း အီတလီနိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် စက်တင်ဘာ ၂၉ ရက်က တွေ့ဆုံမေးမြန်းရာတွင် သမ္မတအာဆတ်က ပြောကြားလိုက်ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် အယ်လ်ခိုင်ဒါများ၊ ယင်းတို့နှင့်ဆက်နွယ်သော အုပ်စုများနှင့် မဆွေးနွေးနိုင်ကြောင်း၊ ဆီးရီးယားနိုင်ငံကို စစ်ရေးအရ ကျူးကျော်မည့်သူများနှင့်လည်း စေ့စပ်ဆွေးနွေးရန် အကြောင်းမရှိကြောင်း ၎င်းကပြောကြားသည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ ဆီးရီးယားနိုင်ငံအတွင်းမှ ဓာတုလက်နက်များ ဖယ်ရှားရန်လည်း ၎င်းက သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက စက်တင်ဘာ ၂၇ ရက်တွင် ဆီးရီးယားဓာတုလက်နက်များ ဖယ်ရှားရန်ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ချမှတ်လိုက်ပြီ ဖြစ်သည်။

ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ်ကစသော စစ်ပွဲကြောင့် လူပေါင်း ၁၀၀၀၀၀ ကျော်သေဆုံးပြီး သန်းပေါင်းများစွာသော ပြည်သူများ စစ်ဘေးမှ ထွက်ပြေးခဲ့ရသည်။ **(ပရက်တီဗွီ)**

ပိတ်ဆို့ထားမှုများ ရုပ်သိမ်းလျှင် နျူကလီးယား အရေးဆွေးနွေးသွားရန် အီရန်အသင့်ရှိ

တီဟီရန် စက်တင်ဘာ ၃၀

အီရန်နိုင်ငံအပေါ် အမေရိကန်နိုင်ငံက ပိတ်ဆို့မှုများရုပ်သိမ်းခဲ့လျှင် နျူကလီးယားစွမ်းအင်စီမံကိန်းများနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုများ စတင်သွားရန် အသေအချာပြင်ဆင်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗတ်တာရစ်က ပြောကြားကြောင်း ပရက်စ်တီဗီသတင်းတွင် စက်တင်ဘာ ၂၉ ရက်က ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားသမ္မတကို ဖယ်ရှားပစ်ရမည်ဟု အမေရိကန်လုံခြုံရေးအကြံပေးပြော

ဝါရှင်တန် စက်တင်ဘာ ၃၀

အိမ်ဖြူတော်အနေဖြင့် ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်ကို ဖြုတ်ချသင့်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးအရာရှိက ပြောကြားလိုက်သည်။ ဆီးရီးယားသမ္မတအား ရာထူးမှ ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း လုံခြုံရေးအကြံပေးအရာရှိဖြစ်သူ ဆန်ရှိုက်စ်က စီအင်န်အင်န်က ဆီးရီးယားဓာတု လက်နက်ကိစ္စနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံ၏ အနာဂတ်ကို သမ္မတအာဆတ် လက်ထဲသို့ ဆက်လက်မထားသင့်တော့ကြောင်း၊ ၎င်းဆက်လက်အုပ်ချုပ်ခြင်းဖြင့် ဆီးရီးယားနိုင်ငံမှာ ပိုမိုဆိုးရွားဖို့သာရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဆီးရီးယားဓာတုလက်နက်ဖြုတ်သိမ်းရေး ကုလသမဂ္ဂဆုံးဖြတ်ချက်သည် အာဆတ်အစိုးရကို ဟန့်တားနိုင်ခြင်းမရှိကြောင်းလည်း ၎င်းက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ဩစတြေးလျဝန်ကြီးချုပ် အင်ဒိုနီးရှားသို့ ပထမဆုံးပြည်ပခရီးထွက်ခွာ

ကင်ဘာရာ စက်တင်ဘာ ၃၀

ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တ်သည် ၎င်း၏ တင်းကျပ်သော ခိုလှုံနေထိုင်ရေး မူဝါဒများအပေါ် နှစ်နိုင်ငံတင်းမာနေသည့်ကြားမှ အင်ဒိုနီးရှားနိုင်ငံသို့အလည်ခရီးစတင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စတာအက်ဘော့တ်၏ အဆိုပါမူဝါဒသည် အင်ဒိုနီးရှားအချုပ်အခြာအာဏာကို ထိခိုက်စေကြောင်း ဂျကာတာက ပြောသည်။ ယခုလအစောပိုင်းက ရွေးကောက်တင်မြှောက်ခံရသော ဝန်ကြီးချုပ်အက်ဘော့တ်သည် ၎င်း၏အစီအစဉ်များကို ကာကွယ်ထားသည်။

လွန်ခဲ့သော သီတင်းပတ်က ဂျာဗားကမ်းလွန်၌ တရားမဝင်ခိုလှုံသူ သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ အနည်းဆုံး ၃၁ ဦး သေဆုံးခဲ့ရသည်။ မစ္စတာအက်ဘော့တ်သည် ဝန်ကြီးချုပ်ဖြစ်လာပြီး ပထမဆုံးပင်လယ်ရပ်ခြား တိုင်းတစ်ပါးခရီးအဖြစ် နှစ်ရက်ကြာ သွားရောက်စဉ် အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းနှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိသည်။

လိုက်ပါ

အဆိုပါ ခရီးမတိုင်မီ မစ္စတာအက်ဘော့တ်က ကုန်သွယ်ရေးအပါအဝင် အဓိကပြဿနာများကို ဖြေလျှော့သွားရန် ပြင်ဆင်ထားကြောင်း ပြောကြားသည်။ ၎င်းနှင့်အတူ ဩစတြေးလျစီးပွားရေး လုပ်ငန်းရှင် ၂၀ လည်း လိုက်ပါသွားသည်။ **(ဘီဘီစီ)**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါ၌ ကားဗုံးကွဲ၊ လူ ၄၀ သေဆုံး

ပက်ရှ်ဝါ စက်တင်ဘာ ၃၀

ပါကစ္စတန်နိုင်ငံ ပတ်ရှ်ဝါမြို့ ဈေးဟောင်းတစ်ခုအတွင်း လူစည်ကားသောလမ်းတွင် ကားဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ရာ လူ ၄၀ သေဆုံးခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားကြောင်း အေပီသတင်းတွင် စက်တင်ဘာ ၃၀ ရက်က ဖော်ပြသည်။

ယခုဗုံးပေါက်ကွဲမှုသည် ဒုက္ခသုက္ခထူပြောသော ပက်ရှ်ဝါမြို့တွင် သီတင်းတစ်ပတ်အတွင်း သုံးကြိမ်မြောက် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှု လက်သည်ကို ချက်ချင်းမပြောနိုင်သေးကြောင်း တာဝန်ရှိသူများက ဆိုသည်။

ယင်းပေါက်ကွဲမှုသည် **(အောက်ပုံ)** စက်တင်ဘာ ၂၉ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရပ်နားထားသော ကားတစ်စီးတွင် ဗုံးတပ်ဆင်ကာ အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိ ဇာဟစ်ခန်းက ပြောကြားသည်။

ပေါက်ကွဲမှုမှာ ဗလီဝတ်ကျောင်းနှင့်ရဲစခန်းတစ်ခုအနီးတွင် ဖြစ်ပွားပြီး အိမ်များနှင့် ဈေးဆိုင်ခန်းများ ပျက်စီးခဲ့သည်။ ကားများစွာလည်း မီးလောင်ပျက်စီးကြောင်း ရဲအဖွဲ့က ဆိုသည်။ သေဆုံးသူအနည်းဆုံး ၄၀ ရှိပြီး ၉၀ ဦး ဒဏ်ရာရကြောင်း သေကျေဒဏ်ရာရရှိသူများကို ပို့ဆောင်ထားသည့် လေဒီးရစ်ဒင်းဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **(အေပီ)**

နိုင်ရိုဘီဈေးစီးနင်းတိုက်ခိုက်မှု အဓိကတရားခံ ဗြိတိန်သူ ဆယ်မန်သာဖြစ်ကြောင်း ကင်ညာ ပြောကြား

နိုင်ရိုဘီ စက်တင်ဘာ ၃၀

နိုင်ရိုဘီမြို့ရှိ အဆင့်မြင့်ဈေးကြီး တိုက်ခိုက်ခံရမှုတွင် အဖြူရောင်မုဆိုးမဟု အမည်တွင်သော ဗြိတိန်သူ ဆယ်မန်သာမှာ အဓိကတရားခံဖြစ်ကြောင်း ကင်ညာလုံခြုံရေးတပ်ဖွဲ့က ပြောကြားကြောင်း ပရက်စ်တီဗွီသတင်းတွင် စက်တင်ဘာ ၃၀ ရက်က ဖော်ပြသည်။

ယင်းအသေအပျောက်များသော Westgate ဈေးကြီးစီးနင်းတိုက်ခိုက်ခံရမှုတွင် ဆယ်မန်သာသည် အစိတ်အပိုင်းအတော်များများက ပါဝင်နေကြောင်း ထောက်လှမ်းတွေ့ရှိရသည်ဟု ရဲသတင်းရင်းမြစ်က စက်တင်ဘာ ၂၉ ရက်က ပြောကြားသည်။ ထို့ပြင် မွမ်ဘာဆာမြို့တွင် ဆယ်မန်သာသည် ၎င်းအိမ်ဂေဟာကို ဗုံးလုပ်စခန်းသဖွယ် အသုံးပြုကြောင်း ကင်ညာအာဏာပိုင်များ ထောက်လှမ်း တွေ့ရှိချက်ကို စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့က အတည်ပြုသည့် လျှို့ဝှက်အဆင့်မှတ်တမ်းလည်းတစ်နေ့တည်း ထွက်ပေါ်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

အချုပ်အခြာအာဏာသည် ပြည်သူတို့၏ လက်ဝယ်မှာရှိပြီး ပြည်သူကသာလျှင် အာဏာ(၃)ရပ်၏ မူလပိုင်ရှင်ဖြစ်

စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တင်ပြသည့်စာတမ်း

၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တင်သွင်းသည့် စာတမ်းကို ကျွန်တော် ဦးနေဝင်းထွန်းမှ ဖတ်ကြားမှာဖြစ်ပါတယ်။

ဒီမိုကရေစီ၏ သဘောတရားကို နိုင်ငံရေးနယ်ပယ်တွင် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပါသည်။ အားလုံးသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ၏ ဦးတည်ချက်သည် **"ပြည်သူအာဏာပိုင်စိုးတဲ့ အုပ်ချုပ်ရေးစနစ်"** ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ လူ့အဖွဲ့အစည်းသည် ခေတ်စနစ်တွေအမျိုးမျိုးကို ဖြတ်သန်းလာခဲ့ပြီး ပြည်သူများအတွက် အကောင်းဆုံးဖြစ်စေမည့် အုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်၍ ဒီမိုကရေစီစနစ် ဖြစ်ထွန်းလာခြင်းဖြစ်ပါသည်။ ဒီမိုကရေစီသည် နိုင်ငံရေးစနစ်တစ်ခု ဖြစ်ပါသည်။

နိုင်ငံတို့၏ ဖြတ်သန်းလာသောသမိုင်းကြောင်းအရ အစိုးရတို့သည်လည်း ပုံသဏ္ဌာန်အမျိုးမျိုးနှင့် နိုင်ငံရေးစနစ်အမျိုးမျိုး တွေ့ရှိရပါသည်။ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကမ္ဘာပေါ်မှာ တွေ့မြင်နေရသော်လည်း ကမ္ဘာ့လူသားအများစု တောင့်တလိုလားလက်ခံသည်မှာ ဒီမိုကရေစီနိုင်ငံရေးစနစ် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီစနစ်သည် **ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်ခွင့်** ရသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် အချုပ်အခြာအာဏာသည် ပြည်သူတို့၏ လက်ဝယ်မှာရှိပြီး ပြည်သူကသာလျှင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတည်းဟူသော အာဏာ(၃)ရပ်၏ မူလပိုင်ရှင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဂရိမြို့ပြနိုင်ငံများခေတ် ဘီစီ-၅ ရာစုလောက်တွင် ဒီမိုကရေစီစနစ် စတင်ပေါ်ပေါက်လာခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရတွေ့ရှိရပြီး ဂရိမြို့ပြနိုင်ငံများတွင် အရွယ်ရောက်ပြီးသောနိုင်ငံသားများ နေရာတစ်နေရာတွင် စုဝေးတက်ရောက်ပြီး လူထုစည်းဝေးပွဲကြီးများပြုလုပ်ကာ နိုင်ငံတော်၏ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း၊ ဥပဒေများပြဋ္ဌာန်းခြင်း၊ အစိုးရ၏တာဝန်များ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြရာမှ ကောင်းမွန်သည့်စနစ်၊ ပြည်သူ့အကျိုးကို ပြည်သူများကိုယ်တိုင် ဖန်တီးဖော်ဆောင်ခွင့်ရရှိသည့်အတွက် ကမ္ဘာ၏အခြားသော နိုင်ငံအများစုက ယနေ့တိုင် ဆက်ခံကျင့်သုံးလာကြခြင်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် ဒီမိုကရေစီကို "The Government Of The People, By The People, For The People" **"ပြည်သူတို့အတွက် ပြည်သူတို့က ရွေးချယ်သည့် ပြည်သူ့အစိုးရ"**ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုလာပါသည်။ စကားလုံး၏ အနက်အဓိပ္ပာယ် ပြောင်မြောက်သကဲ့သို့ စနစ်၏အနှစ်သာရလည်း ကောင်းမွန်မြင့်မြတ်လှပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ခေတ်စနစ်၏ တောင်းဆိုချက်အရ ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲပြီး အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)-

ပုဒ်မ-၄ ၌ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်။

ပုဒ်မ-၇ ၌ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည် ဟု အတိအလင်းပြဋ္ဌာန်းထားရှိသော ဒီမိုကရေစီနိုင်ငံ ဖြစ်လာပါသည်။

နိုင်ငံတော်အစိုးရကို ပြည်သူများက ပြည်သူများထဲကမှ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွတ်လပ်သော မဲဆန္ဒဖြင့်ရွေးချယ်ပြီး ပြည်သူ့ကိုယ်စားလှယ်များအဖြစ် တင်မြှောက်ခဲ့ကြပါသည်။

နိုင်ငံတော်သည် နိုင်ငံတော်၏အာဏာကို ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာဟူ၍ အာဏာ(၃)ရပ် ခွဲဝေကျင့်သုံးပြီး ယင်းအာဏာ(၃)ရပ်ကို Check & Balance (အချင်းချင်း အပြန်အလှန် ထိန်းကျောင်းမှု)ဖြင့် ပြည်သူကို အကောင်းဆုံးအကျိုးပြုနိုင်ရန် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် လွှတ်တော် (၂)ရပ်မှ ခေတ်နှင့်မလျော်ညီတော့သော ဥပဒေများကို ခေတ်နှင့်လျော်ညီသော ဥပဒေများအဖြစ် ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းများကို ပြည်သူ့ကိုယ်စားလှယ်များက ဆောင်ရွက်ခြင်းအားဖြင့် ဒီမိုကရေစီရဲ့ အနှစ်သာရကို ယနေ့ ဖော်ဆောင်လျက်ရှိနေပါသည်။

ခေတ်ပြောင်း၊ စနစ်ပြောင်းကာလတွင် ခေတ်စနစ်နှင့်လျော်ညီသော ဥပဒေများ၊ ပြည်သူများကို ကယ်တင်ရာရောက်သော၊ တိုင်းပြုပြည်ပြုဖြစ်စေသော ဥပဒေများကို နိုင်ငံတော်အတွက် ရေးဆွဲပြဋ္ဌာန်းပြီး တိုင်းရင်းသားပြည်သူတို့ကို အကျိုးပြုကြရမည် ဖြစ်ပါသည်။

ဥပဒေပြုရေးအာဏာကို လွှတ်တော်များက ကျင့်သုံး၍ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်က ကျင့်သုံးပြီး အုပ်ချုပ်ရေးအာဏာကိုမူ စီမံခန့်ခွဲရေးအတွက် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံတော်အဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်း၍ စီမံခန့်ခွဲ အုပ်ချုပ်ဆောင်ရွက်လျက်ရှိကြပါသည်။ ယင်းသို့ အသီးသီးတာဝန်ယူဆောင်ရွက်မှုများကို အပြန်အလှန် ထိန်းကျောင်းမှုနှင့် ဟန်ချက်ညီညီ ဆောင်ရွက်လျက် ရှိကြပါသည်။

ဒီမိုကရေစီစနစ်တွင် ပြည်သူတို့၏ အကျိုးစီးပွားသာ အဓိကဖြစ်ပါသည်။ နိုင်ငံတော်၏ အာဏာ(၃)ရပ်လုံးသည် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင် ကာကွယ်စောင့်ရှောက်ရမည်သာ ဖြစ်ပါသည်။

အဓိကအားဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ထိထိရောက်ရောက် ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံကို ဆင်းရဲသောနိုင်ငံ၊ ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံများစာရင်းကနေ ပယ်ဖျက်ပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာစေရန် အားသွန်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတိုးတက်မှုနှုန်းကို ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုရသည့်အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ နိုင်ငံတော်သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ပီပြင်စွာဖြစ်ပေါ်လာရေးတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတွင် တာဝန်အသီးသီးရှိကြပါသည်။ တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းရေးကို တည်ဆောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲညီညီ ဆောင်ရွက်သွားခြင်းဖြင့် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

ဒီမိုကရေစီနိုင်ငံများနှင့် ဒီမိုကရေစီအစိုးရများသည် ပြည်သူသာပဓာနဝါဒဖြင့် ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အစဉ်ရှေးရှုလျက် ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ပြည်သူတို့၏ ပညာရေးတိုးတက်မှု၊ ပြည်သူတို့၏ အသက်အိုးအိမ်လုံခြုံရေး၊ ပြည်သူတို့၏ စီးပွားရေးလုပ်ငန်းများ လုံခြုံရေးနှင့် ပြည်သူများလွတ်လပ်စွာ အရှိန်အဟုန်ဖြင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို သယ်ပိုးထမ်းရွက်လျက်ရှိသကဲ့သို့ ကျွန်တော်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သော ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံးအတွက် အခြေခံကျကျ အကောင်းဆုံးစဉ်းစားသုံးသပ်ပြီး အားကိုးအားထားနိုင်သည့် ကာကွယ်စောင့်ရှောက်နိုင်သည့်၊ အေးချမ်းစည်းလုံးညီညွတ်နိုင်သည့်၊ ပြည်ထောင်စုကြီး ကြွယ်ဝချမ်းသာနိုင်ရန် ကောင်းမွန်လေးစားစွာအမှီသဟဲပြုနိုင်သော ဥပဒေများပြုပေးနိုင်ပြီး ကောင်းမွန်ဖြောင့်တန်းသော ဒီမိုကရေစီကျင့်စဉ်၊ လမ်းစဉ် စနစ်ကောင်း၊ ညီညွတ်သော ခွန်အားကောင်းဥပဒေတို့ဖြင့် ခေတ်ပြောင်းချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင် အောင်မြင်စွာ ဂုဏ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။ ။

အိန္ဒိယဝန်ကြီးချုပ်နေရာကို စိန်ခေါ်မယ့် အတိုက်အခံ

မောင်နွေသစ်

အိန္ဒိယနိုင်ငံရဲ့ လာမယ့်ဝန်ကြီးချုပ်နေရာကို အဓိကအတိုက်အခံပါတီက မျှော်လင့်ထားပါတယ်။ အတိုက်အခံခေါင်းဆောင် နာရင်ဒနာမိုဒီက သူ့အနေနဲ့ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမှာ လက်ရှိဝန်ကြီးချုပ် မန်မိုဟန်ဆင်းကို အနိုင်ရမယ်ဆိုရင် အစိုးရအနေနဲ့ အကျင့်ပျက်ခြစားမှု လုံးဝပပျောက်ဖို့ အမြစ်ပြတ်ချေမှုန်းသွားဖို့ သန္နိဋ္ဌာန်ချထားတယ်လို့ ဆိုပါတယ်။



လက်ယာဘရာတီယာဂျနားတာပါတီခေါင်းဆောင် မိုဒီကနယူးဒေလီမြို့မှာကျင်းပတဲ့ လှုံ့ဆော်ရေးအခမ်းအနား **(ယာပုံ)**မှာ ထောင်ပေါင်းများစွာသော ပရိသတ်ကြီးကို စည်းရုံးမိန့်ခွန်းခြွေရာမှာ ပြောဆိုလိုက်တာ ဖြစ်ပါတယ်။ မစ္စတာမန်မိုဟန်ဆင်းရဲ့ ကွန်ဂရက်ပါတီဦးဆောင်တဲ့ ညွန့်ပေါင်းအစိုးရဟာ အိန္ဒိယနိုင်ငံကို တိုးတက်အောင် စွမ်းဆောင်နိုင်မှု အားနည်းတယ်လို့လည်း သူက အပြစ်ဖို့ပြောဆိုလိုက်ပါတယ်။ ညွန့်ပေါင်းအစိုးရဟာ အကျင့်ပျက်လာဘ်စားမှုအပေါ် အရှုံးစွဲသွားပြီလို့လည်း သူကဆိုပါတယ်။ အိန္ဒိယနိုင်ငံဟာ ပြည်သူတွေလိုလားနေတဲ့ အိပ်မက်အစိုးရတစ်ရပ် လိုအပ်နေပါပြီ။ ဒါပေမယ့် ၂၀၁၄ ခုနှစ်မှာတော့ သန့်ရှင်းတဲ့အစိုးရဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲကာလမှာ ဆုံးဖြတ်ချက်ချရတော့မှာပါလို့ သူကဆိုပါတယ်။

အိန္ဒိယနိုင်ငံသမိုင်းမှာ အစိုးရဝန်ကြီးအချို့ နုတ်ထွက်ခဲ့ရတာကို ကြည့်ခြင်းအားဖြင့် မန်မိုဟန်ဆင်းရဲ့ အစိုးရဟာ အကျင့်ပျက်ခြစားမှုတွေရှိခဲ့တာ အထင်အရှားပါပဲလို့ ဝေဖန်သူတွေက ထောက်ပြပြောဆိုကြတာတွေလည်း ရှိပါတယ်။ လက်ရှိဝန်ကြီးချုပ်ရဲ့အစိုးရဟာ ပါကစ္စတန်နဲ့ ဖြစ်ပွားတဲ့ နယ်စပ်ပြဿနာမှာလည်း ကိုင်တွယ်ဖြေရှင်းနိုင်မှု အားနည်းကြောင်းလည်း ဘီဂျေပီပါတီက ထောက်ပြပြောဆိုခဲ့တာလည်းရှိပါတယ်။ ဟိန္ဒူဘာသာဝင်တစ်ဦးဖြစ်တဲ့ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းဟာ လာမယ့်ရွေးကောက်ပွဲမှာ သန်းပေါင်းများစွာသော မွတ်စလင်တွေ ရဲ့ ထောက်ခံမဲပေးခြင်းကို ဆုံးရှုံးနိုင်တယ်လို့ သူကပြောပါတယ်။ သို့သော်လည်း မစ္စတာမိုဒီက ၂၀၀၂ ခုနှစ်က အဓိကရုဏ်းတွင် လူပေါင်း ၁၀၀၀ ကျော် သေဆုံးမှု၌ ပါဝင်ပတ်သက်ခဲ့သည်ဆိုခြင်းအပေါ် ငြင်းဆိုထားပါတယ်။ ဒီကိစ္စအတွက် တောင်းပန်သွားမှာ မဟုတ်ဘူးလို့လည်း သူကဆိုပါတယ်။ သူဟာ ဘီဂျေပီပါတီက အိန္ဒိယဝန်ကြီးချုပ်အဖြစ် လျာထားရွေးချယ်ခံထားရသူ ဖြစ်ပါတယ်။ အကယ်၍သာ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမှာ ဘီဂျေပီပါတီ အနိုင်ရသွားမယ်ဆိုရင်တော့ သူဟာ လက်ရှိဝန်ကြီးချုပ် မန်မိုဟန်ဆင်းရဲ့နေရာကို ဆက်ခံသူဖြစ်လာမှာ ဖြစ်ပါတယ်။

ဥရောပအာကာသအေဂျင်စီမှ ကမ္ဘာဂြိုဟ်အား အနီးကပ်လေ့လာနေ

ကမ္ဘာမြေ၏ အနီးကပ်အကွာအဝေးမှနေ၍ အပြတ်သားဆုံးမြင်တွေ့နိုင်သည့် သုံးဖက်မြင်ဓာတ်ပုံများကို ရယူနိုင်ရေးအတွက် ဥရောပ အာကာသအေဂျင်စီမှ လွှတ်တင်ထားသော ဂြိုဟ်တုသုံးလုံးဖြင့် ပုံရိပ်များ ရယူနေပြီဖြစ်သည်။

ကမ္ဘာဂြိုဟ်အနီး လေးကီလိုမီတာအကွာအဝေးအထိ ချဉ်းကပ်ကာ ပုံရိပ်များ ရယူလျက်ရှိရာ ကမ္ဘာဂြိုဟ်၏ အစိတ်အပိုင်းလိုက် ကြည်လင်ပြတ်သားစွာလေ့လာနိုင်သည့် အကောင်းဆုံး ဓာတ်ပုံများကို သုံးဖက်မြင် အနေအထားဖြင့် တွေ့ရှိရမည်ဖြစ်သည်။

ယခုကဲ့သို့ ကမ္ဘာဂြိုဟ်အနီးသို့ ဂြိုဟ်တုများချဉ်းကပ်ကာ သုံးဖက်မြင်ဓာတ်ပုံများရယူခြင်းသည် ကမ္ဘာဂြိုဟ်ပေါ်တွင် ဘူမိအနေအထား ဖွဲ့စည်းဖြစ်တည်နေမှု၊ အခြေအနေ အချိန်အခါလိုက် ပြောင်းလဲနေမှု၊ လျှင်နှင့် ဆူနာမီလှိုင်းကြီးများ ဖြစ်ပေါ်နိုင်မှု၊ သက်ရှိမျိုးစိတ်များ၏ အနေအထား၊ ရာသီဥတု ပြောင်းလဲဖြစ်ပေါ်မှုနှင့် အကျိုးသက်ရောက်မှုများကို သုတေသနပညာရှင်များက အသေးစိတ်လေ့လာနိုင်မည် ဖြစ်သည်။

ကမ္ဘာဂြိုဟ်အနီးသို့ ချဉ်းကပ်နိုင်သမျှ ချဉ်းကပ်ကာ ကမ္ဘာ့အပေါ်ယံလွှာလေထု၏ ပြောင်းလဲဖွဲ့စည်းဖြစ်ပေါ်မှု၊ ပင်လယ်သမုဒ္ဒရာတို့၏ အခြေအနေများကိုလည်း အသေးစိတ်ရှုထောင့်အမျိုးမျိုးမှ သုံးသပ်နိုင်မည်ဖြစ်သည်။

ထို့အပြင် ကမ္ဘာမြေလုံခြုံရေးနှင့် ကမ္ဘာသို့ ရုတ်တရက်ကျဆင်းလာနိုင်သည့် ဥက္ကာခဲများကိုလည်း လေ့လာမှတ်တမ်းတင်နိုင်မည် ဖြစ်သည်။

အာကာဟိန်း

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မန္တလေးရောက် သတင်းထောက်များ

ဦးဟန်ညွန့်(ဥပဒေ)

မန္တလေးသို့

မန္တလေးသို့ ရောက်ခဲ့သည်။ စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ဖြစ်သည်။ အထက်မြန်မာပြည် မြို့နယ်သတင်းထောက်များ အရည်အသွေး မြှင့်တင်ရေး ရက်တိုမွမ်းမံသင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။ စာနယ်ဇင်း သမားများနှင့် ဆက်နွှယ်သော ဥပဒေများပို့ချရန် စာရေးသူအား မေတ္တာရပ်ခံ တာဝန်ပေးလာပါသည်။ အထက်မြန်မာပြည် မြို့နယ်သတင်းထောက်များ စုံစုံညီညီ မန္တလေးသို့လာကြသည်။

ရက်တိုမွမ်းမံ

သင်တန်းက ရက်တိုသည်။ သုံးရက်မျှသာ အချိန်ရသည်။ မွမ်းမံသည့် သဘောဖြစ်သည်။ သို့သော် ဆွေးနွေးရသည့် ဘာသာရပ်များက နည်းသည်ဟု မဆိုနိုင်။ စာနယ်ဇင်းသမားနှင့် ဆက်နွှယ်သော ဥပဒေများ၊ စာနယ်ဇင်း ကျင့်ဝတ်၊ သတင်းမီဒီယာဥပဒေမူကြမ်း၊ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်း၊ ဆွေးနွေးခြင်း စသည့် ဘာသာရပ်များဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက တာဝန်ယူဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ရန်ကုန်၊ နေပြည်တော်

ရန်ကုန်တွင်လည်း မန္တလေးနည်းတူ သင်တန်းဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ နေပြည်တော် ပျဉ်းမနားတွင် မကြာမီဖွင့်ဦးမည်။ တစ်ပြည်လုံး အနယ်နယ် အရပ်ရပ်က သတင်းထောက်များအတွက် အဘက်ဘက်က တိုးတက်အောင် ကြံဆောင်ခြင်းဖြစ်သည်။ ယနေ့ခေတ်သစ်တွင် စိတ်သစ် လူသစ် မူသစ်ဖြင့် သတင်းထောက်များ၏ အရည်အသွေးများ မြင့်မားစေလိုခြင်းဖြစ်သည်။ သတင်းစာပညာသာမက စာပေဗဟုသုတ၊ ဥပဒေပညာ၊ အသိဉာဏ်ဖွံ့ဖြိုးဖို့ ရည်ရွယ်သည်။

အမှားမကင်းနိုင်

နေ့စဉ်ထုတ် သတင်းစာများတွင် သတင်းထောက်များက သတင်းရေးသားကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ပြည်သူ့အတွက် မြန်မြန်သတင်းထုတ်ပြန်ကြသည်။ မြန်ရုံသာမက မှန်အောင်လည်း ကြိုးပမ်းကြရသည်။ သတင်းစာတစ်စောင်ကို ဖတ်ရသည်မှာ လွယ်သည်။ ဖတ်နိုင်အောင် ထုတ်လုပ်ဖို့ ခက်သည်။ အချိန်ပေးရသည်။ အဆင့်ဆင့် တာဝန်ခံရသည်။ အကောင်းအဆိုးယှဉ်တွဲနေသည်။ အမှားမကင်းနိုင်၊ တစ်ခါတစ်ရံ သတင်းထောက်များ ခမျာ အမှုအခင်းနှင့် ရင်ဆိုင်ကြရသည်။ တရားလိုဖြစ်တာက နည်းနည်း၊ တရားခံဖြစ်တာက များတတ်သည်။ တရားရုံးရောက်ရသည်။ အမှုရင်ဆိုင်ရတတ်သည်။ သင်တန်းမှတ်စုများ တင်ပြပါရစေ။

တရားဥပဒေ

သတင်းထောက်များ၏ အမှားမှာ စေတနာအမှားလား။ ဝေဒနာအမှားလား ပိုင်းခြားသင့်သည်။ သို့သော်ပိုင်းခြားရန်မှာ တရားဥပဒေနှင့်အညီသာ ဖြစ်ရမည်။ တရားဥပဒေကို အခြေခံရသည်။ စာနယ်ဇင်းကျင့်ဝတ်၊ စာနယ်ဇင်းနှင့်ဆက်နွှယ်သော ဥပဒေများကိုလေ့လာမှ သိထားမှ ဖြစ်မည်။ မသိသေးလျှင်သိအောင်၊ မတတ်သေးလျှင် တတ်အောင် လေ့လာကြရမည်။ သင်ယူကြရမည်။ သို့ဖြစ်၍ ယခုလို ရက်တိုမွမ်းမံသင်တန်းများ ဖွင့်ရခြင်းဖြစ်သည်။ သင်တန်းတက်ရောက်ရန်လိုခြင်းဖြစ်သည်။

တရားရုံးများအား မထီမဲ့မြင်ပြုမှု

တရားသူကြီးကအမိန့်မချမီ စကားဦးသန်းပြီး သတင်းရေးခြင်းမျိုး၊ ဘောင်ကျော်ခြင်းမျိုးမပြုရ။ ဥပဒေနှင့်အညီသာလိုက်နာရသည်။ စာရွက်စာတမ်း ရိုက်နှိပ်ဝေငှခြင်းကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရသည်။ ပုံနှိပ်ထုတ်ဝေသူ၊ အယ်ဒီတာများ သတိထားစရာတွေ၊ ဥပဒေတွေ၊ ကျင့်ဝတ်တွေ များလှပေသည်။

အသရေဖျက်မှု

အသရေဖျက်မှုကိုလည်း သတိပြုရန်လိုသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ ကို သိသင့်သည်။ လေ့လာသင့်သည်။ ဥပမာများနှင့်တကွ ဖတ်ရှုသင့်သည်။

ပြည်သူ့ဝန်ထမ်းအပေါ် ဝေဖန်ခြင်း

ရိုးသားဖြောင့်မတ်၊ တည်ကြည်သော ပြည်သူ့ဝန်ထမ်းများ အများအပြားရှိပါ၏။ သို့သော် မရိုးသားသော၊ မဖြောင့်မတ်သော၊ မတည်ကြည်သော ဝန်ထမ်းများလည်းရှိသည်။ မလျော်သောပြုမူမှုအတွက် သဘောရိုးနှင့် ဝေဖန်နိုင်ပါ၏။ ဝေဖန်ချက်သည် မှန်ကန်ဖို့တော့လိုပါ၏။

သဘောရိုး

ဘာပဲလုပ်လုပ်။ သဘောရိုး ရှိသင့်သည်။ ရှိရမည်။ သဘောရိုးဖြစ်ကြောင်း ထင်ရှားရမည်။ ဥပဒေက သဘောရိုး၊ မရိုး စိစစ်ပါမည်။ သဘောရိုးမှန်လျှင် ကင်းလွတ်ခွင့်ရမည်။

သတင်းမီဒီယာဥပဒေကြမ်း

သတင်းမီဒီယာဥပဒေကြမ်း ထုတ်ပြန်ထားသည်။ သတင်းစာများတွင် အကြံပြုနိုင်ရန် ဖော်ပြပြီးဖြစ်သည်။ ဆွေးနွေးပွဲများတွင်လည်း တင်ပြခဲ့ပြီးဖြစ်သည်။ အများပြည်သူလေ့လာကြပါ။ အထူးသဖြင့် စာနယ်ဇင်းသမားများ ဖတ်ကြပါ။ မှတ်ကြပါ။ အကြံပေးကြပါ။ ဥပဒေမပြဋ္ဌာန်းမီ ဝေဖန်ထောက်ပြကြပါ။ အကျိုးအကြောင်းတော့ ခိုင်လုံပါစေ။ နိုင်ငံတကာစံနှင့်လည်း ညီညွတ်လျှင် ပို၍ကောင်းမည်။ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း ဥပဒေမူကြမ်းကိုလည်း ယှဉ်တွဲလေ့လာသင့်သည်။ အကြံပြုသင့်သည်။

လွတ်လပ်မှုနှင့်တာဝန်ခံမှု

လွတ်လပ်မှုရှိရမည်။ တာဝန်ခံမှုနှင့်ယှဉ်တွဲပါ။ လွတ်လပ်ရုံနှင့် ပြည့်စုံပြီလား။ တာဝန်မခံဘူးလား။ တာဝန်မယူဘူးလား၊ လွတ်လပ်မှုကို လူတိုင်းမြတ်နိုးသည်။ မှန်သည်။ လွတ်လပ်မှုအတွက် တာဝန်ခံမှုရှိပါမှ စိတ်အေးရမည်။ အထိန်းအကွပ်ဖြစ်မည်။ စည်းလွတ်၊ ဘောင်လွတ်မဖြစ်သင့်။ စဉ်းစား သုံးသပ်သင့်။

မျက်နှာစုံညီတွေ့ရသည်

အထက်မြန်မာပြည်(မန္တလေး)တွင် သတင်းထောက်များအား မျက်နှာစုံညီ တွေ့ရသည်။ သတင်းစာထဲတွင် အမည်နာမ၊ နံပါတ်ဖြင့်သာ စာတွေဖတ်ရသည်။ ယခုတော့ မွမ်းမံသင်တန်းတွင် လူကိုယ်တိုင်တွေ့ရသည်။ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီး၊ အမရပူရ၊ ပြင်ဦးလွင်၊ တံတားဦး၊ မြစ်ငယ်၊ မြစ်သား၊ နေပြည်တော် ပျဉ်းမနား၊ မုံရွာ၊ ဆားလင်းကြီး၊ မူဆယ်၊ လားရှိုး၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မလှိုင်၊ စစ်ကိုင်း၊ ရွှေဘို၊ မြင်းခြံ၊ ငါန်းဇွန်၊ နွားထိုးကြီး၊ ကသာ၊ မကွေး၊ ဝမ်းတွင်း၊ စဉ့်ကူး၊ မတ္တရာ၊ သရက်၊ စဉ့်ကိုင်၊ ကျောက်မဲ၊ နောင်ချို၊ တမူး၊ ကလေး၊ ရေစကြို၊ ရွှေကူ (ကချင်)၊ နမ့်ခမ်းနှင့် မိုးကုတ်မြို့များမှ သတင်းထောက်များ၊ ပြန်/ဆက် ဝန်ထမ်းများ၊ သတင်းနှင့် ဆက်နွှယ်သူများ အားရဖွယ်။

တင်ပြချက်၊ ဆွေးနွေးချက်

သင်တန်းသား၊ သင်တန်းသူသတင်းထောက်များ၏ တင်ပြချက်၊ ဆွေးနွေးချက်၊ ဝေဖန်ချက်၊ အကြံပြုချက်များကို အချိန်တိုသည့်ကြားက ကြားရသည်။ မြင်ရသည်။ စာရွက်စာတမ်းအကြံပြုချက်များဖြင့် ရေးပေးကြသည်။ မကြာခဏ ယခုလို တာဝန်ရှိသူတွေနှင့် တွေ့ချင်သည်။ ဆုံချင်သည်။ အပြန်အလှန်၊ အခက်အခဲများရှင်းလိုကြသည်။ အလုပ်သဘော ပြောချင်ကြသည်။ အခါအခွင့်သင့်အောင် ဖန်တီးပေးခြင်းဖြစ်သည်။ သတင်းစာလောက မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။ အများပြည်သူဝန်ဆောင်မှု ဖော်ထုတ်သက်သေပြခြင်းလည်းဖြစ်သည်။

မျိုးဆက်သစ်များပွားများပါစေ

သင်တန်းတွင် အသက်ကြီးသူ သတင်းထောက်ကြီးများပါသလို မျိုးဆက်သစ် သက်ငယ်သတင်းထောက် လူငယ်လေးတွလည်းပါသည်။ သတင်းထောက်မျိုးဆက်သစ်များပြားအောင် ကြိုးပမ်းကြရမည်။ မွေးထုတ်ပေးကြရမည်။ မြန်မာမှ ကမ္ဘာသို့တိုင် နိုင်ငံတကာသတင်းနယ်ပယ်ချဲ့ထွင် ကြရဦးမည်။ သတင်းဖလှယ်ကြရမည့် တာဝန်ရှိသေးသည်။

သတင်းထောက်ကြီးများ၏အမွေ

မန္တလေးသတင်းထောက်ကြီးများ၏ ကောင်းသောအမွေကို လူငယ်တွေ (မျိုးဆက်သစ်သတင်းထောက်တွေ) ရကြပေမည်။ သတင်းစာဆရာ၊ စာရေးဆရာ လူထုဦးလှ အစပြု၍ ကွယ်လွန်ရှာပြီးသော သတင်းထောက်ကြီးများ၏ မှတ်တမ်း၊ စာအုပ်စာတမ်းများ၊ သတင်းစာများ၊ ခေတ်အဆက်ဆက်တိုးတက်ပြောင်းလဲမှုစသည်များကို သင်တန်းဆရာကြီး ဦးရွှေ(ရွှေရိုး၊ မန္တလေး)၊ သတင်းစာဆရာ စိန်လှိုင်ဗိုလ်(ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း ဥက္ကဋ္ဌ)တို့က ပို့ချကြသည်။ မြန်မာ့အလင်းစာတည်းမှူးချုပ် ဦးအောင်နိုင်ဦးကလည်း စာနယ်ဇင်းကျင့်ဝတ်၊ လုပ်ငန်းဆောင်ရွက်ပုံစည်းမျဉ်းများ ရှင်းလင်းတင်ပြသည်။ အလားတူပါပဲ။

ရန်ကုန်သင်တန်းတွင် ကြေးမုံစာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင် အမှူးပြု၍ သတင်းစာလောက၊ ကျင့်ဝတ်များနှင့်သိကောင်းစရာများ ဆွေးနွေးခဲ့ကြသည်။ သင်တန်းများနှင့်သိကောင်းစရာများ ဆွေးနွေးခဲ့ကြသည်။ သင်တန်းဆရာများ၏ အတွေ့အကြုံဗဟုသုတများဝေငှခဲ့ပြီးလည်း ဖြစ်သည်။

စာပေရေချမ်းစင်

မန္တလေးသတင်းထောက်သင်တန်းတွင် "အားဖြည့်မှုတစ်ရပ်"တွေ့ရသေးသည်။ စာပေရေချမ်းစင်ထားရှိပေးခြင်းဖြစ်သည်။ ဘူတာရုံ၊ ကားဂိတ်များ၊ လူစည်ကားရာ နေရာများတွင် Mini Book Corner ၁၂၅ ခု ဖွင့်လှစ်ထားသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ အတ္ထုပ္ပတ္တိစသည့်ပညာရပ် ၁၂ မျိုးနှင့် သက်ဆိုင်သည့် စာအုပ်များတင်ထားသည်။ ပေါ့ပေါ့ပါးပါးလေ့လာဖတ်ရှုနိုင်သည်။ အများပြည်သူနှစ်သက်သည်။ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးကျော်သန်းထွန်းနှင့် ကိုယ်ပွားသတင်းစာတိုက် စာတည်းမှူး ဦးညွန့်ဇော်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများက အကူအညီပေးကြသည်။ အများပြည်သူဝန်ဆောင်မှုဆောင်ရွက်ကြသည်။ ပြန်ကြားရေးဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် မြို့နယ်သတင်းထောက်များနှင့် စကားလက်ဆုံကျနေသည်။ အခက်အခဲများကို မေးမြန်းနေသည်။ ပြန်/ဆက်ဌာန၊ စာပေဗိမာန်စာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုနေသည်ကို စာရေးသူတွေ့မြင်ရသည်။

ပုဂ္ဂလိကအခန်းကဏ္ဍ

နိုင်ငံပိုင်သတင်းစာများသာမက ပုဂ္ဂလိကပိုင်သတင်းစာများ၏ အခန်းကဏ္ဍကိုပါ စာရေးသူစဉ်းစားမိသည်။ လွတ်လပ်ပွင့်လင်းသောသတင်းစာခေတ်ကို ပြည်သူတို့က ကြိုဆိုသည်။ သတင်းစုံကဏ္ဍစုံ ဖတ်ခွင့်ရကြသည်။ သတင်းမှန်ရေး ဦးစားပေးကြသည်။ အမှားမကင်းနိုင်။ မှားလျှင်ပြင်မည်။ တစ်ပါးသူ၏ ပုဂ္ဂလိက အခွင့်အရေးလေးစားကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအထိခိုက်မခံနိုင်။ ဘာသာရေးပဋိပက္ခ မလိုလား၊ မိမိကြောင့် အများပြည်သူ သောကမရောက်စေလို။ စာနယ်ဇင်းကျင့်ဝတ်ထိန်းကြသည်။ ပြည်သူ့အရေး ဦးစားပေးကြသည်။

လွတ်လပ်စွာရေးသားထုတ်ဝေခွင့်

"လွတ်လပ်စွာရေးသားထုတ်ဝေခွင့်" ဟူသောစကားလုံးသည် သတင်းမီဒီယာ ဥပဒေကြမ်းတွင် အလေးအနက်ဖော်ပြထားသော စကားလုံးဖြစ်သည်။ သတင်းစာအသီးသီးတွင် ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခဲ့ပြီးဖြစ်သည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကိုဆန်းစစ်ပြီး အသစ်ရေးဆွဲထားသော ဥပဒေမူကြမ်းလည်းဖြစ်သည်။ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ကို ကန့်သတ်တားမြစ်သော အချက်များကို ဖယ်ရှားတားမြစ်ကြမည်ဖြစ်သည်။ ပုဂ္ဂလိကပိုင်သတင်းစာ၊ ဂျာနယ်မဂ္ဂဇင်းများ၏ လွတ်လပ်ပွင့်လင်းမှုကိုလည်း ယနေ့တွေ့မြင်ဖတ်ရှုနေရပြီဖြစ်သည်။ အခက်အခဲတွေတော့ ရှိဦးမည်။

ဒေသအစုံသို့

မန္တလေး၊ ရန်ကုန်သာမက ဒေသအစုံသို့ တစ်ပြည်လုံးနေရာအနှံ့ဖြန့်ကြက်လျက် သတင်းထောက်များ အရည်အသွေးမြင့်မားရေးသင်တန်းများ ဆက်လက်ဖွင့်လှစ်သင့်ပါသည်။ ဌာနတွင်းသင်တန်းများ ပေးသင့်ပါသည်။ တစ်နှစ်တစ်ကြိမ်/နှစ်ကြိမ်ခန့် တွေ့ဆုံဆွေးနွေးပွဲများလည်း ကျင်းပနိုင်လျှင် ကောင်းမည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်သတင်းထောက် ညီအစ်ကိုများလည်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးစရာတွေရှိနေသေးသည်။ မန္တလေးရောက်သတင်းထောက်များသည် ယခုအခါ ကိုယ့်ရပ်ကိုယ့်ရွာပြန်ရောက်ကြပြီး ဒေသအကျိုး၊ စာနယ်ဇင်းအကျိုးများသယ်ပိုးနေကြလေပြီ။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ သတင်းစာဆရာအသင်းများလည်း လက်တွဲဖော်ဆောင်လျက် ရှိပေပြီ။ အားနည်းချက်တွေ ပြင်ကြမည်။

ညီနောင်သတင်းထောက်များ

နိုင်ငံတစ်ဝန်းရှိ ညီနောင်သတင်းထောက်များ တိုးတက်အောင်မြင်ပါစေကြောင်း။

မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

သီပေါ စက်တင်ဘာ ၃၀

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်ဦးရွက်ပြုလှူဒါန်းမှုနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် (၂၅)ကြိမ်မြောက် ငွေရတုသဘင်အဖြစ် စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးသည်။

သီတဂူစက္ခုဒါန ဆေးရုံကြီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များသာမက မြေပြန့်ဒေသမှ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါ်ခင်အုန်းဟန် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ သီတဂူအာယုဒါန ဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ ရေကြည်တော် ဝတ်အသင်းသားများ၊ မြို့မိမြို့ဖများက နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ နေ့စဉ်စစ်ဆေးကုသပေးလျက်ရှိသည်။

မျက်စိ ဝေဒနာရှင်များအား မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ သီတဂူဆေးရုံကော်မတီ ဥက္ကဋ္ဌ ဦးအောင်ခင်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ခွဲစိတ်ကုသခံမျက်စိဝေဒနာရှင်များကို တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ထို့အပြင် ကျေးလက်ဒေသများမှ လာရောက်ကုသကြသော နွမ်းပါးသည့် ဝေဒနာရှင်များကို ဆရာတော် ဘဒ္ဒန္တပညာသီရိက ခရီးစရိတ်နှင့်ထမင်းဟင်းလျာများကိုပါ အလှူဒါနပြုလျက်ရှိပြီး စေတနာရှင်အလှူရှင်များ၏ လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများပါဝင် ကုသိုလ်ယူလှူဒါန်းလိုပါက သီတဂူ စက္ခုဒါနဆေးရုံ ဖုန်း ၀၉-၅၂၇၈၁၇၃၊ ၀၉-၅၂၇၈၁၈၉နှင့် ၀၉-၅၀၇၀၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

အမြို့မြို့အနယ်နယ်
ပျံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင်
ကြော်ငြာပါ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်(၆၄)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ယိထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုလု(က်)ဘင်ဂျာ အရှီရူ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆိုက်ပရက်စ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရက်စ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆိုက်ပရက်စ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုင်အိုအေးနစ်ကာဆိုးလီဒက်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

ယင်းနောက် ဧည့်ခံပွဲကိုကျင်းပရာ ရှေးဦးစွာ နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများကို တီးမှုတ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး)လမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် စက်တင်ဘာ ၂၉ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး) ကားလမ်း မိုင်တိုင် (၁၆/၁)၊ (၁၇/၂)၊ (၁၈/၃)၊ (၂၀/၃)၊ (၂၀/၅)နှင့် (၂၃/၁)တို့၌ မြေပြိုခြင်း၊ မြေနိမ့်ကျခြင်းနှင့် ကတ္တရာလမ်းသား ပျက်စီးမှုတို့ကို စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှု၊ မိုင်တိုင်(၅၁/၃)နှင့်(၅၁/၄)ကြားရှိ ယင်းချောင်းတံတား ဘေလီသံပေါင် သုံးလွှာ ထပ်ပိုးပြုပြင်ထားမှု၊ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်-ရွာမွန်-ကျောက်ပန်းတောင်းလမ်း မိုင်တိုင် (၂၆/၂) အနီးရှိ ယင်းချောင်း ဘေလီတံတား ကြံ့ခိုင်မှု၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပုပ္ပားတောင်ကလပ်တောင်ခြေ မြေပြိုမှုတို့ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) **(သတင်းစဉ်)**

ရေကြီးရေလျှံမှုကြောင့် ကလေးမြို့တွင် လူနေအိမ်နှင့် တံတားများပျက်စီး

ကလေး စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၂၈ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၉ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပြီး ကလေးမြို့ ပင်လုံရပ်ကွက် ဆိပ်ကမ်းသာ သစ်သားတံတားမှာ ထက်ဝက်ခန့် ကျိုးပြတ်က**(အောက်ယာပုံ)**ချောင်းရေထဲ မျောပါသွားသည့်အပြင် အောင်မင်္ဂလာရပ်ကွက် နန်းကလိန် သံကူကွန်ကရစ်တံတားနှင့်အခြားရပ်ကွက်များရှိ သစ်သား တံတားများလည်းပျက်စီးခဲ့သည်။

ကလေးမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးအနီးရှိ သံကူကွန်ကရစ်တံတား၏ တံတားထိန်းအုတ်နံရံကြီးမှာလည်း ပြိုလဲသွားပြီး ယနေ့နံနက် ၁၀ နာရီခွဲမှစ၍ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြု ကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်နေပြည်သူများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့တို့က ဝိုင်းဝန်းပြီး ကျောက်ခဲများချထားမှုကြောင့် အဆိုပါတံတားကို ပြိုလဲခြင်းမှ ကာကွယ်နိုင်ခဲ့သည်။

ဥပုတ်ချောင်းသည် မြို့ထဲတွင် စီးဆင်းသည့်ချောင်းဖြစ်ပြီး ချောင်းကမ်းနံဘေးကမ်းပါးပြိုကျခြင်းကြောင့် လူနေအိမ်နှစ်လုံးမှာ ချောင်းရေနှင့် မျောပါသွားပြီး လူနေအိမ်ခြောက်လုံးမှာ ကမ်းမပြိုမီ အိမ်ဖျက်ခြင်းများကို ယနေ့ညနေ ၅ နာရီထိ ကလေးမြို့ ပြည်သူများကဆောင်ရွက်ကြကာ ရေဘေးသင့်ပြည်သူများအား ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေဘေးနှင့် ပတ်သက်၍ ဆုံးရှုံးမှုတန်ဖိုးမှာ မသိရသေးကြောင်း၊ လူနှင့် တိရစ္ဆာန်များ သေကျေပျောက်ဆုံးမှုမရှိကြောင်း သိရသည်။ ထိုနည်းတူ ကလေးခရိုင် မင်းကင်းမြို့နယ်တွင်လည်း ပုထိုးလုံးချောင်းနှင့် တောင်တွင်းချောင်းချောင်းရေလျှံမှုကြောင့် လူနေအိမ်များရေလွှမ်းပြီး ကမ်းခြေများ ရေနစ်ခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt.Hon.David Carter ၏ ကိုယ်ရေးအကျဉ်း

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt.Hon.David Carter အား ၁၉၅၂ ခုနှစ် ဧပြီလ ၃ ရက်တွင် မွေးဖွားခဲ့ပါသည်။ B.Ag(Science) ဘွဲ့ရရှိထားသူတစ်ဦး ဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်ထိ လွှတ်တော်စည်းရုံးရေးမှူး၊ ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ သက်ကြီးဝါကြီးများရေးရာဝန်ကြီး၊ ဘဏ္ဍာရေးတွဲဖက်ဝန်ကြီး၊ အစားအသောက်၊ ဇီဝလုံခြုံရေးနှင့် နယ်စပ်ဒေသဆိုင်ရာတွဲဖက်ဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနတွဲဖက်ဝန်ကြီး ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ ဘဏ္ဍာရေးဝန်ကြီးဌာနတွဲဖက်ပြောရေးဆိုခွင့်ရှိသူ၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ ဆောက်လုပ်ရေးလုပ်ငန်း ပြောရေးဆိုခွင့်ရှိသူ၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ ခရီးသွားလာရေးလုပ်ငန်း ပြောရေးဆိုခွင့်ရှိသူ၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်ထိ အခြေခံကုန်ထုတ်လုပ်မှုကော်မတီဥက္ကဋ္ဌ၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ စိုက်ပျိုးရေးဝန်ကြီး၊ ဇီဝလုံခြုံရေးဆိုင်ရာဝန်ကြီး၊ သစ်တောရေးရာဝန်ကြီး၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ဒေသန္တရအစိုးရဆိုင်ရာဝန်ကြီးနှင့် အခြေခံစက်မှုလုပ်ငန်းများဆိုင်ရာဝန်ကြီးတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှ ယနေ့အထိ လွှတ်တော်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ လွှတ်တော်တည်မြဲအမိန့်များဆိုင်ရာကော်မတီအဖွဲ့ဝင်နှင့် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌတာဝန်တို့ကို ထမ်းဆောင်နေဆဲဖြစ်ပါသည်။

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ မကြာမီရက်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီးခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် အောက်တိုဘာ ၁

မစ္စ ကာစတီ ဝက်စ်ဖာလန်အား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖင်လန်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စ ကာစတီ ဝက်စ်ဖာလန်အား ၁၉၅၃ခုနှစ်တွင် ဟယ်စင်ကီးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဟယ်စင်ကီးတက္ကသိုလ်မှ နိုင်ငံတကာသိပ္ပံရေးရာမဟာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ဒါဟမ်တက္ကသိုလ်မှ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ဘာသာရပ်တွင် မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်မှစ၍ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပေကျင်း၊ နယူးယောက်၊ ဒမက်စကတ်နှင့် ရာဘတ်မြို့များရှိ ဖင်လန်သံရုံးများတွင် ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ပြည့်နှစ်မှ ၁၉၉၂ ခုနှစ်အထိ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနတွင် အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၈ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လော့စ်အိန်ဂျယ်လိစ်မြို့၌ ဖင်လန်ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စ ကာစတီ ဝက်စ်ဖာလန်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖင်လန်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ပေါ်တူဂီသံအမတ်ကြီးခန့်အပ်ခြင်းအား သဘောတူ

နေပြည်တော် အောက်တိုဘာ ၁

မစ္စတာ လူးဝီးစ် မန်နျူရယ် ဘာဟီးရာ ဒဆူးဇာအား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ လူးဝီးစ် မန်နျူရယ် ဘာဟီးရာ ဒဆူးဇာအား ၁၉၅၇ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် လစ္စဘွန်းမြို့၌ မွေးဖွားခဲ့သည်။ ပေါ်တူဂီ ကက်သလစ်တက္ကသိုလ်မှ စီးပွားရေးပညာဘွဲ့နှင့် ဂျွန်ဟော့ကင်းစ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးပညာမဟာဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ် မတ်လတွင် သံအရာရှိအဖြစ် စတင်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် ဟာရေး၊ လွန်ဒါ၊ ဆာရာဂျေဗိုနှင့် ဂျီနီဗာမြို့များရှိ ပေါ်တူဂီသံရုံးနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၏ အမျိုးသားကာကွယ်ရေးမူဝါဒဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အရှေ့တီမောနိုင်ငံဆိုင်ရာ ပေါ်တူဂီသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ပေါ်တူဂီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြည်တွင်းသတင်း

❇ **ရှေ့ဖုံးမှ**

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်တွင် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်နှင့် ကာလတိုကာလရှည်စီမံကိန်းများကို ချပြဆွေးနွေးခဲ့ကြပြီး ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒဆိုင်ရာကိစ္စများကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းကာ နိုင်ငံခြားအကူအညီအထောက်အပံ့များ၊ ချေးငွေများနှင့် နည်းပညာအထောက်အပံ့များကို လိုသောနေရာတွင် နေရာမှန်၊ လူမှန်သုံးစွဲနိုင်ရန်လိုအပ်ပါကြောင်း။

နိုင်ငံတကာနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက အကူအညီများကို ရယူရာတွင် ထိရောက်ပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအတွက် စနစ်တကျအသုံးပြုနိုင်ရေးအတွက် (၃)ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီအောက်၌ နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ နှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီတို့ကို ဖွဲ့စည်းထားရှိပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မူဝါဒများချမှတ်လမ်းညွှန်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံခြားအကူအညီအထောက်အပံ့များကို အချိုးကျမျှတသော ဒေသဆိုင်ရာဖွံ့ဖြိုးမှု၊ ကဏ္ဍဆိုင်ရာဖွံ့ဖြိုးမှုတို့ ရရှိရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းတို့ ပူးပေါင်းပါဝင်သော အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီကလည်း ထိရောက်မျှတသောခွဲဝေမှုဖြစ်စေရန် အတိုင်ပင်ခံပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုလုပ်ငန်းအဖွဲ့များအနေဖြင့် နိုင်ငံခြားအကူအညီအထောက်အပံ့များကိုချမှတ်ထားသော မူဘောင်များနှင့်အညီ ဦးစားပေးလုပ်ငန်း၊ စီမံချက်ကဏ္ဍများနှင့် ဦးစားပေးစီမံချက်များကို ရွေးချယ်သတ်မှတ်ပြီး ပြည်သူ့လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ရင်း အလှူရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားအကူအညီ (Grant)၊ ချေးငွေ(Loan) နှင့် နည်းပညာအကူအညီ (Technical Assistance) များနှင့်ဆောင်ရွက်လိုသော စီမံချက်များကို လုပ်ငန်းအဖွဲ့များအကြား ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ကဏ္ဍအလိုက်စီမံကိန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ဒေသများ၏ ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေကို ပြည်သူများ၏လူမှုစီးပွားလိုအပ်ချက်များအပေါ် အခြေခံထားသည့် Bottom-Up Planning နှင့် ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ နှစ်အလိုက်စီမံကိန်းများနှင့် ငါးနှစ်စီမံကိန်းကို စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်နှင့်စီးပွားရေးမူဝါဒ(၄)ရပ်တို့ကို အခြေခံပြီး ပေါင်းစပ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (NCDP)(၂၀၁၁-၂၀၃၁) အဖြစ် ပြည်သူများ၏ ရေရှည်အကျိုးကိုမျှော်ကိုးပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းများအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းခြင်း၊ အပေးအယူလုပ်ခြင်းနှင့် နှစ်ဖက်ညီညွတ်မျှတစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးတို့ပေါင်းစပ်ပြီး ညှိနှိုင်းရန်နှင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ မူဝါဒအရ ဆင်းရဲမှုလျှော့ချရေးနှင့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ရန်ဖြစ်ပါကြောင်း။

ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအား မြို့နယ်ဖွံ့ဖြိုးမှုစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ဒေသဆိုင်ရာဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ ခွဲဝေသုံးစွဲသွားရန် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရာတွင် ပြည်သူများ သိရှိပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

အကူအညီအထောက်အပံ့၊ ချေးငွေများကို လက်ခံရယူသည့်အခါ အိမ်ရှင်နိုင်ငံက အဓိကမောင်းနှင်သူအဖြစ်တာဝန်ခံပြီး မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုရည်မှန်းချက်ဖြစ်သော ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်သည့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ကို အရှိန်နှင့်ဦးတည်နေအောင် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ထိုသို့ကြိုးပမ်းရင်း တစ်ချိန်တည်းမှာပင် နိုင်ငံတကာ၌ ချမှတ်ထားသော ထောင်စုနှစ်ပန်းတိုင်များ (Millennium Development Goals-MDGs) ကဲ့သို့သော ပန်းတိုင်များ၏ ရည်မှန်းချက်များကိုလည်း ပြည့်မီစေမည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးမှုအကူအညီများကို မိမိတို့နိုင်ငံတွင် အကျိုးရှိအောင် အသုံးပြုရန်လိုပါကြောင်း၊ ပွင့်လင်းထင်သာမြင်သာရှိရန်၊ ထိရောက်သောဖွံ့ဖြိုးမှုအကူအညီဖြစ်ရန်၊ ပြည်သူများအတွက် လက်တွေ့ခံစားနိုင်သော ဖွံ့ဖြိုးမှုအသီးအပွင့်များဖြစ်ပေါ်စေရန် စီမံကိန်းများစိစစ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring and Evaluation-M&E) ကိုလည်း သေချာစွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ရရှိသောဘဏ္ဍာငွေဇာစ်မြစ်များကိုတန်ဖိုးထားပြီး အကျိုးကျေးဇူးနှင့် စရိတ်ကို နှိုင်းယှဉ်စဉ်းစားသုံးသပ်စေလိုပါကြောင်း၊ လူမှုစီးပွား ညွှန်းကိန်း

ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

များတိုးတက်ပြီး ထိရောက်သောဖွံ့ဖြိုးမှုအကူအညီ၊ ထိရောက်သောဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးများဖြစ်ရန် လိုအပ်ပါကြောင်း။

အစိုးရ၏ကျန်ရှိနေသော သက်တမ်း(၂၉)လအတွင်း နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များအဖြစ် စား၊ ဝတ်၊ နေရေးအခြေခံလိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပေးရန် ဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်နိုင်ရန်၊ လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်မှု၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသောနယ်ပယ်များကို အစွမ်းကုန်ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီးဖြစ်ပါကြောင်း။

ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ (State Budget) တစ်ခုတည်းအပေါ် မှီခိုအားထား လုပ်ဆောင်ခဲ့သော အစဉ်အလာမှ နိုင်ငံတကာအကူအညီ အထောက်အပံ့ (Grant Aid)၊ ချေးငွေ (Loan)၊ ပြည်တွင်းနှင့်ပြည်ပရင်းနှီးမြှုပ်နှံမှု (FDI) များကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက်များအဖြစ် သယံဇာတအရင်းအမြစ်တွေကို အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲ အသုံးပြုနိုင်ရန်၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူဗဟိုပြု ဝန်ဆောင်မှုစနစ်တိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ထိရောက်သောဖွံ့ဖြိုးမှုအကူအညီဆိုရာတွင် အကူအညီ၊ အထောက်အပံ့များ၊ အတိုးမဲ့ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းအားဖြင့် အကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုများပိုပြီး စီးဝင်စေမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ပြည်တွင်း၌ဆောင်ရွက်နေသည့် အခြားသောစီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြုပြင်ပြောင်းလဲမှုများက လိုက်လျောညီထွေနှင့် ဆက်စပ်ဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရှင်းလင်းတင်ပြရာတွင် နိုင်ငံခြားအကူအညီအထောက်အပံ့စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတကာအကူအညီများကို ရယူဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပါ အဓိကနယ်ပယ် ၁၀ ခုဖြစ်သည့် ဘဏ္ဍာရေးနှင့် အခွန်စနစ်ပြုပြင်ပြောင်းလဲမှုများ၊ ငွေကြေးနှင့် ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ရေးဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ပညာရေး၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရစနစ်နှင့် ပွင့်လင်းမြင်သာမှု၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်၊ အခြေခံအဆောက်အအုံ၊ ထိရောက်ထက်မြက်သည့်အစိုးရ ဖြစ်ပေါ်ရေးတို့တွင်အဓိကထား၍ ရယူဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းနယ်ပယ် ၁၀ ခုသည် နိုင်ငံတကာမှ ချေးငွေ၊ အကူအညီ၊

ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင် သိန်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အထောက်အပံ့များကို ဦးစားပေးရယူအသုံးပြုရေးတွင် တိုင်းတာသည့် ပေတံသဖွယ်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ချက်ဖြစ်သည့် ဦးစားပေးလုပ်ငန်းနယ်ပယ် ၇ ရပ်ဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တို့သည်လည်း နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲမှုကော်မတီမှ အဓိကဦးစားပေး၍ ရယူဆောင်ရွက်သည့် နယ်ပယ်များဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယင်းအတွက် လိုအပ်သည့် ငွေကြေးအရင်းအမြစ်များတွင် အစိုးရဘတ်ဂျက်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအကူအညီများ လိုအပ်ပါကြောင်း၊ ပြည်ပချေးငွေများရယူရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်သာမက တိုင်းပြည်၏စီးပွားရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍမှလည်း ချေးငွေများရယူနိုင်မည့် အခွင့်အလမ်းနှင့် အစီအစဉ်များကို စဉ်းစားဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြရာတွင် ယနေ့ဆွေးနွေးသောကိစ္စသည် ဘတ်ဂျက်နှင့် ဆက်စပ်နေသကဲ့သို့ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Development Plan) နှင့် ချိတ်ဆက်လျက်ရှိပါကြောင်း၊ ငွေကြေးအရင်းအမြစ်များအနက် Budget, Investment နှင့် Loan တို့ပါဝင်ပြီး မိမိတို့နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ဆောင်ရွက်ရာတွင် သွင်းအားစုမည်မျှအသုံးပြုသင့်သည်ဆိုသည့်အချက်ပေါ်မူတည်ကာ နိုင်ငံတော်ဘတ်ဂျက်အနေအထားကိုတွက်ဆပြီး ချေးငွေ ယူသင့်၊ မယူသင့်ကို ချင့်ချိန်ဆုံးဖြတ်နိုင်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် လေ့လာသုံးသပ်ချက်များအရ လက်ရှိသွင်းအားစုများ ပေးသွင်းနိုင်မှုဖြင့် ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန် မျှော်မှန်းထားသည့် ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီဖို့ရာ လုံလောက်မှုမရှိသေးသည်ကို တွက်ချက်ခန့်မှန်းသည်များ ရှိပါကြောင်း၊ ယင်းအတွက် အစိုးရ၏ဘဏ္ဍာငွေတစ်ခုတည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် မလုံလောက်သဖြင့် ပုဂ္ဂလိကကဏ္ဍ တိုးမြှင့်ဆောင်ရွက်ခြင်းအားဖြင့် သွင်းအားစုထည့်သွင်းမှုကို အားဖြည့်ရာရောက်မည်ဖြစ်ကြောင်း။

လက်ရှိကာလတွင်လည်း အချို့သောဝန်ကြီးဌာနများသည် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်အားပေး လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ သို့ပါ၍ ပုဂ္ဂလိကကဏ္ဍများ ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေမည့်

ဂျပန်နိုင်ငံ Maritime Self Defence Force မှ လေ့ကျင့်ရေးစစ်ရေယာဉ်သုံးစင်း ရန်ကုန်မြို့သို့ ဆိုက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

ဂျပန်နိုင်ငံ Maritime Self Defence Force မှ လေ့ကျင့်ရေး စစ်ရေယာဉ် သုံးစင်းဖြစ်သော KASHIMA, SHIRAYUKI နှင့် ISOYUKI တို့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရန်ကုန်မြို့ သန်လျင်သီလဝါ ဆိပ်ကမ်း MITT တံတားသို့ ယနေ့နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိလာရာ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

အဆိုပါ စစ်ရေယာဉ်များတွင် ဂျပန်ရေတပ်မှ REAR ADMIRAL KITAGAWA ဦးစီး၍ အရာရှိ/ အခြားအဆင့်ပေါင်း ၇၂၄ ဦးလိုက်ပါလာသည်။ ၎င်းစစ်ရေယာဉ်သုံးစင်းသည် မြန်မာနိုင်ငံတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ငါးရက်ကြာ နေထိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများမှ စစ်ရေယာဉ်များ မကြာခဏ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံရေတပ်အချင်းချင်းသာမက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်တွင်းသတင်း

ဖွံ့ဖြိုးတိုးတက်
လယ်ယာစိုက်
သာမှု၊ မိုဘိုင်း
ာက်ထက်မြက်
င်ရွက်လျက်ရှိ
၊ အကူအညီ၊

ပြည်ထောင်စု
ိုး ဦးတင်နိုင်
ရှင်းလင်း
ခဲ့စဉ်။
(သတင်းစဉ်)

တိုင်းတာသည့်
လမ်းညွှန်ချက်
စ်မီး၊ သောက်
င်း၊ ငွေကြေး
ည်း နိုင်ငံခြား
ားပေး၍ ရယူ
ိုးတိုးတက်ရေး
း ဆောင်ရွက်

းတွင် အစိုးရ
အကူအညီများ
င်တော်အစိုးရ
င်းနှင်အားဖြစ်
ခွင့်အလမ်းနှင့်
င်းတင်ပြသည်။
ှင်းလင်းတင်ပြ
စပ်နေသကဲ့သို့
pment Plan)
မြစ်များအနက်
င်၏စီးပွားရေး
မည်မျှအသုံးပြု
တ်ဂျက်အနေ
ဆုံးဖြတ်နိုင်ရန်
ပေါ် လေ့လာ
မှုဖြင့် ၂၀၁၅
ည်မှန်းချက်ကို
သည်များ ရှိပါ
င့် အကောင်
ကဏ္ဍ တိုးမြှင့်
ဖြည့်ရာရောက်

သည် ပုဂ္ဂလိက
ဖြစ်ပါကြောင်း၊
ရွက်နိုင်စေမည့်

အခွင့်အလမ်းများကို ဖန်တီးဆောင်ရွက်ပေးနိုင်ပါက အမှန်တကယ် ထိရောက်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအကူအညီအထောက်အပံ့များ၊ ချေးငွေများကို ရယူဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် မိမိတို့၏ကဏ္ဍဖွံ့ဖြိုးမှုအတွက် ဦးစားပေးအစီအစဉ်များ ရေးဆွဲရန်လိုအပ်ကြောင်း၊ အဆိုပါအစီအစဉ်များအတွက် ချေးငွေအစီအစဉ်၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ရေးဆွဲထားရန်လည်း လိုပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဘတ်ဂျက်ကို အသုံးပြုရာတွင် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် သွင်းအားစုပေးခြင်းဖြစ်ပြီး ဝန်ကြီးဌာနအား သွင်းအားစုထည့်သွင်းခြင်းမျိုးမဖြစ်စေရန် အထူးဂရုပြုရန်လိုမည်ဖြစ်ကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့်အညီ ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ ပြည်ပချေးငွေများရယူမည့် ဝန်ကြီးဌာနများအနေဖြင့် ကြွေးမြီစီမံခန့်ခွဲမှု Debt Management သည် အရေးကြီးပြီး ပြန်လည်ပေးဆပ်ရမည့်အစီအစဉ်နှင့်ပတ်သက်၍ ကြိုတင်စဉ်းစားရေးဆွဲထားရန်လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီအခြေအနေများနှင့်စပ်လျဉ်း၍ ၁၉၈၈ ခုနှစ်မတိုင်မီ ချေးငွေများနှင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း ချေးငွေများရရှိမှု၊ ပြန်လည်ပေးဆပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံသို့ နိုင်ငံခြားအကူအညီ အထောက်အပံ့နှင့် ချေးငွေများပေးအပ်လျက်ရှိသည့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံနှင့်အဖွဲ့အစည်းများ၊ ပေးအပ်သည့်အကူအညီအမျိုးအစား၊ ဂျပန်နိုင်ငံ ODA၊ ကိုရီးယားနိုင်ငံ EXIM Bank(EDCF) ချေးငွေ၊ တရုတ်နိုင်ငံ EXIM Bank ချေးငွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့် အိုင်အက်ဖ်အေဒီ စသည့် အဖွဲ့အစည်းများ၏ လျှော့ပေါ့ချေးငွေနှင့် Soft Loan တို့၏မတူညီသည့် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ ကဏ္ဍအလိုက်ချေးငွေရယူထားသည့် ဝန်ကြီးဌာနများနှင့် ချေးငွေဖြင့်ဆောင်ရွက်သောလုပ်ငန်းစီမံချက်များ၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် နှစ်နိုင်ငံဖွံ့ဖြိုးမှု မိတ်ဖက်များ၊ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီအထောက်အပံ့၊ ချေးငွေနှင့် ကျွမ်းကျင်မှုအကူအညီများ ရရှိမှုအခြေအနေ၊ ရရှိပြီး ညှိနှိုင်းနေဆဲနှင့် မသုံးစွဲရသေးသည့် အကူအညီအထောက်အပံ့များ၊ ချေးငွေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က CBM Net တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က အကူအညီပေးမည့် အခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း၊ နှစ်ဖက် Exchange of Note (EN) လက်မှတ်ရေးထိုးရန် ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍဖြေလျှော့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ကြရာတွင် အချို့သောနိုင်ငံများသည် နှစ်ပေါင်း ၃၀ခန့် အချိန်ယူ ဆောင်ရွက်ရပါကြောင်း၊ ၄၅ နှစ်ကာလအတွင်း သိသိသာသာ ထင်သာမြင်သာ တိုးတက်မှုဆိုသည်မှာ ခက်ခဲပါကြောင်း၊ သို့ရာတွင် မိမိတို့အစိုးရအနေဖြင့် မှန်ကန်ခိုင်မာသည့် အခြေခံအုတ်မြစ်များ ချထားပေးနိုင်ခဲ့ပါက ယင်းအခြေခံကောင်းများအပေါ် ဆက်လက်တိုးတက်တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် အခြေခံကောင်းများကို ချမှတ်ရန်တာဝန်ရှိပါကြောင်း၊ ယင်းအတွက် ငွေကြေးအရင်းအနှီး၊ လူသားအရင်းအမြစ်နှင့် နည်းပညာတို့ လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယင်းလိုအပ်ချက်များကို နိုင်ငံတကာမှရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုငွေကြေးအရင်းအနှီးနှင့် နည်းပညာအကူအညီများ အထိုက်အလျောက်ရရှိလာပြီဖြစ်၍ ဤအခွင့်အရေးကို မိမိရရအသုံးချနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားအကူအညီအထောက်အပံ့များနှင့် ပတ်သက်၍ ရယူအသုံးပြုသည့် ဌာနများမှလည်း စေတနာပါပါဖြင့် အလေအလွင့်မရှိစေရန်၊ အလွဲသုံးစားမဖြစ်စေရန်နှင့် ထိထိရောက်ရောက် အသုံးပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် အချိန်မဆွဲဘဲ လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ ကတိကဝတ်ရရှိပြီးဖြစ်သည့်အကူအညီများကို အလျင်အမြန်ရရှိစေရန် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်း၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသုံးမပြုရသေးသည့် ငွေကြေးများကိုလည်း ပြည်သူများအတွက် အကျိုးရှိထိရောက်စေမည့် လုပ်ငန်းများတွင် အသုံးပြုသွားရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဖွံ့ဖြိုးပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၂/၂၀၁၃)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

ဖွံ့ဖြိုးပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ အစည်းအဝေး (၂/၂၀၁၃)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ဖွံ့ဖြိုးပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ ဖွံ့ဖြိုးပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွံ့ဖြိုးပုံအခြေခံဥပဒေလေ့လာ သုံးသပ်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးအေးမောက်က ယခင်အစည်းအဝေး (၁/၂၀၁၃)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဝင်အသီးသီးက ဆွေးနွေးတင်ပြကြပြီး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဖွံ့ဖြိုးပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း ရထားလမ်းကြံ့ခိုင်မှုများစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက RBE ရထားဖြင့် ဟင်္သာတ-မြန်အောင်-ကြံခင်း ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတဘူတာ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ခေတ်နှင့်လျော်ညီစွာ ပြည်သူလူထုကျေနပ်စေမည့် ဝန်ဆောင်မှုပေးနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ထန်းပင်ကုန်းဘူတာ၊ ကညင်ငူဘူတာ၊ အင်ပင်ဘူတာ၊ ဥသျှစ်ကုန်းဘူတာ၊ တဲကြီးကုန်းဘူတာ၊ ဆန်နီချောင်ဘူတာ၊ မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာတို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြန်အောင်မြို့နယ် ရှားတောအုပ်စု ရှားတော-တာခွ ဘုန်းတော်ကြီး ပညာသင်ကျောင်းနှင့် မြန်အောင်မြို့နယ် (၆)ရပ်ကွက် သင်္ဂဇာကျောင်းဟောင်း ဘုန်းတော်ကြီးပညာသင်ကျောင်းတို့၌ ဆွမ်းဆန်၊ ဆီနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းသည်။

ထို့နောက် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ မြို့နယ်နှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြု ကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မူဝါဒများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ရိုးတိုက်နယ် လက်ပံကွင်းကျေးရွာ အထက(ခွဲ)၌ ဒေသခံများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း ရထားလမ်းကြံ့ခိုင်မှုများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင်အား WHO World No-Tobacco Day 2013 Award ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ WHO World No-Tobacco Day 2013 Award ချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ကျင်းပရာ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Jigmi Singay နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့ကနှုတ်ခွန်းဆက် စကားပြောကြားကြသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက WHO World No-Tobacco Day 2013 Award ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်ထံပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ထိန်းချုပ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ခဲ့သည်မှာ ဆယ်စုနှစ် တစ်စုကျော်ခဲ့ပြီဖြစ်ကြောင်း၊ ယခင်က ပြည်သူများအား အသိပညာပေးခြင်း၊ နှီးနွှယ်ဌာနများအား အသိပေးဆွေးနွေးခြင်း စသည်တို့ကိုသာ ဆောင်ရွက်ခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ"ကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ပြဋ္ဌာန်းထားသော ဥပဒေကို လိုက်နာကျင့်သုံးရေး၊ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် သဘောတူလက်မှတ်ရေးထိုးထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် နှီးနွှယ်စာချုပ်ငယ်များနှင့်အညီ ဥပဒေကို ပြန်လည်သုံးသပ်၍ လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ခြင်း၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာတိုးမြှင့်ရေးနှင့် ဥပဒေကို သိရှိလိုက်နာ ကျင့်သုံးရေးတို့အတွက် နှီးနွှယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြင့် ဆက်လက် အကောင်အထည်ဖော်သွားမည်ဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းအိမ်ရာများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှု နေပြည်တော်ကောင်စီဝင် ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး၊ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးတို့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများဖြစ်သည့် သိဒ္ဓိ(၉) ရပ်ကွက်၌ အရိပ်ရလေကာပင်၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များ၊ တစ်ပိုင်တစ်နိုင် သီးပင်စားပင်များ စိုက်ပျိုးထားမှုနှင့် ဝန်ထမ်းမိသားစုများအား စတုတ္ထအကြိမ်မြောက် တန်ဖိုးနည်းဖုန်းကတ်များ ထုတ်ပေးနေမှုများကို ယမန်နေ့နံနက် ၉ နာရီတွင် သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါတန်ဖိုးနည်း ဖုန်းကတ်များကို တစ်ရပ်ကွက်လျှင် ၆၂ ကတ်နှုန်းဖြင့် သိဒ္ဓိ(၉)ရပ်ကွက်အတွက် ဖုန်းကတ် ၅၅၈ ကတ်ကို တစ်ပြိုင်တည်း မဲနှိုက်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရုပ်သံလွှင့်တာဝါတိုင်တည်ဆောက်နေစဉ် အလုပ်သမားတစ်ဦး ပြုတ်ကျသေဆုံး

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန် ကမာရွတ်မြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း၌ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ရာတွင် အင်တင်နာများ တပ်ဆင်အသုံးပြုနိုင်ရန်အတွက် အမြင့် ၂၀၀ မီတာရှိ တာဝါတိုင်တစ်ခုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ရွှေသံလွင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တာဝါတိုင် တည်ဆောက်မှုကို ရွှေသံလွင်ကုမ္ပဏီနှင့် Nyunt Engineering Group တို့က ကန်ထရိုက်စာချုပ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တာဝါတိုင်အမြင့် ၁၄၄ မီတာသို့ရောက်ရှိနေစဉ် ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် တာဝါတိုင်ထောက်တိုင်နှစ်ခုကို တပ်ဆင်ရန် ဆောင်ရွက်နေသည့် အလုပ်သမား မောင်မျိုးသူ(ခ) မောင်ဝင်းသူသည် ပြုတ်ကျသေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကမာရွတ်မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၀/၂၀၁၃ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအမှုကို ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍လည်း စစ်ဆေးရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ပြည်တွင်းသတင်း

လယ်ဝေးမြို့နယ်တွင် ရှေးဟောင်းသစ်ထွင်းလှေကြီးတွေ့ရှိ

လယ်ဝေး စက်တင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သော်မှော်ကုန်းအုပ်စု သာယာစုကျေးရွာအနီး ပလွေးချောင်း၌ ယမန်နေ့မွန်းလွဲပိုင်းက ရှေးဟောင်းသစ်ထွင်းလှေကြီးတစ်စင်း တူးဖော်ရရှိသည်။

အဆိုပါလှေကြီးမှာ အရှည် ၇၄ ပေ၊ လုံးပတ် ၈ ပေခန့်ရှိပြီး သက်န်းနက်သားကိုထွင်း၍ ပြုလုပ်ထားခြင်းဖြစ်ပြီး ယခုအခါ သာယာစုကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ယခင်ကလည်း လယ်ဝေးမြို့နယ်ရှိ ပလွေးချောင်းအတွင်း ထိုကဲ့သို့ ရှေးဟောင်းသက်န်းနက်သစ်ထွင်းလှေကြီးများ တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

(လယ်ဝေး ပြန်/ဆက်)

လက်ပံတောင်းတောင်သို့ လမ်းလျှောက်ဆန္ဒပြရန်ထွက်ခွာသည့်အဖွဲ့ စစ်ကိုင်းမြို့နယ်၌ တာဝန်ရှိသူများနှင့် သဘောတူညီချက်များရရှိပြီး အေးချမ်းစွာလူစုခွဲ၍ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် လက်ပံတောင်းတောင်သို့ လမ်းလျှောက်ဆန္ဒပြရန် မန္တလေးမြို့မှ ထွက်ခွာလာသော ဆန္ဒပြအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းမြို့နယ် စီတီးကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။

ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီး ဦးတင်ဝင်းနှင့် ဦးကျော်ဝင်း၊ တိုင်းသာသနာရေးမှူး ဦးမြင့်စိန်၊ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးမြင့်ဝေ၊ တိုင်းသံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးသောဘန၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးပညာသီရိ၊ စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင်တို့က အဆိုပါအဖွဲ့နှင့်တွေ့ဆုံညှိနှိုင်းခဲ့သည်။

တွေ့ဆုံညှိနှိုင်းချက်အရ အောက်ပါအချက်သုံးချက်ကို ညှိနှိုင်းသဘောတူညီခဲ့ကြကြောင်းသိရသည်-

(က) လက်ပံတောင်းတောင်ရှိ လယ်တီဆရာတော် ဘုရားကြီး၏ ဘုရားစေတီနှင့် သိမ်တော်ကြီးတို့ကို မပျက်မစီး နေရာမရွှေ့ မူလနေရာအတိုင်းထားရှိရန်အတွက် လွှတ်တော်သို့ တင်ပြနေစဉ်နှင့် ဆရာတော်ဘုရားကြီးများ၊ သံဃာတော်များ၏ ညွှန်ကြားချက်ကို ခံယူနေစဉ်အတွင်း မည်သည့်အကြောင်းနှင့်မျှ မပျက်စီးမရွှေ့ပြောင်းဘဲ ပကတိအတိုင်း တည်ရှိစေရမည်။

(ခ) လက်ပံတောင်းတောင်ရှိ ဆရာတော်ဘုရားကြီး၏ သိမ်တော်နှင့် ဘုရားအား ပြည်သူများ ဝင်ရောက်ဖူးမြော်နိုင်ရန် (ငါးယောက်ထက်မပို)၊ သုံးရက်အတွင်း ခွင့်ပြုမိန့်တောင်းခံရမည်။

(ဂ) ၂၉-၉-၂၀၁၃ ရက်မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ ငြိမ်းချမ်းစွာ လမ်းလျှောက်လာခဲ့သော သံဃာတော်များနှင့် ပြည်သူလူထုအားလုံးတို့ကို နောင်အလားတူ ဥပဒေဖောက်ဖျက်မှုမရှိသမျှကာလပတ်လုံး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ယခုကိစ္စအတွက် အရေးယူမှု မပြုရန်။

အထက်ပါ ညှိနှိုင်းသဘောတူညီချက်များအား လက်မှတ်ရေးထိုး၍ လမ်းလျှောက်ဆန္ဒပြသည့်အဖွဲ့သည် ညနေ ၄ နာရီတွင် အေးချမ်းစွာလူစုခွဲ၍ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❊ *ကျော့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့်ဇနီးတို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အတူ အဖွဲ့ဝင်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ကွာလာလမ်ပူမြို့ မလေးရှားတပ်မတော်(လေ) Subang လေဆိပ်သို့ ရောက်ရှိကြရာ မလေးရှားတပ်မတော်မှ Chief Executive of MIDEF Lieutenant General Dato' William R.Stevenson နှင့် ဇနီး၊ Joint Force Chief of Staff၊ Major General Datuk Baharom Bin Hamzah နှင့်ဇနီး၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးယာယီတာဝန်ခံသံမှူးကြီး ဦးကျော်စွာနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမောင်နှင့်ဇနီး၊ တာဝန်ရှိသူများက Subang လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ခေတ္တတည်းခိုမည့် Shangri-La Hotel သို့ ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ကျေးလက်ဒေသမှသည်မြို့နေပြည်သူများအထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် ကလေးဝကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံအကြောင်းတစေ့တစောင်း

ကလေး စက်တင်ဘာ ၃၀

ယနေ့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးသည် အဓိကအခန်းကဏ္ဍဖြစ်လာသည်။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မဟာဓာတ်အားလိုင်းများမှ ချိတ်ဆက်ခြင်း၊ အလတ်စားနှင့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများနှင့်လောင်စာသုံးဓာတ်အားပေးစက်ရုံများကို တည်ဆောက်ထူထောင်လျက်ရှိရာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းသည်လည်း တစ်ခန်းတစ်ကဏ္ဍဖြစ်သည်။ ယင်းကြောင့်ပင်လျှင် ထွန်းသွင်သတ္တုတူးဖော်ခြင်းကုမ္ပဏီနှင့် စင်ကာပူနိုင်ငံအခြေစိုက် (ISDN Holding Limited)တို့ပူးပေါင်းအကောင်အထည်ဖော်တည်ဆောက်မည့် ကလေးဝကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံအကြောင်း တစေ့တစောင်းသိရှိနိုင်ရန် ထွန်းသွင်ကုမ္ပဏီမှ ကလေးဝတာဝန်ခံ ဦးလှကြည်နှင့်တွေ့ဆုံမေးမြန်းခဲ့သမျှ ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။

မောင်ဖိုးဇော်-ကလေးဝကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘယ်နေရာဒေသမှာ တည်ဆောက်ပြီး စွမ်းအားဘယ်လောက်ထိထုတ်လုပ်နိုင်မှာပါလဲခင်ဗျာ။

ဦးလှကြည်- လျှပ်စစ်ဓာတ်အား ၅၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မယ့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်လျက်ရှိတဲ့ မြို့တွေ ကျေးလက်ဒေသတွေနဲ့ အခြားတိုင်းဒေသကြီးတွေရဲ့ အရေးတကြီးလိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်ရေး၊ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မစိန်ကျေးရွာအုပ်စု နန့်မော်ကယ်ကျေးရွာရဲ့ အနောက်တောင်ဘက် ကလေးဝ-မော်လိုက်ကားလမ်းမကြီးရဲ့အနောက်ဘက် နှစ်ဖာလုံခန့်အကွာမှာ တည်ဆောက်မှာပါ။

ဇော်-စက်ရုံတည်ဆောက်မယ့် ဧရိယာနဲ့ စွန့်ပစ်ပစ္စည်းတွေ ထားမယ့်ဧရိယာက ဘယ်လောက်ကျယ်ဝန်းပါသလဲခင်ဗျာ။

ကြည်-စက်ရုံဧရိယာ ဧက ၄၀ နဲ့ စွန့်ပစ်ဧရိယာ ၉၀ စုစုပေါင်း ဧက ၁၃၀ အကျယ်အဝန်းအသုံးပြုပါမယ်။

ဇော်-စက်ရုံက စွန့်ပစ်မယ့် ပြာတွေ၊ ရေတွေကို ဘယ်လိုပြန်လည်သန့်စင်အသုံးချနိုင်ပါသလဲခင်ဗျာ။

ကြည်-စက်ရုံကထွက်မယ့် (Fly Ash)ဟာ ဘိလပ်မြေထုတ်လုပ်ရာမှာ ထည့်သွင်းအသုံးပြုရင် အရည်အသွေးမြင့်မားတဲ့ ဘိလပ်မြေအဖြစ် ထုတ်လုပ်နိုင်တဲ့အတွက် စက်ရုံကထွက်လာတဲ့ပြာတွေအားလုံး ဘိလပ်မြေစက်ရုံတွေကို တင်ပို့ရောင်းချသွားပြီး စက်ရုံကထွက်တဲ့ရေတွေကို Bio Chemical Treatment ဖြင့် Processing လုပ်ခြင်း၊ Acid နဲ့ Alkali ဓာတ်ပါတဲ့ Wate Water တွေကို Neutralize လုပ်ခြင်း၊ ဆီပါဝင်တဲ့ရေတွေကို Oil Separation System တွေ အသုံးပြုပြီးဆီနဲ့ရေခွဲခြားသန့်စင်ခြင်း၊ ကျောက်မီးသွေး အမှုန်ပါဝင်တဲ့ရေတွေကို Clarification နည်းပညာနဲ့ သန့်စင်ခြင်းစတဲ့ ခေတ်မီနည်းပညာတွေအသုံးပြုပြန်လည်သန့်စင်သွားမှာပါ။

ဇော်-ပတ်ဝန်းကျင်ထိခိုက်နိုင်တဲ့ အခိုးအငွေ့နဲ့ အမှုန်တွေအတွက် ဘယ်လိုကာကွယ်ဖို့စီစဉ်ဆောင်ရွက်ထားပါသလဲ။

ကြည်- Sulphur ထွက်ခြင်း Sulphur ကို ၁၀၀ ရာခိုင်နှုန်းနီးပါး ချေဖျက်နိုင်တဲ့ Wet Limestone-gypsum Plant တွေတပ်ဆင်ကာကွယ်ခြင်း၊ NO နဲ့ NO_2 ဓာတ်ငွေ့တွေကိုချေဖျက်နိုင်တဲ့ LNB Technique အသုံးပြုထားတဲ့ Boiler တွေတပ်ဆင်ခြင်း၊ စက်ရုံကထွက်လာမယ့်အမှုန်အမွှားတွေကို ၉၉ ဒသမ ၅ ရာခိုင်နှုန်းအထိလျှော့ချကာကွယ်ပေးနိုင်တဲ့ Electrostatic Precipitator များတပ်ဆင်ခြင်း၊ ဓာတ်ငွေ့အမှုန်အမွှားတွေဘယ်လောက်ပါဝင်တယ်ဆိုတာတိုင်းတာတဲ့ Monitor တွေတပ်ဆင်ခြင်း စတာတွေနဲ့ ဘေးအန္တရာယ်ကင်းအောင် ကာကွယ်တည်ဆောက်သွားမှာပါ။

ဇော်-စက်ရုံတည်ဆောက်မယ့်မြေနေရာဟာအများပိုင် စိုက်ပျိုးမြေနဲ့ လွတ်ကင်းပါသလားခင်ဗျာ။

ကြည်-စက်ရုံတည်ဆောက်မယ့် နေရာဟာ ကြိုးဝိုင်းတော၊ ကြိုးပြင်တော၊ ကြိုးပြင်ကာကွယ်တောတွေနဲ့လွတ်ကင်းပြီး စိုက်ပျိုးမြေ၊ သာသနာ့မြေနဲ့ ရွာပိုင်မြေအတွင်း ကျရောက်ခြင်းမရှိပါဘူး။

ဇော်- ဒီစက်ရုံတည်ဆောက်ဆဲ၊ တည်ဆောက်ပြီးကာလတွေမှာ ပတ်ဝန်းကျင်ဒေသခံကျေးရွာတွေအတွက် ထင်သာမြင်သာရှိတဲ့ လူမှုဘဝတွေဖွံ့ဖြိုးအောင် ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာ သိပါရစေ။

ကြည်-ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ပတ်ဝန်းကျင်ကျေးရွာတွေ လူမှုဘဝဖွံ့ဖြိုးအောင် ကလေးဝ-မော်လိုက်ကားလမ်းမကြီးကနေ ပတ်ဝန်းကျင်ကျေးရွာတွေကိုဆက်သွယ်ထားတဲ့လမ်းတွေကို အဆင့်မြှင့်တင်ပြုပြင်ပေးခြင်း၊ ပတ်ဝန်းကျင်ကျေးလက်ဒေသတွေကို လျှပ်စစ်မီးရရှိအောင် ဓာတ်မီးတိုင်တွေ အခမဲ့သွယ်တန်းပေးခြင်း၊ ဒေသခံရွာသူရွာသားတွေကို အလုပ်ခန့်ထားပေးခြင်း၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေ၊ သာသနာရေးဆိုင်ရာအဆောက်အအုံတွေကို ပြန်လည်ပြုပြင်တိုးချဲ့တည်ဆောက်အဆင့်မြှင့်တင်သွားမှာပါ နောက်ပြီး ပတ်ဝန်းကျင်ကျေးရွာသားတွေ လူမှုရေးဆိုင်ရာကိစ္စရပ်တွေ ဆောင်ရွက်နိုင်ဖို့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်တွေ ဆောင်ရွက်နိုင်ဖို့နဲ့ CSR,CSD လုပ်ငန်းတွေအတွက် Resurve Fund တွေ ထားရှိအသုံးပြုသွားမှာဖြစ်ပါတယ်။

မောင်ဖိုးဇော်

ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲကို ၂၈ လမ်း(အောက်လမ်း)ရှိ ပုညကုသလမ္ဘာရုံ၌ စက်တင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေး အမှာစကားပြောကြားစဉ်။ မိုးမိုး

စက်မှုဝန်ကြီးဌာန

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်) အရာရှိအိမ်ရာ၊ ရန်ကုန်အင်းစိန်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၈ ဒသမ ၇၇၂) ဧကခန့်တွင် ရန်ကုန်အင်းစိန်လမ်းမဘက်ခြမ်းရှိ မြေဧရိယာတစ်ဝက်အား လုပ်ငန်းဆောင်ရွက်ခွင့်ပေးပြီး အဖိုးအခအဖြစ် ကျန်ဧရိယာတစ်ဝက်တွင်အဆင့်မြင့် ဝန်ထမ်းအိမ်ရာများကို ရေမီးအပြည့်အစုံဖြင့် အောက်ပါအတိုင်း ဆောက်လုပ်လိုပါသည်-

- (က) အရာရှိကြီးအိမ်ရာ (၄ ခန်းတွဲ ၁၂ ထပ်)(၁)လုံး
- (ခ) အရာရှိငယ်အိမ်ရာ (၈ ခန်းတွဲ ၁၂ ထပ်)(၁)လုံး
- (ဂ) အမှုထမ်းအိမ်ရာ (၈ ခန်းတွဲ ၁၂ ထပ်)(၃)လုံး
- (ဃ) 10 MVA Substation
- (င) အခြားဆက်စပ်လုပ်ငန်းများ

၂။ တင်ဒါတင်သွင်းနိုင်ရေးအတွက် တင်ဒါခေါ်ယူလွှာ၊ အသေးစိတ်အချက်အလက်များဖော်ပြထားသည့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများပါဝင်သည့် တင်ဒါစာရွက်စာတမ်းအပြည့်အစုံကိုငွေကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်သန်းတိတိဖြင့်) ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ငွေသွင်းချလန်ရယူပြီး ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါဝယ်ယူငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၃။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၁၂-၂၀၁၃(သောကြာနေ့)၊ (၁၆း၀၀)နာရီ

တင်ဒါတင်သွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၇)၊ နေပြည်တော်

၄။ တင်ဒါစည်းကမ်းများနှင့်တင်ဒါခေါ်ယူမည့် အချက်အလက်များကို အသေးစိတ်သိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

စီမံရေးဌာန

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

(ဖုန်း)၀၆၇-၄၀၈၁၄၀၊၄၀၈၂၇၅၊၄၀၈၂၇၆၊ (Fax) ၀၆၇-၄၀၈၁၉၅

သဘောတူညီချက် လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း တိုးတက်ကောင်းမွန်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)တို့အကြား ပံ့ပိုးထောက်ပံ့မှု သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ရန်ကုန်မြို့ရှိ JICA -မြန်မာရုံးမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr. Masahiko TANAKA တို့က အမှာစကား ပြောကြားကြပြီး ပံ့ပိုးထောက်ပံ့မှု သဘောတူညီချက်စာချုန်လွှာကို လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေး-ကလေးဝ ယာဉ်လိုင်းများ အချိန်မှန်ပြေးဆွဲပေးစေချင်

ကလေး စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ကလေးဝမြို့တို့သည် ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် ကဘော်ချိုင့်ဝှမ်းဒေသတို့၏ နိုင်ငံတစ်ဝန်း ဆက်သွယ်ကူးသန်းသွားလာ ရောင်းဝယ်ရာတွင် အဓိကထွက်ပေါက် ဒေသကြီး ဖြစ်သကဲ့သို့ အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၏ ပင်မဆက်သွယ်သွားလာရာ ခရီးလမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။

ကလေး-ကလေးဝ ၂၄ မိုင် အသွား/အပြန် ပြေးဆွဲနေကြသည့် ယာဉ်အသင်း ယာဉ်လိုင်းများ၏ ယာဉ်ထွက်ခွာချိန် မမှန်သည့်စနစ်များကြောင့် ခရီးသွားများ၊ အစိုးရရုံးဝန်ထမ်းများ အခက်ကြုံနေကြရကြောင်း သိရသည်။

ကလေး-ကလေးဝ လမ်းခရီးတွင် ရွှေကဘော်၊ သိန်း စသည့် ယာဉ်အသင်းများနှင့် သုံးဘီးယာဉ်ငယ်အသင်းများရှိပြီး လမ်းခရီးသွားလာကြရာတွင် သွားလာရခက်ခဲသည်အထိ လမ်းများ ယိုယွင်းပျက်စီးနေမှုများကြောင့် နှစ်နာရီကျော် သုံးနာရီမျှအထိ အချိန်ကြာမြင့်စွာ မောင်းနှင်သွားလာနေကြရသည်။

တစ်ဖန် ယာဉ်လိုင်း ယာဉ်အသင်းများရှိ သွားလာပြေးဆွဲလျက်ရှိနေကြသည့်ယာဉ်များသည် ထွက်ခွာချိန်သတ်မှတ်ချက်မရှိ မိမိသဘောကျအချိန် ထွက်ခွာနေကြခြင်းက အချိန်ကို တန်ဖိုးထား သွားလာလိုကြသော ခရီးသွားတို့အတွက် အဓိက အခက်အခဲအနှောင့်အယှက် ဖြစ်ပေါ်စေသည်။

ထွက်ခွာပေးစေလို

"ကလေးမြို့ကနေ ကလေးဝမြို့ကိုသွားဖို့ ယာဉ်ငယ်ဝင်း (ဒေသအခေါ် ကားလေးဝင်း)မှာ နံနက် ၉ နာရီလောက်ကစပြီး ကားစောင့်ရတာ နေ့လယ် ၁၂ နာရီကျော်မှ ကားစထွက်တယ်ဗျာ၊ လမ်းခရီးမကောင်းလို့ အချိန်တော်တော်ယူ မောင်းရဦးမယ်၊ ဒါဆိုရင် အချိန်နဲ့တစ်ပြေးညီလုပ်ရမယ့်ကိစ္စတွေအတွက် အခက်အခဲဖြစ်နိုင်တယ်ဗျာ၊ ဒါကြောင့် ယာဉ်ထွက်ခွာချိန် သတ်မှတ်ချက်လေးတစ်ခုတော့ ရှိစေချင်ပါတယ်"ဟု ဒေသခံဝန်ထမ်းတစ်ဦးက ဆိုသည်။

"၂၀၁၂ ခုနှစ်လောက်အထိ နှစ်နာရီခြားတစ်ကြိမ် ထွက်ခွာခွင့်ပြုခဲ့ပေမယ့် အခုတော့ ဘယ်လိုဖြစ်လဲမသိဘူး၊ ထွက်ခွာချိန်ကိုတော့ အရင်လို တိတိကျကျသတ်မှတ်ထွက်ခွာပေးစေချင်ပါတယ်"ဟု ယခင်က ကားလေးဝင်းဂိတ်မှူး တာဝန်ယူခဲ့ဖူးသည့် ခရီးသည်က ရှင်းပြသည်။

မောင်မောင်မင်း

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာပြည်ဖွား ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ ကွယ်လွန်

ရန်ကုန် စက်တင်ဘာ ၃၀

ဆရာကြီး ဦးဂိုအင်ကာ

မြန်မာနိုင်ငံသား ကမ္ဘာကျော် ဝိပဿနာတရားပြ ဆရာကြီး ဦးဂိုအင်ကာသည် စက်တင်ဘာ ၂၉ ရက် ည ၁၀ နာရီ မိနစ် ၄၀ က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ၎င်း၏ နေအိမ်၌ လူကြီးရောဂါဖြင့် အေးချမ်းစွာ ကွယ်လွန်သွားခဲ့ကြောင်း သတင်းရရှိသည်။

ကွယ်လွန်ချိန်မှာ အသက် ၉၀ အရွယ် ရောက်ရှိခဲ့ပြီဖြစ်သည့် ဆရာကြီး ဦးဂိုအင်ကာ၏ ရုပ်ကလာပ်ကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီ၌ အိန္ဒိယနိုင်ငံ ဘုံဘေမြို့တွင် ဈာပနဆောင်ရွက်မည်ဖြစ်ကာ ရန်ကုန်မြို့ရှိ ဆရာကြီး တည်ထောင်ခဲ့သည့် ရိပ်သာအတွင်း၌လည်း နံနက် ၉ နာရီမှ ၁၀ နာရီအထိ တပည့်အပေါင်းတို့က စုပေါင်းတရားထိုင်ကာ သံဃာငါးပါးကို ဆွမ်းကပ်၍ အမျှအတန်းပေးဝေ မေတ္တာပို့ရန်ရှိကြောင်း ဆရာကြီး ဦးဂိုအင်ကာ၏ တပည့်ရင်းဖြစ်သူ ဆရာဦးဆန်းဝင်းက ပြောပြသည်။

ကမ္ဘာကျော် ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာသည် မန္တလေးမြို့၌ မွေးဖွားခဲ့သူဖြစ်ပြီး အမည်အပြည့်အစုံမှာ ဆတျနာရာယန်းဂိုအင်ကာ (Satya Narayan Goenka) ဖြစ်ပြီး မင်းတုန်းမင်းလက်ထက်အိန္ဒိယမှ လာရောက်အခြေချနေထိုင်သူ ကုန်သည် မိဘများမှ ပေါက်ဖွားခဲ့သူဖြစ်သည်။

ငယ်စဉ်က စီးပွားရေးအောင်မြင်သူလုပ်ငန်းရှင်တစ်ဦးဘဝ၌ ခေါင်းကိုက်ဝေဒနာခံစားခဲ့ရပြီး လယ်တီဆရာတော်ဘုရားကြီး၏ မူ၊ အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာရှုနည်းဖြင့် တရားပြသည့် ဆရာကြီး ဦးဘခင်၏ အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ(IMC)တွင် ၁၉၅၅ ခုနှစ်အတွင်းက လာရောက်တရားကျင့်ကြံရာမှ ရောဂါပျောက်ကင်းကာ လက္ခဏာရေးသုံးပါးသဘောတရားများကို ပိုမိုနားလည်လာပြီး ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ဦး ဖြစ်လာခဲ့သည်။

ဆရာရင်း ဦးဘခင်ထံ၌ ၁၀ နှစ်တာမျှ ဟိန္ဒူယောဂီများကို ကူညီပြီး ဝိပဿနာ ပြန့်ပွားအောင် စတင်ကြိုးပမ်းရင်း ၁၉၆၂ ခုနှစ်၌ အိန္ဒိယနိုင်ငံသို့ ပြန်သွားခဲ့ပြီး ဝိပဿနာတရားများ ဟောပြောပြသရင်း နာမည်ကျော်ကမ္ဘာ့ဌာန်းဆရာတစ်ဦး ဖြစ်လာခဲ့သည်။

ဆောင်ရွက်ပေး

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကမ္မဋ္ဌာန်းရိပ်သာသုံးခုဖွင့်လှစ်ကာ အိန္ဒိယနိုင်ငံသားများသာမက ကမ္ဘာအရပ်ရပ်ရှိ လူမျိုးများကို အေးချမ်းစွာ တရားအားထုတ်ကျင့်ကြံနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် နိုင်ငံပေါင်းများစွာသို့ သွားရောက်၍ ဝိပဿနာသင်တန်းများပို့ချခြင်း၊ ယောဂီများ၊ တရားဟောဆရာများ မွေးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့် သာသနာပြုပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

မြန်မာပြည်၏ အဖိုးမဖြတ်နိုင်သည့် အမြတ်ဆုံးရတနာကို အရယူနိုင်ခဲ့ပြီဟု ကြွေးကြော်ခဲ့သူ ဆရာကြီး ဂိုအင်ကာအတွက် မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း လာရောက်ခဲ့သည့်ခရီးစဉ်သည် နောက်ဆုံးခရီးစဉ်ဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဆရာကြီး တည်ထားကိုးကွယ်ခဲ့သည့် ရွှေတိဂုံပုံတူစေတီတော်ကြီးကြောင့် ပျောက်ကွယ်လုနီးပါးဖြစ်နေခဲ့သည့် မဇ္ဈိမဒေသ ဗုဒ္ဓသာသနာတော်မှာ ပြန်လည်ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

ခင်ရတနာ

ကမ္ဘာပေါ်တွင် ခွေးရူးပြန်ရောဂါကြောင့် ၁၀ မိနစ်တွင် လူတစ်ဦးနှုန်း အသက်ဆုံးရှုံးနေရ

တွေ့ဆုံမေးမြန်း - မောင်ဝိန်လွင် (မြန်မာ့အလင်း) ဓာတ်ပုံ - မင်းထက်

ရန်ကုန် စက်တင်ဘာ ၃၀

ခွေးရူးပြန်ရောဂါကြောင့် ယနေ့ကမ္ဘာပေါ်တွင် ၁၀ မိနစ်လျှင် လူတစ်ဦးနှုန်း အသက်ဆုံးရှုံးနေရသည်။ ခွေးရူးပြန်ရောဂါသည် ကမ္ဘာ့နိုင်ငံအများစုတွင် အပူပိုင်းဒေသဇုန်များရှိ နိုင်ငံများ၌ အဖြစ်အများဆုံး တွေ့ရပြီး အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများတွင် ပိုမိုဖြစ်ပွားလျက်ရှိသည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် အမေရိကန်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းပြီး နှစ်စဉ် စက်တင်ဘာ ၂၈ ရက်နေ့ကို ကမ္ဘာ့ခွေးရူးပြန်ရောဂါ တိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၇ ခုနှစ် အမေရိကန်နိုင်ငံ၌ စတင်သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံတွင် အဆိုပါရောဂါ တိုက်ဖျက်ရေးနေ့ကို ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ ခွေးရူးပြန်ရောဂါသည် လူသတ်ရောဂါများတွင် တစ်မျိုးအပါအဝင် ဖြစ်နေသဖြင့် အဆိုပါရောဂါနှင့်ပတ်သက်၍ ပြည်သူများ သတိပြုလိုက်နာရှောင်ရှားနိုင်ရန် ဆေးပညာဌာန ဆေး-၁ ရန်ကုန်မှ ပါမောက္ခ ဒေါက်တာချစ်စိုးအား သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး- ဆရာ ဒီခွေးရူးပြန်ရောဂါက ဘယ်လိုစတင်ဖြစ်ပေါ်ပြီး ဘယ်လိုကူးစက်တတ်တယ်ဆိုတာ သိပါရစေ။

ဖြေ- ခွေးရူးပြန်ရောဂါဆိုတာ(Rabies) လို့ခေါ်တဲ့ ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့်ဖြစ်ပြီး ဒီရောဂါပိုးဟာ ကူးစက်ခံရရင် ဦးနှောက်နဲ့ အာရုံကြောမကြီးထဲကို ရောက်သွားပြီး ရောဂါစတင်ဖြစ်ပေါ်တယ်။ ကူးစက်တာကတော့ ဒီရောဂါပိုးသယ်ဆောင်လာတဲ့ ခွေး၊ ကြောင်၊ လင်းနို့စတဲ့ သတ္တဝါတွေကနေပြီး ကိုက်တာ၊ ကုတ်ခြစ်တာတို့အပြင် သွားရည်တို့ကတစ်ဆင့် အရေပြားနဲ့ ထိတွေ့ရင် ဒါမှမဟုတ် မျက်စိ၊ ပါးစပ် တစ်ခုခုအတွင်းကို ဝင်ရောက်ရင် ကူးစက်ခံရတတ်ပါတယ်။

မေး- ကိုက်တဲ့ခွေးမှာ ဒီရောဂါရှိမရှိကို ဘယ်လိုသိနိုင်ပါသလဲ။ ရှိတယ်လို့ သံသယရှိရင်ရော ဘယ်လိုပြုမူလုပ်ဆောင်သင့်ပါသလဲ ဆရာ။

ဖြေ- ခွေးရူးပြန်ရောဂါ ခံစားနေရပြီဆိုရင် သွားရည်တများများ ဖြစ်လာမယ်။ ရန်လိုမယ်။ အကြောင်းမရှိဘဲ သခင်ကိုပါ ကိုက်တတ်လာမယ်။ ဒါတွေဟာ ခွေးရူးပြန်လက္ခဏာတွေပါ။ အခြား ထူးခြားတာက ငြိမ်နေပြီး တသီးတခြား နေလွန်းနေရင်လည်း



ပါမောက္ခ ဒေါက်တာချစ်စိုး
ဆေးပညာဌာန ဆေး-၁ (ရန်ကုန်)

ဒီရောဂါခံစားနေရတယ်ဆိုတာ သိသာပါတယ်။ ဒီလိုလက္ခဏာတွေရှိတဲ့ ခွေးမျိုးကိုက်ခံရပြီဆိုရင်တော့ ဒီလူဟာ တစ်လ ဒါမှမဟုတ် သုံးလအတွင်း ခွေးရူးပြန်ရောဂါ ဖြစ်တတ်ပါတယ်။ လေးရက်အတွင်း ရောဂါခံစားရပြီး ခုနစ်နှစ်လောက်အထိ ခွေးရူးပြန်ရောဂါကို ခံစားနေရမှာဖြစ်ပါတယ်။ ဒီရောဂါက ကုသလို့မရပါဘူး။ ဒီလူဟာ အနေးနဲ့အမြန် အသက်ဆုံးရှုံးရမှာပါပဲ။

မေး- ဒါဆို ဒီခွေးရူးပြန်ရောဂါကို ဘယ်လိုကြိုတင်ကာကွယ်လို့ ရပါသလဲခင်ဗျာ။

ဖြေ- ကာကွယ်တဲ့နည်းကတော့ သုံးနည်းရှိပါတယ်။ ပထမနည်းကတော့ ကြိုတင်ကာကွယ်ဆေးထိုးပါ။ ဒုတိယနည်းအနေနဲ့ တိရစ္ဆာန်တွေနဲ့ မထိတွေ့အောင်၊ အကိုက်မခံရအောင်နေပါ။ တတိယနည်းကတော့ ဒီရောဂါရှိတဲ့ တိရစ္ဆာန်အကိုက်ခံရရင် ဒဏ်ရာကို သေချာသန့်စင်ကုသပြီးတော့ ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးခြင်းနည်းနဲ့ ပြုလုပ်နိုင်ပါတယ်။

မေး-ဒီရောဂါနဲ့ပတ်သက်ပြီး ကာကွယ်ဆေးနှစ်မျိုးရှိတယ်လို့ သိရပါတယ်ဆရာ။ အဲဒီဆေးနှစ်မျိုးကလည်း ဘယ်လိုကွာခြားပြီး ဘယ်လိုအသုံးပြုရတယ်ဆိုတာ ရှင်းပြပေးပါဦး။

ဖြေ-ဟုတ်ပါတယ်။ ကာကွယ်ဆေးက နှစ်မျိုးရှိပါတယ်။ အရေးပေါ်ကာကွယ်ဆေး Innunoglo bulin နဲ့ ပုံမှန်ကာကွယ်ဆေး Vaccine တို့ပါ။ အရေးပေါ်ကာကွယ်ဆေးက ကိုက်ပြီးပြီးချင်း ဒဏ်ရာရဲ့ အတွင်းနဲ့အပြင် ပတ်ပတ်လည်ကို ထိုးရတဲ့ဆေးဖြစ်ပါတယ်။ ပုံမှန်ကာကွယ်ဆေးကတော့ လက်မောင်းမှာထိုးရပြီး ဆေးလေးလုံး ဒါမှမဟုတ် ငါးလုံးသတ်မှတ်ထားတဲ့ရက်အတိုင်း ရက်ခြားထိုးရပါတယ်။

မေး-ဒီခွေးရူးပြန်ရောဂါဟာ ဘယ်နိုင်ငံတွေမှာ အဖြစ်များပါသလဲဆရာ။ ဘာကြောင့်ပါလဲ။

ဖြေ- အရှေ့တောင်အာရှနိုင်ငံတွေမှာ ပိုအဖြစ်များပါတယ်။ အာရှလူမျိုးတွေက တိရစ္ဆာန်ချစ်ကြတယ်၊ သနားတတ်ကြတယ်။ ဥပမာ- လမ်းဘေးခွေးလေ၊ ခွေးလွင့်တွေတွေ့ရင် လူတွေက သနားပြီး အစာကိုလမ်းဘေး ချကျွေးကြတယ်။ ဒါမျိုးတွေကြောင့်လည်း ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါပိုဆိုးလာတာ။ အိန္ဒိယနိုင်ငံဆိုရင်လည်း ဒီရောဂါပိုအဖြစ်များလာတယ်။ တိုးတက်တဲ့နိုင်ငံတွေက ခွေးလေ၊ ခွေးလွင့် မရှိဘူး။ အိမ်တွေမှာ မွေးမြူရင်လည်း ကျန်းမာရေး ဆေးစစ်မှုတွေပြုလုပ်ပြီးမှ မွေးမြူကြတယ်။ အခြားနိုင်ငံက ဝင်လာတဲ့ ခွေးမျိုးစိတ်သစ်တွေဆိုရင်လည်း အလွယ်တကူ အဝင်မခံဘူး။ ကျွန်တော်တို့ဆီမှာက အဲဒီလိုမျိုးတွေမလုပ်ခဲ့တော့ အဖြစ်များလာတာပေါ့။

မေး-ပြီးခဲ့တဲ့နှစ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ခွေးရူးပြန်ရောဂါကြောင့် လူ ၆၀ အသက်ဆုံးရှုံးခဲ့ရတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဘယ်ဒေသတွေမှာ ဒီရောဂါအဖြစ်အများဆုံး ပါလဲခင်ဗျာ။

ဖြေ-ပြီးခဲ့တဲ့နှစ်က ရန်ကုန်မြို့မှာ ခွေးရူးပြန်ရောဂါကြောင့် လူပေါင်း ၆၀ အသက်ဆုံးရှုံးခဲ့ရပါတယ်။ နယ်မြို့လေးတွေမှာတော့ လူ ၂၀ ဝန်းကျင်လောက် အသက်ဆုံးရှုံးခဲ့တယ်။ ရန်ကုန်က လူဦးရေထူထပ်တာရယ်၊ ခွေးလေ ခွေးလွင့်ပိုများတာတွေကြောင့်ပါ။ နွေရာသီ ကလေးတွေလမ်းမပေါ် ကစားနေတဲ့အချိန်ဖြစ်တော့ ပိုဆိုးတာပေါ့။

မေး- အခု ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါ လျော့နည်းပပျောက်အောင် (OIE) နဲ့ပူးပေါင်းပြီးတော့ ကြိုတင်ကာကွယ်မှုတွေ စီမံချက်ချ အကောင်အထည်ဖော် လုပ်ဆောင်မယ်လို့ သိရပါတယ်။ ပြည်သူတွေရဲ့ အသက်ဆုံးရှုံးမှုနည်းအောင် ဘယ်လိုများ ပူးပေါင်း လုပ်ဆောင်သွားမှာပါလဲ ခင်ဗျာ။

ဖြေ- ဒီခွေးရူးပြန်ရောဂါကြောင့် ကမ္ဘာမှာ ၁၀ မိနစ် ကို လူတစ်ယောက်နှုန်း အသက်ဆုံးရှုံး နေရပါတယ်။ ဒါကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)နဲ့ ကျွန်တော်တို့ မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ စီမံချက် နှစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒီရောဂါကို ၂၀၂၀ ခုနှစ်မှာ တစ်ဝက်လောက် လျှော့ချနိုင်ဖို့ရည်ရွယ်ပြီး လုပ်ဆောင်သွားမှာပါ။ အရင်နှစ်ကဆိုရင် မြန်မာနိုင်ငံက ခွေးငါးရာကျော်ကို ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာက ခွေးအရေအတွက် ၃ ဒသမ ၆ သန်းကျော် ရှိနေပါတယ်။ ဒီနှစ်တော့ ယခင်နှစ်တွေ ကထက်ပိုပြီးတော့ အောင်မြင်အောင် လုပ်နိုင်မှာပါ။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ရွှေကူမြို့ထွက် ပရိဘောဂလက်ရာအစုံစုံ ရေလမ်းမှတင်ပို့

ရွှေကူ စက်တင်ဘာ ၃၀

ရွှေကူမြို့မှ ဗန်းမော်သို့ နေ့စဥ်ပြေးဆွဲနေသော ရေယာဥ်လိုင်းများပေါ်၌ ရွှေကူမြို့ထွက်သစ်များဖြင့် ပြုလုပ်သော ကုလားထိုင်၊ ဗီရို၊ စားပွဲစသည့်ပရိဘောဂမျိုးစုံကို တင်ဆောင်လျက်သွားနေကြသည်။ မြို့ခံပရိဘောဂလုပ်သူများ အနေဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိပြီး ရေယာဥ်လိုင်းအနေဖြင့် ပို့ကုန်ပစ္စည်းများ အစဥ်ရရှိလျက်ရှိနေသည်။ ခရီးလမ်းကြောင်းအားဖြင့် ဗန်းမော်မှသည် လွယ်ဂျယ်အထိ သယ်ဆောင်လျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်ပြည်သို့ရောင်းချလျက်ရှိနေကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

ပန်းကောင်းလေးများ အညွန့်မကျိုးရလေအောင်

တင်ဝင်းလေး(ကြည့်မြင်တိုင်) ရေးသားသည်

စက်တင်ဘာ လဆန်းပိုင်းက ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပခဲ့သည့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေး ဟောပြောပွဲနှင့် မှုခင်းများဆိုင်ရာဟောပြောပွဲမှ မုဒိမ်းမှုများ ဖြစ်ပွားနေခြင်းအကြောင်းကို နားထောင် လိုက်ရသည့်အတွက် အံ့ဩဘနန်းဖြစ်ခဲ့ရသည်။ သက်ငယ်မုဒိမ်းမှုအကြောင်း ပြည့်ပြည့်စုံစုံ ကြားသိခဲ့ရသည်။

ဒေါသအလျောက် စိတ်ရူးသွပ်မှုကြောင့်၊ ရန်ငြိုးကြောင့်၊ အရက်သေစာသောက်စားခြင်းကြောင့် ဖြစ်တတ်သော အမှုကြီးတစ်ခုဖြစ်သည့် လူသတ်မှုထက်ပင် မုဒိမ်းမှုဖြစ်ပွားမှုအရေအတွက်က ပိုများနေကြောင်းကို နားထောင်ရသည်။

၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ် မေလအထိ ဆယ်နှစ်တာကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မုဒိမ်းမှုပေါင်း ၄၆၉၈ မှု ဖြစ်ပွားခဲ့ကြောင်း သိခဲ့ရသည်။ ထိုအထဲမှ သက်ငယ်မုဒိမ်းမှုဟုခေါ်သည့် အရွယ်မရောက်သေးသူ ၂၃၀၂ ဦးမှာ ပန်းကောင်းအညွန့်ကျိုးခဲ့ရရှာသည်။ ရာခိုင်နှုန်းအားဖြင့် ၄၈ ဒသမ ၉၉ ရှိနေသည်ဟုဆိုသည်။

နေပြည်တော်တွင် ၅၈ မှု၊ ကချင်ပြည်နယ်တွင် ၁၀၃ မှု၊ ကယားပြည်နယ်တွင် ၁၀ မှု၊ ကရင်ပြည်နယ်တွင် ၅၂ မှု၊ ချင်းပြည်နယ်တွင် ၁၆ မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၅၁ မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၉၄ မှု၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၃၂ မှု၊ မကွေးတိုင်းဒေသကြီးတွင် ၁၁၄ မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၄၉ မှု၊ မွန်ပြည်နယ်တွင် အမှု ၁၀၀၊ ရခိုင်ပြည်နယ်တွင် အမှု ၉၀၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၉၉ မှု၊ ရှမ်းပြည်နယ်တွင် ၁၄၈ မှု၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ၃၈၆ မှု ဖြစ်ပွားခဲ့ကြောင်း နားထောင်ခဲ့ရသည်။

ဖြစ်စဥ်များကို သုံးသပ်ရာ၌ မြို့ပြများထက် ကျေးလက်ဒေသများတွင် ပိုမိုဖြစ်ပွားကြောင်း သိလိုက်ရသည်။ ထိုကာလအထိ မြို့ပေါ်များ၌ ဖြစ်ပွားမှု ၈၃၄ မှု၊ ကျေးလက်တောရွာများ၌ ၁၄၅၉ မှု ဖြစ်ပွားခဲ့သည်ဟု ဟောပြောခဲ့သည်။ ညအချိန်ထက် နေ့အချိန်ဖြစ်ပွားမှုက ပိုခဲ့သည်။ နေ့ပိုင်း၌ ၁၃၁၂ မှု ဖြစ်ပွားခဲ့ပြီး ညပိုင်း၌ ၉၉၀ မှုဖြစ်ပွားခဲ့ကြောင်း သိခဲ့ရသည်။

အရွယ်အားဖြင့် စိစစ်ပြရာ၌ အသက်နှစ်နှစ်မှ ငါးနှစ်အထိ ကလေး ၁၆၇ ဦး၊ ခြောက်နှစ်မှ ဆယ်နှစ်အထိကလေး ၅၃၁ ဦး၊ ၁၁ နှစ်မှ ၁၃ နှစ်အထိ ကလေး ၇၃၇ ဦး၊ အသက် ၁၄ နှစ်အထက် ၈၆၇ ဦး ရေတိမ်နစ်ခဲ့ရသည်ကို စိတ်မကောင်းစွာ ကြားသိလိုက်ရသည်။

ဖြစ်စဥ်များ၌ အရွယ်စုံ၊ အလွှာစုံ၊ ဝန်ထမ်းနှင့်တပ်ဖွဲ့ဝင်အချို့၊ ဆွေမျိုးသားချင်း၊ ပထွေးအပြင် ဖခင်ရင်းဖြစ်သူတို့ကိုယ်တိုင် ပါဝင်နေကြောင်း နားနှင့်မနာ ဖဝါးဖြင့်နာတော်မူပါဟု ဆိုရမလို ကြားလိုက်ရသည့်အတွက် မြန်မာ့ယဥ်ကျေးမှုဓလေ့ထုံးတမ်းစဥ်လာများအတွက် တွေးမြင်၍ ရင်လေးခဲ့ရသည်။ ထို့အပြင် ပညာသင်ကျောင်းသားလေးများလည်း ပါဝင်ပတ်သက်နေခဲ့သည်။ အသက် ၁၆ နှစ်အောက် ယောကျ်ားလေး ၇၆ ဦးပါဝင်ခဲ့သည်ဟု ဆိုပါသည်။

ထို့အပြင် လူဦးရေထူထပ်သော အလွှာစုံရှိနေသော ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်က မုဒိမ်းမှု ၁၃၅ မှုတွင် သက်ငယ်မုဒိမ်းမှု ၈၈ မှုဖြစ်ပွားခဲ့သည်။ ယခု ၂၀၁၃ ခုနှစ် ဩဂုတ်လအထိ မုဒိမ်းမှုပေါင်း ၉၇ မှုတွင် သက်ငယ်မုဒိမ်းမှု ၆၉ မှုသာဖြစ်ပွားခဲ့သည်။ ထိုမှုခင်းမျိုး ကျဆင်းလာသည့်အတွက် အနည်းငယ် စိတ်သက်သာမှုရခဲ့သည်။

ရဲမှူးစိုးသင်းက ထိုသို့ ကျူးလွန်ကြခြင်းမှာ အနေနီးစပ်ကြခြင်း၊ တစ်ခန်းတည်းအတူနေ၊ အတူအိပ်ကြခြင်း၊ ယုံကြည်မှုလွန်ကဲကြခြင်း၊ အုပ်ထိန်းသူများ စောင့်ကြပ်မှုကင်းကွာကြခြင်း၊ အဖော်မဲ့တစ်ဦးတည်း သွားလာကြခြင်း၊ ဝတ်စားဆင်ယင်မှုမလုံခြုံကြခြင်းကြောင့် အဖြစ်များခဲ့သည်ဟု သုံးသပ်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ညစဥ် အလှည့်ကျရပ်ကွက်များအလိုက် အသံချဲ့စက်များဖြင့် လိုက်လံသတိပေးခြင်းများကို ဆောင်ရွက်ပေးနေခဲ့သည်။

သက်ငယ်မုဒိမ်းမှုများဖြစ်ပွားလာပါက အမြင့်ဆုံးပြစ်ဒဏ် ချမှတ်ပေးနိုင်ရန်အတွက် Section Power အရ ခရိုင်တရားရုံးသို့ တရားစွဲတင်စစ်ဆေးခြင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ၁၉၉၃ ခုနှစ် ကလေးသူငယ် ဥပဒေပုဒ်မ ၆၅(က) ဖြင့် ထိရောက်စွာအရေးယူစေခြင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၃၆၃ ဖြင့် အရေးယူခြင်း၊ ထိရောက် ဟန့်တားလောက်သော ပြစ်ဒဏ်ရရှိ နိုင်စေရန် စက်ရှင်အာဏာရ တရားရုံးသို့တရားစွဲတင်ပို့ခြင်း၊ နိုင်ငံတကာကျင့်သုံးသည့် Child Protection Law ကို တရားသူကြီးများနှင့် ဥပဒေအရာရှိများ နားလည် လက်ခံလာအောင် Awareness ပြုလုပ်ခြင်းတို့ဖြင့် အဆောတလျင် ဆောင်ရွက်လျက်ရှိနေကြောင်းကိုလည်း ကြားသိခဲ့ရသည်။ ထို့အပြင် သက်ငယ်မုဒိမ်းမှုဖြစ်ပွားလာပါက ထိုမိန်းကလေးအားကိုယ်ချင်းစာစိတ်ဖြင့် နှစ်သိမ့်အားပေးကြပါ။ ပတ်ဝန်းကျင်၌ ပစ်ပယ်ထားခြင်းမရှိဘဲ လက်တွဲခေါ်၍ ဖေးမပေးကြပါ၊ အတိတ်၏အရိပ်ဆိုးကို မေ့ပျောက်စေရန် တစ်စုံတစ်ခုသော အကြောင်းတရားဖြင့် အစားထိုးဆောင်ရွက်ပေးကြပါ၊ ဝါသနာပါရာ (ဥပမာ-အားကစား၊ စက်ချုပ်၊ စာပေ၊ စသည့်)ပညာရပ်များဖြင့် ကုစားပေးကြပါဟု တိမ်ဖုံးသည့်လ သာရလေအောင် ထည့်သွင်းဟောပြောမှုမှာ လွန်စွာမှပင် တန်ဖိုးရှိလှသည်ဖြစ်ရာ တစ်မြို့နယ် တစ်ကျောင်းမှသည် ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ တိုင်ကြားနိုင်စေရန် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

လူကုန်ကူးမှုတိုက်ဖျက်ရေး

တို့တွေပါဝင်ကူညီပေး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၉-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၆၀၀၀-၆၅၅၁၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၅၉၀၀-၆၅၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၅-၁၃၂၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၆-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၃-၃၀. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၈၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၇၃၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၂၅-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၅၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၃၀-၄၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀-၂၂၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရန် ရည်ရွယ်တည်ထောင်ထားသည့် "ဆရာမကြီး ဒေါ်ဇင်ခိုင် ရန်ပုံငွေ" မှ ဆင်းရဲနွမ်းပါးသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Western Park Royal Restaurant ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် အလှူရှင်ဆရာမကြီး ဒေါ်ဇင်ခိုင်က မြန်မာနိုင်ငံသည် မိမိမွေးဖွားခဲ့ရာ နေရာဖြစ်၍ ချက်မြှုပ်ရာ နိုင်ငံကို ချစ်မြတ်နိုးသူတစ်ဦးအနေဖြင့် မြန်မာ-တရုတ်ချစ်ကြည်ရေး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ လှူဒါန်းရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ တနင်္သာရီ၊ ကချင်၊ ချင်း၊ ကယားနှင့် ရှမ်းပြည်နယ်တို့မှ ထူးချွန်ကျောင်းသားသုံးဦးစီအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ **(ယာပုံ)** ချီးမြှင့်ခြင်းဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ထူးချွန်ကျောင်းသားများအတွက် ထောက်ပံ့ကြေးပေးရန် ဆက်သွယ်ဆောင်ရွက်လာပါက ဆက်လက်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ယနေ့လှူဒါန်းမှုသည် ဆရာမကြီး ဒေါ်ဇင်ခိုင် ရန်ပုံငွေ၏ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး ဧပြီ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ဆုတောင်းပြည့်ဘုန်းကြီးကျောင်းမှ မိဘမဲ့ကလေးများနှင့် ဆင်းရဲနွမ်းပါးကျောင်းသား ကျောင်းသူများအား ဆန် ၈၆ အိတ်၊ ကျောင်းသုံးပစ္စည်းကိရိယာနှင့် ငွေသားများကို ပထမအကြိမ် လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထောက်ပံ့ကြေးပေးအပ်လှူဒါန်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယန်ဟိုလန်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းသားအသင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျန်းမာရေးအခမဲ့စောင့်ရှောက်

စဥ့်ကိုင် စက်တင်ဘာ ၃၀

စဥ့်ကိုင်မြို့မှ စေတနာရှင် ၁၀ ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် စဥ့်ကိုင်မြို့နယ် ဥယျာဥ်လေးကျေးရွာရှိ မာယိန္ဒာရာမ မူလွန်-ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်၍ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကျောင်းရှိ သံဃာတော်နှစ်ပါး၊ သာမဏေ ၅၉ ပါး၊ သီလရှင်ခြောက်ပါး၊ ဆရာ သုံးဦး၊ ဆရာမ ခုနစ်ဦး၊ ကျောင်းသား ၁၁၀၊ ကျောင်းသူ ၉၅ ဦး စုစုပေါင်း ၂၈၂ ဦးတို့ကို ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဥယျာဥ်လေးကျေးရွာ ဘုန်းတော်ကြီးသင်ကျောင်းမှာ စာသင်ကျောင်းများ ပန္နက်ချထားဆဲဖြစ်သောကြောင့် ကျောင်းသား ကျောင်းသူများမှာ တဲငယ်များနှင့် ဘုရားအကြိုအကြားများ၌ ပြွတ်သိပ်ပြီး ဖြစ်သလိုသင်ကြားနေကြရကြောင်း သိရသည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စိမ့်ကိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစာအာဟာရများဖြည့်တင်းပေးရန် လိုအပ်နေကြောင်း သိရသည်။

(၁၆၀)

ရက်ပေါင်း ၇၀ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် (မွေ့) ပြိုင်ပွဲထည့်သွင်းကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃၀

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် (မွေ့)အားကစားပြိုင်ပွဲကို ထည့်သွင်း ကျင်းပမည်ဖြစ်ရာ (မွေ့)အားကစားပြိုင်ပွဲကို South East Asia Muay Federation မှ ကြီးကြပ်ကျင်းပရန် Myanmar SEA Games Organizing Committee (MYASCOC) က အသိအမှတ်ပြု ရွေးချယ်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် မြန်မာ့အားကစား အောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ဧည့်ခန်းမ၌ President South East Asia Muay Federation မှ Mr.Sayamon Sayasone (Laos), Secretary General, Asian Muay Federation မှ Mr.Mohd Nooramin Kaw Bin Abdullah(Malaysia), Technical Director, SEAMF မှ Mr. Chinawut Sirisompan(Thailand) နှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဦးသိန်းအောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များအားတွေ့ဆုံရာ ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး၊ Technical Hand-book ရေးဆွဲရေး၊ Pre SEA Games ကျင်းပရေး၊ မြန်မာနိုင်ငံမှ ဒိုင်လူကြီးများကို ဒိုင်မွမ်းမံသင်တန်းများ ပို့ချနိုင်ရေး၊ (မွေ့)အားကစားနည်းဖြင့် အောင်မြင်မှုရရှိအောင် ကြိုးစားဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်းနိုင်ငံများမှ မွေ့အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆီးဂိမ်းသတင်းအချက်အလက်များ လေ့လာနိုင်ရန် ဝက်ဘ်ဆိုက်လေးခုလွှင့်တင်ထားပြီဖြစ်

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)ပြိုင်ပွဲတွင် သတင်းအချက်အလက်များ လွယ်ကူစွာရယူလေ့လာနိုင်ရန်အတွက် သတင်းဝက်ဘ်ဆိုက်လေးခု ထုတ်လွှင့်ထားကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံက လာမယ့်ဒီဇင်ဘာလမှာ ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ပြည်တွင်းပြည်ပအားကစားသမားများ၊ အားကစားတာဝန်ရှိသူများ၊ သတင်းမီဒီယာများ ပြိုင်ပွဲမကျင်းပမီနဲ့ ကျင်းပနေစဉ်ကာလအတွင်း သတင်းအချက်အလက်များ လွယ်ကူစွာရယူလေ့လာနိုင်ဖို့ ဝက်ဘ်ဆိုက်လေးခုနဲ့ လွှင့်တင်ထားပါတယ်" ညွှန်ကြားရေးမှူး ဦးမိုးဇော်ထွတ်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ပြုလုပ်သော LO/VO ဆက်ဆံရေးသင်တန်းတွင် ပြောကြားလိုက်သည်။ အဆိုပါ ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ဤအားကစားပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံက နှစ်ပေါင်း ၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် အားကစားပြိုင်ပွဲကြီးလည်း ဖြစ်သည်။

၎င်းအားကစားပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်ချောင်းသာတို့၌ လေးနေရာခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ သို့ရာတွင် အဓိကပြိုင်ပွဲကြီးများကို နေပြည်တော်၌သာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲမတိုင်မီနှင့် ပြိုင်ပွဲကျင်းပစဉ်ကာလအတွင်း သတင်းအချက်အလက်များ၊ သတင်းဓာတ်ပုံများ၊ ပြိုင်ပွဲကျင်းပမည့်နေရာနှင့် အချိန်ဇယားများ လွယ်ကူစွာလေ့လာနိုင်ရန် သတင်းဝက်ဘ်ဆိုက်လေးခု ထုတ်လွှင့်ထားသည်။ ၎င်းဝက်ဘ်ဆိုက်များမှာ-

(၁) www.27 seagames 2013. com

(၂) www. myasoc. org

(၃) www. myasoc. com.mm

(၄) www. mosports. gov.mm တို့ဖြစ်သည်။

မောင်ရွှေရိုး

တောင်သူပညာပေးစံပြစိုက်ကွင်းအတွင်းမှ ရှားပါးမျိုးစိတ်မျောက်တစ်ကောင် ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးဘေး ညောင်ပင်ကြီးစုကျေးရွာ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအနီး ဧက ၅၀၀ တောင်သူပညာပေးစံပြစိုက်ကွင်းအတွင်းသို့ ရှားပါးမျောက်တစ်ကောင် မျက်စိလည်၍ ဝင်လာသည်ဟု သိရသည်။ **(ယာပုံ)**

အဆိုပါ မျောက်ကို တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဝင်းဦး(ဦးစီးအရာရှိ)၊ ဦးသန်းလှိုင်(ဦးစီးအရာရှိ)နှင့် ဦးဗိုလ်ဗိုလ်လင်း(ဒု-ဦးစီးမှူး)တို့က ဦးဆောင်၍ မည်သည့်ဒဏ်ရာမျှမရှိစေဘဲ ခြံလုပ်သားများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု သိရသည်။

အဆိုပါ မျောက်၏ အရွယ်အစားမှာ ဖင်မှ ဦးခေါင်းသို့ အရှည်(အလျား)မှာ သုံးပေ၊ လုံးပတ် တစ်ပေ ခြောက်လက်မ၊ အမြီးအရှည်(အလျား) သုံးပေလေးလက်မ၊ အရောင်မှာ မီးခိုးရောင်နှင့် မျက်နှာအရောင်မှာ အဖြူရောင်ရှိသည်။

"ကျွန်တော်တို့ဒေသမျိုး မျောက်တွေဆိုရင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့၊ နေပြည်တော် ဆာဖာရီဥယျာဉ်တို့မှာ တွေ့နေကျပါပဲ။ ဒါပေမယ့် အခုတွေ့ရတဲ့မျောက်ကတော့ ကျွန်တော်တို့လည်း မမြင်ဖူးဘူးဗျ၊ မျောက်ကရိုင်းလည်း သိပ်မရိုင်းဘူးဗျ" ဟု ဝိုင်းဖမ်းပေးသည့် လုပ်သားမှူးတစ်ဦးက ပြောသည်။ အထက်ပါ ရှားပါးမျောက်မျိုးစိတ်ကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကိုပေါက်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



ဖခင်အမည်မှန်

အထက(၅)၊ ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်လင်းဝဏ္ဏအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး ၈/မကန(နိုင်)၀၁၀၀၈၉ ဖြစ်ပါသည်။



ဖခင်အမည်မှန်

အထက(၃)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တက္ကသိုလ်ဝင်တန်း(D)မှ မဆုလေးနွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ဖြစ်ပါသည်။

ဦးအောင်ကိုကို ၇/သကန(နိုင်)၀၉၃၀၇၁

ပျောက်ဆုံး

ကျွန်တော် ဦးရှိန်းသူစိုး၏ နိုင်ငံကူးလက်မှတ် MO-၄၃၇၄၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၃၁၀၁၄၄၊ ၀၉-၂၅၀၁၈၄၅၁၉**

မေတ္တာရှင်ကုသိုလ်ဖြစ်(အခမဲ့) ခုတင်(၁၀၀) အထွေထွေရောဂါကုဆေးရုံ အလှူဒါန

တောင်ကြီးမြို့၊ မေတ္တာရှင် နာမှုကူညီရေးနှင့် ကုသိုလ်ဖြစ်(အခမဲ့)ဆေးခန်း သြဝါဒစရိယ ဆရာတော်ကြီးများ (ပရိယတ္တိစာသင်တိုက်ကြီးများ၏ ပဓာနနာယကဆရာတော်ကြီးများ)ဦးစီးတည်ဆောက်လျက်ရှိသော မေတ္တာရှင်ကုသိုလ်ဖြစ်(အခမဲ့) ခုတင်(၁၀၀) အထွေထွေရောဂါကုဆေးရုံကြီး အလှူရှင်များစာရင်းကို ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဖော်ပြအပ်ပါသည်။

စဉ်	အမည်	အခန်း/အရေအတွက်	အလှူငွေ
၁။	ဦးချမ်းငြိမ်း-ဒေါ်သန်းစိန်၊နုနုလင်း၊ချိုချိုဝင်း၊ သန်းဝင်း၊ ဝင်းမေတ္တာဆီဆိုင်၊ ကန်သာရပ်	၁	သိန်း ၇၀
၂။	ဦးလှသောင်း-ဒေါ်တင်ဥမိသားစု၊ ရ/၁၂၅၊ အနောက်မြို့ပတ်လမ်း၊ နယ်မြေ ၁၄၊ ရတနာသီရိရပ်	၁	၃၆ သိန်း
၃။	ကွယ်လွန်သူဖခင်ကြီး(ဦးလှမောင်) အစ်ကိုကြီး(ကိုတင်ဝင်းတို့အားရည်စူး၍)မိခင်ကြီးဒေါ်ကျင်လှ၊ (သမီး)သန်းသန်းဌေး၊ မအေးအေးသန်း၊ ပန်းကမ္ဘာမိသားစုအထည်ဆိုင်၊ ဈေးချို၊ မန္တလေးမြို့။	၁	၃၆ သိန်း
၄။	ဦးတင်ဝင်း(အောင်မြတ်ကုမ္ပဏီ)-ဒေါ်ရှုဖောင်(စံပယ်စတိုး) သားသမီးမြေးတစ်စု၊ မ/၁၂၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တောင်ကြီး	၁	၃၆ သိန်း
၅။	ဦးစိုင်းသော်တာ(ခ)ကိုမောင်မောင်-ဒေါ်နန်းမွမ်း၊ နဝရတ်ရွှေဆိုင် မြို့မဈေး	၁	၂၄ သိန်း
၆။	ကွယ်လွန်သူ ဦးခင်မောင်လတ် (၂)နှစ်(၄)လပြည့်အားရည်စူး၍ ဒေါ်လီလီမိသားစု၊ ၁၈၃၊ တောင်ခြေလမ်း၊ သစ်တောရပ်	၁	၂၄ သိန်း
၇။	ဒေါ်ရွှေလွှမ်းမိသားစု၊ ၃၂၊ ဥသြလမ်း၊ ညောင်ရွှေဟော်ကုန်းရပ် (၁၂×၁၀)ပေ နံရံ နှစ်ရွက်တံခါးမကြီးတစ်စုံပါ	၁	၅ သိန်း
၈။	ဦးကြီးမြင့်-ဒေါ်လီလီမိသားစု၊ ၅၊ စဝ်စံထွန်းလမ်း၊ ဟော်ကုန်းရပ်၊ (၁၂×၁၀)ပေ၊ နံရံနှစ်ရွက်တံခါးမကြီးတစ်စုံပါ။	၁	၅ သိန်း
၉။	ဘဒ္ဒန္တနာယက ကန္တဝါစက ပဏ္ဍိတ၊ ဥက္ကဋ္ဌ၊ မြို့နယ်သံဃာ့နာယကအဖွဲ့၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ (၁၂×၁၀)ပေ နံရံနှစ်ရွက်တံခါးမကြီးတစ်စုံပါ။	၁	၅ သိန်း
၁၀။	ဒေါ်တင်ရွှေ သား၊ သမီးမြေးတစ်စု၊ ၂၂ ပိတောက်လမ်း၊ ဟော်ကုန်းရပ်၊ ၁၂'×၁၀' နံရံနှစ်ရွက်၊ တံခါးမကြီးတစ်စုံပါ။	၁	၅ သိန်း
၁၁။	ဦးချောင်းငါး၊ ဦးဇော်မင်းအောင်တို့အားရည်စူး၍ ဒေါ်ခင်မြ၊ မယဉ်မော်မိသားစု၊ ၉၇၊ ကုန်သည်လမ်း၊ ဈေးပိုင်းရပ်၊ (၁၂×၁၀)ပေ နံရံနှစ်ရွက် ပြတင်းတစ်စုံပါ ၁ ခန်း ၅ သိန်း	၁	၅ သိန်း
၁၂။	ဒေါ်ရွှေချည်မိသားစု၊ ၁၇၀၊ ပင်လုံလမ်း၊ ညောင်ရွှေဟော်ကုန်း၊ (၁၂×၁၀)ပေ နံရံ နှစ်ရွက်ပြတင်း	၁	၅ သိန်း
၁၃။	ဒေါ်တင်မြင့်၊ ကျောက်ဆောင်ရွာ၊ မိုးကုတ်မြို့	၁	၄ သိန်း
၁၄။	ကိုခွန်သီဟ-မအိမ့်အိမ်ဖြူမိသားစု၊ Natural မုန့်တိုက်၊ ညောင်ရွှေဟော်ကုန်း၊ လမ်းမတော်၊ (၈×၁၀)ပေ နံရံနှစ်ရွက်ပြတင်း	၁	၄ သိန်း
၁၅။	ကွယ်လွန်သူဦးစိုင်းကံအားရည်စူး၍ မမြင့်ဆွေ(သား)စိုင်းဟတ်ခေးဦးမိသားစု၊ ၁/၅၆၊ ကမ္ဘောဇလမ်း၊ သစ်တော၊ ၁၂"×၁၂"×၁၀' သံကူကွန်ကရစ်တိုင်	၁	၁၅၀၀၀၀ိ/-
၁၆။	ဦးထွန်းဝင်း-ဒေါ်နုနုထွေးအားအမှူးထား၍ (သမီး)မသဲနှင်းဖြူ၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ၁၂"×၁၂"×၁၀' သံကူကွန်ကရစ်တိုင်	၁	၁၅၀၀၀၀ိ/-
၁၇။	ဦးရွှေအိုး-ဒေါ်မြရင်၊ ၂/၁၆၅၊ ပိတောက်လမ်း၊ ဘုရားဖြူ ၉"×၉"×၁၀' သံကူကွန်ကရစ်တိုင်	၁	၁၂၀၀၀၀ိ/-
၁၈။	၁၄-၁၀-၇၅ ရက်တွင် ကွယ်လွန်သွားသော ဖခင်(ဦးဘိုးရီ) ၇-၁၀-၁၁ ရက်တွင်ကွယ်လွန်သွားသော အစ်ကို(ဦးစံရွှေ) တို့အားရည်စူး၍ ဦးစံလှ မောင်နှမတစ်စု၊ နှင်းဆီလမ်း၊ ပြည်တော်သာ၊ ၉"×၉"×၁၀' သံကူကွန်ကရစ်တိုင်	၁	၁၂၀၀၀၀ိ/-
၁၉။	မိဘနှစ်ပါးအားရည်စူး၍အလှူငွေ၊ ဘုရင့်နောင်ကားပစ္စည်းဆိုင်၊ ၄'ကျယ် တံခါးကျည်းခွေ	၁	၁၅၀၀၀၀ိ/-
၂၀။	ကွယ်လွန်သူဖခင်(ဦးထွန်းကြည်)အားရည်စူး၍ ဒေါ်နန်းရွှေဥ၊ ဒေါ်နန်းမြတ်မြတ်ထွန်း၊ နန်းစံလှိုင်ဦး၊ စိုင်းမင်းသက္ကမိသားစု၊ ကွန်ဟိန်းမြို့၊ ၂'×၇' ကျွန်းတံခါး	၁	၁၄၀၀၀၀ိ/-
၂၁။	ကွမ်းတုံဗုဒ္ဓဘာသာဘုရားကျောင်း။ ကန်အောက်ရပ်	-	၃၀၀၀၀ိ/-
၂၂။	ဆန်းမင်းဟိုတယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း	-	၃၀၀၀၀ိ/-
၂၃။	စဝ်စံထွန်းဈေး၊ မြို့မဈေးကြီးမှ ဈေးသူ/ဈေးသားများ၊ တောင်ကြီး		၁၁၆၈၀၀ိ/-
၂၄။	ဒေါ်စိုးစိုးနွယ်မိသားစု၊ Shine Hope အဖွဲ့	-	၁၀၀၀၀ိ/-
၂၅။	ကိုဆန်းဝင်း-မအိအိခိုင်(သမီး)မရွှန်းဝတ်လွှာမိသားစု၊ ရွှေသူဌေးကုန်း	-	၁၀၀၀၀ိ/-
၂၆။	စိုင်းပိုင်းဘုန်းခန့်(၂)နှစ်ပြည့်မွေးနေ့အလှူ	-	၁၀၀၀၀ိ/-
၂၇။	ကွယ်လွန်သူပွဲစားကြီးဦးမောင်-ဒေါ်နန်းဆာတို့အားရည်စူး၍ (သမီး)ဒေါက်တာဒေါ်ခင်မော်၊ အမှတ် ၆၈၊ နဂါးပွက်ကျောင်းလမ်း၊ ကန်အောက်	-	၁၀၀၀၀ိ/-

ရပ်နီးရပ်ဝေးမှ အလှူရှင်များ လှူဒါန်းလိုပါက မေတ္တာရှင်အသင်း ဖုန်း-၀၈၁-၂၀၅၁၉၄၊ ၀၈၁-၂၀၅၂၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် တောင်ကြီးမြို့၊ ကမ္ဘောဇဘဏ်(၁)၊ ငွေစုစာရင်းအမှတ် ၀၀၁၁၂၃၀၀၀၁၆၈၈သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံလိဂ်ပွဲစဉ် (၂) မှာ ပွဲကျပ်တိုးမယ့် ထိပ်တန်းအသင်းတွေ

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂) ပွဲကောင်းတွေ အောက်တိုဘာ ၁ ရက်နဲ့ ၂ ရက်နေ့တွေမှာ အသင့်စောင့်ကြိုနေပြန်ပြီဖြစ်ပါတယ်။ ပြည်တွင်းလိဂ်ပွဲစဉ်တွေ အကြိတ်အနယ်နွှဲခဲ့ရလို့ ပွဲပန်းနေပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်တွေကလည်း အားလျှော့လို့မရပြန်ပါဘူး၊ ပြိုင်ဘက်တိုင်းအစွမ်းထက်ကြတာမို့ အသင်းကြီးတွေ ဖိစီးမှုများစွာနဲ့ ရင်ဆိုင်ကြရဦးမှာ ဖြစ်ပါတယ်။

အာဆင်နယ်နှင့် နာပိုလီ

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့မှုဟာ နှစ်ဂိုးစီသရေပွဲပါ၊ အခုအချိန်မှာတော့ အာဆင်နယ်ကရလဒ်ကောင်းနေပါတယ်။ အာစင်ဝင်းဂါးရဲ့စွမ်းအားစုတွေက ဒီပွဲရလဒ်ကို ပုံဖော်ပါလိမ့်မယ်။ နာပိုလီကတော့ ဘင်နီတက်ဇ် အခင်းအကျင်းအောက်မှာ ရှန်းကန်ရမှာ သေချာနေပြီး အာဆင်နယ်ကတော့အိမ်ကွင်းမှာ အမှားမရှိနိုင်ပါဘူး။

ဆဲလ်တစ်နှင့် ဘာစီလိုနာ

ပြီးခဲ့တဲ့နှစ် နောက်ဆုံးတွေ့ဆုံမှုမှာ ဆဲလ်တစ်တို့က ဘာစီလိုနာကို နှစ်ဂိုး-တစ်ဂိုးနဲ့ သင်ခန်းစာပေးထားပါတယ်။ ဒီနှစ်ဘောလုံးရာသီ စကော့တလန်လိဂ်မှာ ဆဲလ်တစ်တို့ ရှုံးပွဲမရှိသေးတာမို့ ဘာစီလိုနာတို့ အမြင့်စိတ်မွေးဖို့ ခက်ခဲပါလိမ့်မယ်။ ဘာစီလိုနာတို့ဟာ လာလီဂါမှာတော့ ပွဲတိုင်းအနိုင်ပါပဲ။ အခုပွဲမှာ ဘာစီလိုနာတို့ ရှုံးကြွေးကို ပြန်ဆပ်ပါလိမ့်မယ်။

အိုင်းယက်စ်နှင့် အေစီမီလန်

ခြေရည်တူမို့ ပွဲကောင်းပါပဲ။ အုပ်စု(H)မှာ အမှတ်မရသေးတဲ့ အိုင်းယက်စ်တို့ ဒီပွဲမှာ အမှတ်ယူပါလိမ့်မယ်။ ဟော်လန်လိဂ်မှာတော့ ခြေစွမ်းမတည်ငြိမ်တဲ့ အိုင်းယက်စ်ဟာ ဒီပွဲမှာ အေစီမီလန်ကို အမှတ်ခွဲမပေးရအောင် ကြိုးစားပါလိမ့်မယ်။ အေစီမီလန်မှာ ဘာလော့တယ်လီလည်း ပွဲပယ်ပြစ်ဒဏ်ခံနေရတာမို့ တိုက်စစ်ပိုင်းအားနည်းနိုင်ပြီး အကျပ်အတည်းနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ အကြိုက်က အိမ်ရှင်ပါ။

စတူအာနှင့် ချယ်လ်ဆီး

ဒီနှစ် ရိုမေးနီးယားလိဂ်မှာ စတူအာတို့ ရှုံးပွဲမရှိသေးပါဘူး၊ တိုက်စစ်မှူးတွေကလည်း ခြေစွမ်းပြဂိုးတွေသွင်းယူနိုင်တာမို့ ချယ်လ်ဆီးတို့ သတိထားရမှာပါ။ ဖိအားတွေနဲ့ ရင်ဆိုင်နေရတဲ့ ချယ်လ်ဆီးဟာ ဒီပွဲကို အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် စတူအာရဲ့ အိမ်ကွင်းခြေစွမ်းက အပြင်းစားမို့ ချယ်လ်ဆီးမျှော်လင့်ချက်ပြည့်ဝဖို့ခက်ခဲမှာ သေချာပါတယ်။

ဒေါ့မွန်နှင့် မာဆေး

ဒေါ့မွန်တို့ အိမ်ကွင်းမှာ မာဆေးကို ရှုံးပွဲကြုံထားတဲ့ အကြွေးကို ပြန်ဆပ်နိုင်မလား ကြည့်ရမယ့်ပွဲပါ။ ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ ဒေါ့မွန်တို့ ရှုံးပွဲမရှိသေးပါဘူး၊ မာဆေးတို့က ဒီနှစ် ပြင်သစ်လီဂူးမှာ ရလဒ်တွေ ကျဆင်းနေတာမို့ အနိုင်ရလဒ်ဟာ အိမ်ရှင်တို့အတွက်ပဲ သတ်မှတ်ရမှာပါ။

ပေါ်တိုနှင့် အက်သလက်တီကို

ဒီနှစ် ပေါ်တူဂီလိဂ်မှာ အကောင်းဆုံးခြေစွမ်းရရှိနေတဲ့ ပေါ်တိုနဲ့ ဒီနှစ် လာလီဂါမှာ ပွဲတိုင်းအနိုင်ယူထားတဲ့ အက်သလက်တီကိုတို့ပွဲက အကြိတ်အနယ်ရှိမှာပါ။ တိုက်စစ်ပိုင်းမှာ အက်သလက်တီကိုတို့က ထက်မြက်ပြီး ခံစစ်ပိုင်းမှာ ပေါ်တိုတို့က ပိုပြီးကျစ်လျစ်ပါတယ်။ ဒီပွဲမှာ သုံးမှတ်စလုံး အိမ်ရှင်တို့ သိမ်းပိုက်ဖို့ အားထုတ်ပါလိမ့်မယ်။ ။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်-၂

သီဟ

၁-၁၀-၂၀၁၃

ဇင်းနစ်	-	ဩစတြီးယားဝီအန်	ည ၁၀း၃၀

၂-၁၀-၂၀၁၃

ပေါ်တို	-	**အက်သလက်တီကို**	နံနက် ၁း၁၅
အိုင်းယက်စ်	-	**အေစီမီလန်**	နံနက် ၁း၁၅
ဆဲလ်တစ်	-	**ဘာစီလိုနာ**	နံနက် ၁း၁၅
ဘေဆယ်လ်	-	**ရှော်လ်ကေး**	နံနက် ၁း၁၅
စတူအာဘူခါရက်စ်	-	**ချယ်လ်ဆီး**	နံနက် ၁း၁၅
ဒေါ့မွန်	-	မာဆေး	နံနက် ၁း၁၅
အာဆင်နယ်	-	**နာပိုလီ**	နံနက် ၁း၁၅

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၁၀

၂-၁၀-၂၀၁၃

ဒွန်ကတ်စတာ	-	**ဘန်လေ**	နံနက် ၁း၁၅
ဘန်စလေ	-	**ရီးဒင်း**	နံနက် ၁း၁၅
ဘာမင်ဂမ်	-	မီဝေါလ်	နံနက် ၁း၁၅
မစ်ဒယ်ဘရော့	-	ဟက်ဒါဖီးလ်	နံနက် ၁း၁၅
ဘရိုက်တန်	-	ရှက်ဖီးဝက်နက်စ်ဒေး	နံနက် ၁း၁၅
ချာလ်တန်	-	**နော်တင်ဟမ်**	နံနက် ၁း၁၅
လိဒ်ယူနိုက်တက်	-	**ဘုန်းမောက်**	နံနက် ၁း၁၅
ယီအိုဗီးလ်	-	**လက်စတာ**	နံနက် ၁း၁၅
ဒါဘီ	-	**အစ်ဆွစ်**	နံနက် ၁း၁၅
ဘလက်ဘန်း	-	**ဝက်ဖို့ဒ်**	နံနက် ၁း၁၅
ဘလက်ပူးလ်	-	ဘော်လ်တန်	နံနက် ၁း၃၀

စက်တင်ဘာ ၂၉/၃၀ ဘောလုံးပွဲရလဒ်များ

ဆန်းဒါးလန်း	၁-၃	လီဗာပူး
ရိုးမား	၅-၀	ဘိုလော့ဂ်နာ
ဆဲလ်တာဗီဂို	၀-၁	အဲလ်ချီ
အက်စ်ပန်ညို	၀-၂	ဂီတာဖေး
ဘက်တစ်	၁-၀	ဗီလာရီးရဲလ်
ဘရန့်ရှဝိန်း	၀-၄	စတုဂတ်
အဂျာစီယို	၁-၁	မောင့်ပယ်လီယာ
ရိမ်းစ်	၁-၁	မိုနာကို

ဂါဗင်ညို ရိုးမားကိုထိပ်ဆုံးပို့

အာဆင်နယ်တိုက်စစ်မှူးဟောင်း ဂါဗင်ညိုသည် စီးရီးအေတွင် ဘိုလော့ဂ်နာကို ငါးဂိုးပြတ်သွင်းကာအနိုင်ယူစဉ် နှစ်ဂိုးသွင်းယူပြီး ၎င်း၏ အသင်းရိုးမားကို စီးရီးအေဇယားထိပ်ဆုံးသို့ ပို့ပေးလိုက်သည်။

ဆွာရက်ဇ် ပရီမီယာလိဂ်သို့ ပြန်လာပြီ

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် လီဗာပူးနှင့် ဆန်းဒါးလန်းတို့ စက်တင်ဘာ ၂၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးက အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ယင်းပြိုင်ပွဲတွင် တိုက်စစ်မှူးဆွာရက်ဇ်က နှစ်ဂိုးသွင်းယူပေးပြီး လီဗာပူးအသင်းကို အမှတ်ပေးဇယား ဒုတိယနေရာသို့ အရောက်ပို့ပေးနိုင်ခဲ့သည်။ ၁၀ပွဲပိတ်ပင်ခံရသည့် တိုက်စစ်မှူးဆွာရက်ဇ်သည် ဧပြီ ၂၁ ရက်နောက်ပိုင်း ပရီမီယာလိဂ်တွင် ပြန်ကစားရာ၌ ဂိုးစတင်သွင်းယူနိုင်ခြင်းဖြစ်သည်။ ဒန်နီရယ်စတာရစ်က လီဗာပူးအတွက် ဖွင့်ဆော်ဦးဂိုးသွင်းပြီးနောက် ဆွာရက်ဇ်က နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဆန်းဒါးလန်းအတွက် တစ်လုံး တည်းသော ချေပဂိုးကို ဂျီယာချယ်ရီနီက သွင်းယူခဲ့သည်။

မက်ဆီ သုံးပတ်နားရမည်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် စက်တင်ဘာ ၂၈ ရက်က အယ်လ်မာရီယာကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရသည့်ပွဲတွင် ညာဘက်ပေါင်ကြွက်သားထိခိုက်အနာတရဖြစ်သွားသဖြင့် သုံးပတ်ကြာ အနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။ ယင်းဒဏ်ရာရမှုကြောင့် မက်ဆီသည် စက်တင်ဘာ ၁ ရက် ဆဲလ်တစ်နှင့်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လွဲချော်မည်ဖြစ်သည်။



ကင်ညာအပြေးသမား မာရသွန်စံချိန်သစ်တင်

ကင်ညာအပြေးသမား ဝီလ်ဆင်ကစ်ဆန်းသည် စက်တင်ဘာ ၂၉ ရက်က ကျင်းပသော ဘာလင်မာရသွန်ပြိုင်ပွဲတွင် ကမ္ဘာ့အမြန်ဆုံး မာရသွန်စံချိန်သစ် တင်နိုင်ခဲ့သည်။ ၎င်းသည် ယင်းပြိုင်ပွဲတွင် လက်ရှိကမ္ဘာ့စံချိန်ထက် ၁၅ စက္ကန့်စော၍ ပန်းဝင်နိုင်ခဲ့သည်။ အသက် ၃၁နှစ်ရှိ ကစ်ဆန်းသည် ယင်းပြိုင်ပွဲတွင် ၂ နာရီ ၃ မိနစ် ၂၃ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ယင်းစံချိန်သည် လွန်ခဲ့သော နှစ်နှစ်က တစ်နိုင်ငံတည်းသား ပက်ထရစ် မာကော တင်ထားသော စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။ မာကောသည် ဂျာမနီမြို့တော် ဘာလင်၌ ကျင်းပသော မာရသွန်၌ပင် စံချိန် ၂ နာရီ ၃ မိနစ် ၃၈ စက္ကန့်ဖြင့် စံချိန်တင်ခဲ့သည်။

အဆိုပါ မာရသွန်ပြိုင်ပွဲတွင် အခြားသော ကင်ညာအပြေးသမားဖြစ်ကြသည့် ကစ်ချော့နှင့်ဂျော့ဖရေးကစ်ဆန်းတို့က ဒုတိယနှင့်တတိယဆုများ အသီးသီးဆွတ်ခူးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

သတင်းဆောင်းပါးနှင့်ကြော်ငြာ

ရိုးရာအစဉ်အလာမပျက် မောရှမ်းမြေက ဝါကျွတ်ချိန်အလှူ

သတင်းမြင်ကွင်း - စိုင်းသာလှိုင်(လိမ္မော်မြေ)
ဓာတ်ပုံ - စိုင်း(သီပေါ)

မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် သီတင်းကျွတ်လသည် ထူးမြတ် ကောင်းမွန်သည့် အစဉ်အလာများနှင့် ပြည့်စုံသောလဖြစ်သည်။ သီတင်းကျွတ်၏အဓိပ္ပာယ်မှာ “သီတင်း”သည် သီတင်းသုံးနေထိုင်သည်ဟူ၍ဖြစ်ပြီး “ကျွတ်”သည် ကျွတ်လွတ်ခြင်းဟူ၍ဆိုလိုသည်။ ထို့ကြောင့် သီတင်းကျွတ်လဆိုသည်မှာ ဝါတွင်းသုံးလပတ်လုံး ရဟန်းတော်များ ဝါဆိုဝါကပ်တော်မူရာမှ ကျွတ်လွတ်သောလ၊ ဝါကျွတ်သောလဟူ၍ အဓိပ္ပာယ်ရပါသည်။

မြတ်စွာဘုရားရှင်သည် ဝါတော်ခုနစ်ဝါမြောက် ဆိုတော်မူစဉ်တွင် မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သောဆန္ဒဖြင့် လူ့ပြည်မှ တာဝတိံသာနတ်ပြည်သို့ ကြွရောက်ကာ အဘိဓမ္မာတရားကိုဟောကြားတော်မူသည်မှာ ဝါတွင်း သုံးလပတ်လုံးမှ သီတင်းကျွတ်အထိဖြစ်၍ သီတင်းကျွတ် လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ကြသည်။

မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွမြန်းရာတွင် ဝဲယာတစ်ဖက်စီ၌ ရွှေစောင်းတန်းမှ ဗြဟ္မာ၊ ငွေစောင်းတန်းမှ နတ်တို့သည် ထီး၊ တံခွန်၊ ဆီမီးစသည်ဖြင့် ပူဇော်မှုတို့ကိုပြု၍ နောက်တော်မှ ခြံရံကာလိုက်ပါပို့ဆောင်ကြသည်။ လူအပေါင်းတို့ကလည်း မြတ်စွာဘုရားရှင် လူ့ပြည်သို့သက်ဆင်းသည့် အထိမ်းအမှတ်အဖြစ် ဆီမီးရောင်စုံ ထွန်းညှိကာ ရည်စူးပူဇော်ကြသည်။ ထိုအချိန်မှစ၍ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ကျင်းပကြခြင်းဖြစ်သည်။

ရှမ်းတိုင်းရင်းသားများသည် သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲ ဒါနပြုရန် ချိန်ဆန်ပွတ်(ခေါ်) သင်မုခ်စင်ဘုရားကျောင်းဆောင်လှူဒါန်းပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြသည်။ ဘုန်းတော်ကြီးကျောင်း၌ ပူဇော်ကန်တော့ရန် မိမိတို့၏ကောက်စော ကောက်ဦးစပါးများကို ဝါကျွတ်ကာလအမီ လှူဒါန်းနိုင်ရန် ကြိုတင်ရိတ်သိမ်းပြင်ဆင်ထားကြသည်။ ခြံထဲတွင် စိုက်ပျိုးထားသော ငှက်ပျောသီး၊ လိမ္မော်သီး၊ မြေပဲနှင့်ကန်စွန်းဥများကိုလည်း ကြိုတင်ဆွတ်ခူးတူးဖော်ထားကြသည်။

ချိန်ဆန်ပွတ်(ခေါ်)သင်မုခ်စင်ဘုရားကျောင်းဆောင်များကို မိမိနေအိမ်၏ ဥပစာအပြင် အရှေ့ဘက်ကြမ်းပြင်ထိပ်ဆုံးတွင် ဝါးတိုင်လေးတိုင်စိုက်ထူပြီး ဝရန်တာထိပ်လက် လှမ်းမီရုံနေရာတွင် လေးထောင့်စင်တစ်ခုဖြင့် ပြုလုပ်လေ့ရှိပြီး တစ်ပင်တိုင်ပြုလုပ်သည်လည်းရှိသည်။

ဘုရားကျောင်းဆောင်ကို ဝါးနှီးများဖြင့် ကျောင်းဆောင်ပုံသဏ္ဌာန်ရက်လုပ်ပြီး ဆေးဆိုးခြင်း၊ ဘုံအဆင့်ဆင့်ရှိပြာသာဒ်ဆောင်ပုံအတိုင်း ပြုလုပ်ပြီး ရှမ်းစက္ကူ(မိုင်းကိုင်စက္ကူ)များဖြင့် ဖုံးအုပ်ပုံဖော်ကာ ဆေးရောင်ခြယ်သခြင်းအပြင် ရွှေရောင်၊ ငွေရောင်စက္ကူများဖြင့် ပန်းဆွဲကြာယပ်တို့နှင့် သပ်ရပ်စွာပြုလုပ်ကြသည်။ လေးပင်တိုင်စင်ထိပ်၌ သီတင်းကျွတ်လဆန်း ၁၄ ရက် ညနေချိန်တွင် သင်မုခ်စင်ဘုရားကျောင်းဆောင်တင်ထားရသည်။ ဘုရားကျောင်းဆောင်များမှာ အရွယ်အစားပုံသဏ္ဌာန်အမျိုးမျိုး ပြုလုပ်ထားပြီး အကြိုဈေးနေ့များတွင် ရောင်းချလေ့ရှိသည်။ အချို့လည်း “ချိန်ဆန်ပွတ်” ဆောက်လုပ်သည့်နေရာကို အိမ်ဝင်းအတွင်း သီးသန့်နေရာ၌ ဆောက်လုပ်ပြီး အောက်ခြေမှ

အပေါ်ထိ စင်အဆင့်ဆင့်ဆောက်လုပ်ကြသည်။ ခြံဝင်းမှ ဘုရားစင်အဝင်ဝအထိ သွားရာလမ်းတွင်လည်း ရှင်းလင်း၍ သဲခင်းထားပြီး မီးကြာ သို့မဟုတ် အလင်းတိုင်ဘေး တစ်ဖက်တစ်ချက်စိုက်ထူနိုင်ရန် တိုင်များ၊ တန်းများ စိုက်ထူထားကြသည်။

တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာများနှင့်စပါးပင်၊ ကြံပင်၊ ငှက်ပျောပင်၊ ချင်းပင်၊ ပန်းပင်များကို သင်မုခ်စင်ဘုရားကျောင်းဆောင်၏ လေးထောင့်ပတ်လည်တိုင်တွင် လှပစွာချည်နှောင်စိုက်ထူထားသည်။ သင်မုခ်စင်၏ ဘေးသုံးဖက်နှင့် အဝင်ဝမီးကြာ(သို့)အလင်းတိုင်ထွန်းညှိမည့်လမ်း ဘေးတစ်ဖက်တစ်ချက်တွင် ရာဇမတ်ကာ၍ ထားရှိသည်။ စင်၏အောက်တွင် အုန်းသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရှောက်ချိုသီး၊ လိမ္မော်သီး၊ ကန်စွန်းဥ၊ ကြံချောင်း၊ မြေပဲ၊ မုန့်မျိုးစုံစသည်များကို တွဲလောင်းချိတ်ဆွဲထားကြသည်။

စင်ပေါ်ရှိ ဘုရားကျောင်းဆောင်ရှေ့တွင် အုန်းသီး၊ ငှက်ပျောသီး၊ ကွမ်း၊ ဆေးများပါသောဘုရားကန်တော့ပွဲ တစ်ခုလည်း ပြင်ဆင်၍ တင်ထားကြသည်။

သီတင်းကျွတ်လဆန်း ၁၄ရက် အဖိတ်နေ့ညတွင် ပန်း၊ ရေချမ်း၊ ဆီမီးခွက်၊ အမွှေးတိုင်များဖြင့် အကြိုညအဖြစ် စတင်လှူဒါန်းပူဇော်ကြသည်။ အဆိုပါညနေတွင် နံနက် မိုးသောက်ချိန်ဘုရားဆွမ်းတော်တင်ရန်အတွက် သီးနှံ၊ ယိုစုံအမျိုးမျိုး၊ မုန့်အမျိုးမျိုးကြိုတင်ပြုလုပ်စီမံထားပေသည်။ မိမိခြံအတွင်းမှထွက်ရှိသော သစ်သီးဝလံ၊ ပန်းမန်မျိုးစုံကိုလည်း ပတ်ဝန်းကျင် အိမ်နီးနားချင်းသို့ သွားရောက်လှူဒါန်းကြသည်။ ကြိုတင်ပြင်ဆင်မှုများအတွက်အိမ်တိုင်းလိုလိုပင် ကိုယ်စီအလုပ်များနေကြသည်။ ထိုညနေပိုင်းမှာပင် ဘိုးဘွားမိဘများကို သွားရောက်ကန်တော့ကြသည်လည်း ရှိပေသည်။ အချို့လည်း လပြည့်နေ့နံနက်ပိုင်းတွင် ကန်တော့ကြသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အချို၊ အချဉ်၊ ယိုမျိုးစုံ၊ မုန့်မျိုးစုံများကို ဘုရားကျောင်းဆောင်အတွင်း တင်ထားပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူမည်ဖြစ်သော မြတ်စွာဘုရားကို ရည်မှန်းကာ “ချိန်ဆန်ပွတ်” အတွင်းသို့ ကြွရောက်သီတင်းသုံးတော်မူပါရန် ပင့်ဖိတ် လျှောက်ထား ရှိခိုးလျက် လျှူဖွယ် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပူဇော်မှုပြုကြသည်။ ကလေးသူငယ်များကလည်း မီးရှူး၊ မီးပန်း၊ ဗြောက်အိုးများ ပစ်ဖောက်ကြသည်။ နံနက်မိုးလင်းသောအခါ ရဟန်းသံဃာတော်များအား ပူဇော် ကန်တော့ရန်နှင့် ဥပုသ်သီတင်းသီလ ဆောက်တည်ရန် မိသားစုများစုစည်းပြီး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကြပေသည်။

သီတင်းကျွတ်လပြည့်ညတွင် ဘုရားကျောင်းဆောင် ပတ်လည်နှင့်အဝင်လမ်းတစ်ဖက်တစ်ချက်၌ ပျားဖယောင်းကိုပြုလုပ်ထားသော ဆီမီးခွက်များဖြင့်မီးကြာများပေါ်တွင် တင်ကာ ထိန်ထိန်လင်းနေအောင်မီးပူဇော်လှူဒါန်းကြသည်။ ထိုသို့ချိန်ဆန်ပွတ်(သင်မုခ်စင်) ကျောင်းထားရှိကာ ပူဇော် လှူဒါန်းခြင်းကို သီတင်းကျွတ်လပြည့်ကျော် ၈ရက်နေ့အထိ ထားရှိပူဇော်လေ့ရှိသည်။

သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့ညတွင် အိမ်မကြီး အဝင်တံခါး၊ အိမ်ဝင်းခြံအတွင်းပေါက်၊ အိမ်လှေကား၊ အိမ်တွင်းရှိ အဝတ်အထည်သေတ္တာ၊ ရွှေငွေသေတ္တာ၊ မီးဖို၊ ဆန်အိုး၊ ရေတွင်း၊ စပါးကျီစသည့်နေရာများတွင် ဆီမီးထွန်းညှိပူဇော်ကြသည်။ သက်ဆိုင်ရာ အစောင့်အရှောက်များကို ပူဇော်ခြင်းဖြစ်ပြီး လာဘ်လာဘရွှင်အောင် ဥစ္စာပစ္စည်းရွှေငွေရတနာ ပစ္စည်းများ တိုးပွားလာအောင် ထွန်းညှိပသခြင်းဖြစ်သည်ဟု အယူရှိကြသည်။ လယ်မြေ၊ ယာမြေ၊ စပါးခင်း၊ သီးနှံခင်းများတွင်လည်း မီးကြာတစ်တိုင် စိုက်ထူပြီး ထွန်းညှိပသထားကြသည်။

အဆိုပါနေ့ဘက်တွင် ကျေးရွာ၊ ရပ်ကွက်အလိုက် စုပေါင်းပြီး မီးကြာ ပဒေသာများ၊ ရောင်စုံမီးပုံးများ ပြုလုပ်လျက်“တိန်းဟိန်”ခေါ် မီးထောင်ပြည့် ပူဇော်ပွဲများပြုလုပ် ကျင်းပကြပေသည်။

ရပ်ရွာအတွင်းစီတန်းလှည့်လည်ပြီး ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်းပူဇော်ကြသည်။ စီတန်းလှည့်လည်ရာတွင် ရှမ်းအိုးစည်၊ ဗုံမောင်းတီးမှုတ်၍ တိုးနရားအက၊ ကိန္နရီကိန္နရာအက၊ ဓားသိုင်း၊ လှံသိုင်း အကများလည်း ကပြဖျော်ဖြေကြသည်။ သီတင်းကျွတ်လပြည့်နေ့ နောက်ပိုင်းတွင် ရပ်ဝေးဒေသရှိ ဘိုးဘွားမိဘများ ရှိရာသို့ ညအိပ်ညနေသွားရောက်ကန်တော့ကြသည့် အစဉ်အလာကို ယနေ့တိုင်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြသည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ ရာသီအလိုက် ပွဲများကိုကြည့်ခြင်းအားဖြင့် တစ်မူးရလို့တစ်ပဲလှူ တို့ရှမ်းတောင်သူ တုနိုင်ရိုးလား ဆိုရိုးစကားနှင့်အညီ အလှူဒါနပြုရာတွင် ရက်ရောလှကြောင်း တွေ့မြင်နိုင်သည်။ မိဘဘိုးဘွားများ၏ ရှေးအစဉ်အလာကောင်းများကို မိမိတို့သားသမီးမြေးမြစ်များက ဆက်ခံပြီး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပျောက်ကွယ်ခြင်းမရှိရလေအောင် မျက်ခြည်ပြတ်မခံဘဲ ထာဝရထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြရပါသည်။ ။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး ဖြည့်စွက်လုပ်ငန်းများ (မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါသည်။ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များသည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သို့ လာရောက်စုံစမ်းလေ့လာကာ တင်ဒါလုပ်ငန်းစာရင်း၊ စည်းကမ်းချက်များနှင့် တင်သွင်းလွှာများအား ရယူပြီး ၁-၁၁-၂၀၁၃ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့် လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(တောင်ငူ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Drawing Board and Table	(၅၀) လုံး
၂။	ကုလားထိုင်(လက်တန်းမပါ)	(၅) လုံး
၃။	ကုလားထိုင်(ဘွဲ့နှင်းသဘင်)	(၁၂) လုံး
၄။	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	(၁၅၀) လုံး
၅။	ဖိုင်တင်စင်(၃'×၁'×၃')	(၅) လုံး
၆။	Notic-Board(6'x4')	(၃) လုံး
၇။	Computer Table	(၁၀) လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၉-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(တောင်ငူ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၃ရက် ညနေ ၃နာရီနောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို စီမံဌာနမှူး နည်းပညာတက္ကသိုလ်(တောင်ငူ) ဖုန်း-၀၅၄-၂၇၂၈၆ သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(တောင်ငူ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ဟသ္သာတ)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ဟသ္သာတ)မှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ကုလားထိုင် (လက်တန်းမပါ)	(15) Nos.
(ခ)	ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ)	(20) Nos.
(ဂ)	ဖိုင်တင်စင် (၃'×၁'×၃')	(5) Nos.
(ဃ)	Notice-Board (၆'×၄')	(5) Nos.
(င)	Computer Table	(2) Nos.

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁-၁၀-၂၀၁၃ ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၁၀-၂၀၁၃ ရက် မွန်းလွဲ ၂း၀၀ နာရီ
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(ဟသ္သာတ)
ဟသ္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊
ဖုန်း-၀၉-၈၅၈၀၇၆၆၊ ၀၄၄-၂၁၀၃၈

ဖခင်အမည်မှန်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ တတိယနှစ် အဝေးသင်ကျောင်းမှ မိုဟာမက်ဖာရွတ်(ခ)မောင်ကျော်သိန်း ၁၂/ပဘတ(နိုင်)၀၃၁၆၆၀ ၏ဖခင်အမည်မှန်မှာ ဦးယူစွတ်(ခ)ရွှေသိန်း ၁၂/သဃက(နိုင်)၁၂၅၀၀၅ ဖြစ်ပါသည်။

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့၊ အထက-၁၊ တက္ကသိုလ်ဝင်တန်း(B) မှမသန္တာအောင်၏ဖခင်အမည်မှန်မှာဦးမောင်မောင်တိုး၅/ကလထ(နိုင်)၁၁၄၅၇၁ ဖြစ်ပါကြောင်း။
ဦးမောင်မောင်တိုး ၅/ကလထ(နိုင်)၁၁၄၅၇၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်မှင်၊ စာရေးကိရိယာများ 100 KVA မီးစက်၊ လေအေးပေးစက်နှင့် ဘက်ထရီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၀-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၀-၂၀၁၃ ရက် ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၃၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၉၇

ထုပ်ပိုးနှင့် ကုန်ကြမ်းပစ္စည်းများ
အဝယ်တင်ဒါ (မြန်မာကျပ်ငွေဖြင့်)

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်** - ထုပ်ပိုးပစ္စည်း (၁၄)မျိုးနှင့် ကုန်ကြမ်းပစ္စည်း(၄)မျိုး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၁-၁၀-၂၀၁၃ ရက်
၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)၊ အမှတ်(၂)ဆေးဝါးစက်ရုံ (အင်းရောင်း)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)	၀၆၇-၄၀၈၀၇၆
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန	၀၆၇-၄၀၈၃၅၄
နေပြည်တော်	

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာ့သြဇာသီး

သြဇာပင်သည် ကမ္ဘာတစ်ဝန်းတွင် ပေါက်ရောက်ပြီး ပူနွေးစိုစွတ်သောမြေများတွင် ကောင်းစွာဖြစ်ထွန်းပါသည်။ သြဇာပင်သည် အစေ့မှ အပင်ပေါက်နိုင်သည့်အပြင် ကိုင်းကူးကိုင်းဆက်နည်းဖြင့်လည်း ရှင်သန်နိုင်ပါသည်။ အစေ့မှစိုက်သော အပင်သည် အသီးနောက်ကျတတ်ပြီး ကိုင်းကူး၍စိုက်သော အပင်သည် တစ်နှစ်သားအရွယ်တွင်စ၍ အသီးသီးတတ်ပါသည်။ အပင်လောင်းရိပ်မိနေလျှင် နှစ်အတော်အတန်ကြာသည်အထိ အသီးမသီးတတ်ပါ။ ရှင်သန်ရာ ရာသီဥတုပေါ် မူတည်၍ အသီးအရွယ်အစား ကွဲပြားတတ်ပါသည်။ သြဇာပင်သည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် သဘာဝအလျောက်အလေ့ကျပေါက်ရောက်ပြီး ပြင်ဦးလွင်၊ တောင်ကြီးနှင့်ကရင်ပြည်နယ်တို့တွင် မိုးလယ်ကာလမှစ၍ အသီးလှိုင်လှိုင် ထွက်ရှိပါသည်။

သြဇာသီးကို သရေစာ အချိုပွဲအဖြစ်သာမက နွားနို့နှင့် ရောကာ မစ်ရှိတ်အဖြစ်လည်းကောင်း၊ ယို၊ ဂျယ်လီ၊ ရေခဲမုန့်၊ ဖျော်ရည်အဖြစ်လည်းကောင်း၊ ကိတ်မုန့်များတွင် အရသာ ပိုမိုကောင်းမွန်စေရန်အတွက်လည်းကောင်း အမျိုးမျိုးပြုလုပ်စားသုံးနိုင်သည်။

သြဇာသီးတွင် သိုင်ယာမင်ဘီဝမ်း၊ ဗီတာမင်အေ၊ ဘီ၊ စီ၊ ကစီဓာတ်၊ အက်စစ်ဓာတ်၊ ပရိုတင်း၊ ဇင့်၊ ကော့ပါး၊ ပိုတက်စီယမ်၊ သဘာဝသကြား၊ နိုင်ယာစင်၊ သံဓာတ်၊ ဆိုဒီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့် အမျှင်ဓာတ် စသည်များ ပါဝင်ပါသည်။ သြဇာသီးသည် နှလုံးနှင့်ဆိုင်သောရောဂါများကို တားဆီးပေးနိုင်ခြင်း၊ ကြွက်သား အားနည်းခြင်းများနှင့် ပင်ပန်းနွမ်းနယ်မှုကို သက်သာစေ

ခြင်း၊ လေဖြတ်ခြင်းနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်နိုင်ခြင်း၊ အဆစ်အမျက်ရောင်ရမ်းနာရောဂါအမျိုးမျိုးနှင့် ဂေါက်ရောဂါတို့ကို ကာကွယ်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်း၊ လေရောဂါနှင့်အစာအိမ်ရောဂါတို့အတွက် ဆေးအဖြစ် အသုံးပြုနိုင်သည်။ သြဇာသီးကို စားခြင်းဖြင့် ဆံပင်၊ မျက်စိ၊ ခြေသည်း လက်သည်းနှင့် အသားအရေတို့အတွက် အထောက်အကူ ဖြစ်စေပါသည်။ ဆေးလိပ်သောက်သူများအတွက် အဆုတ်မှ နီကိုတင်းဓာတ်ကို ဖြေဖျောက်ပေးကာ အဆုတ်သန့်စင်စေပါသည်။ ကိုယ်ဝန်ဆောင်များ အတွက်လည်း အားဖြည့်အစာအဖြစ် စားသုံးနိုင်ပါသည်။

စင်စစ် သြဇာပင်သည် အသီးသာမက အရွက်၊ အခေါက်၊ အမြစ်၊ အစေ့ စသည်ဖြင့် တစ်ပင်လုံး အသုံးဝင်ပါသည်။ အရွက်ကိုကြိတ်၍စားခြင်းဖြင့် သန်နှင့် တုတ်ကောင်များကို ကျစေသည်။ အကြောငုပ်ခြင်း၊ တက်ခြင်းများကို အုံပေးပါက သက်သာပျောက်ကင်းနိုင်သည်။ ခြေ၍ ရှူပေးပါက အမူးအမော်နှင့် ထိပ်ကပ်နာများကို ပျောက်စေသည်။ သြဇာသီးအစေ့သည် အဆိပ်ရှိသောကြောင့် စားသုံးရန်မသင့်သော်လည်း အစေ့မှုန့်ကို အနာများတွင် ဖြူးပေးပါက အင်းဆက်ပိုးများကို ကာကွယ်နိုင်သည်။ အမြစ်ကိုသွေး၍သောက်ပါက ဆီးချုပ်ရောဂါ ပျောက်ကင်းစေသည်။ အခေါက်ကို အားဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။

သြဇာသီးကို ပျားရည်နှင့် တွဲဖက်စားလျှင် အော့အန်တတ်ပြီး အခန့်မသင့်လျှင် သေစေနိုင်ပါသည်။ ဝက်သားဖြင့် တွဲဖက်စားလျှင် မူးဝေအော့အန်တတ်ပါသည်။ သဘာဝသကြားဓာတ် ကြွယ်ဝသောကြောင့် ဆီးချိုရောဂါရှင်များ ရှောင်ရှားသင့်ပါသည်။ ချွဲသလိပ်ကို အားပေးသောကြောင့် ပန်းနာရောဂါရှင်များ မစားသင့်ပါ။ အသီးနုများသည်အချိန်ကြာမြင့်စွာ အုပ်ထားသော်လည်း မမှည့်ဘဲ မှိုတက်၍ မည်းသွားတတ်ပါသည်။ ထို့ကြောင့် သြဇာသီးကို ကိုင်ကြည့်လျှင် အလေးချိန်စီးပြီး မျက်ကွင်းကျယ်သော အသီးအရင့်များကိုသာ ရွေးချယ်သင့်ပါကြောင်း။

လပြည့်သော်တာ

ကျန်းမာရေးအသိပညာပေးခြင်းနှင့် အခမဲ့ဆေးဝါးကုသခြင်း မဒေါက်မြို့၌ ဆောင်ရွက်

ပဲခူး စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကျေးလက်ဒေသပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူက အမှာစကားပြောကြားပြီး ဒေါက်တာမှိုင်းညိုက သွားကျန်းမာရေးဆိုင်ရာ ဗဟုသုတများ၊ ဒေါက်တာနီနီအေးက ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအကြောင်းနှင့် ဒေါက်တာအေးအေးမြင့်က သားအိမ်ခေါင်းကင်ဆာ ရောဂါအကြောင်းတို့ကို ဟောပြောကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် ကျန်းမာရေးဆိုင်ရာ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး မျက်စိဝေဒနာရှင်၊ သွားဝေဒနာရှင်၊ အထွေထွေရောဂါဝေဒနာရှင် ၆၈၂ ဦးအား အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများက အခမဲ့ဆေးဝါးကုသပေးကြသည်။

ထို့အပြင် ဒေသခံပြည်သူများအား ဆေးဝါးလှူဒါန်းခြင်း၊ ငွေများလှူဒါန်းခြင်းနှင့် သက်ကြီးရွယ်အိုအဘိုးအဘွားများအား သွားရောက်ကန်တော့ခြင်း၊ ကြယ်ပွင့်တို့၏ သားအိမ်ခေါင်းကင်ဆာ စကားဝိုင်း (DVD) အခွေများ အခမဲ့ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကလေးသူငယ်များအတွက် အန္တရာယ်ရှိနို့မှုန့်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ကလော စက်တင်ဘာ ၃၀

နယူးဇီလန်နိုင်ငံ Fonterra ကုမ္ပဏီမှထုတ်လုပ်သော နို့မှုန့်များတွင်ပိုးမွှားများပါရှိ၍ ကလေးသူငယ်များအတွက် အန္တရာယ်ရှိနိုင်သဖြင့် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဗိုလ်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်မို့မို့နှင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်မြို့မဈေးနှင့် ကုန်စုံဆိုင်များတွင် အဆိုပါနို့မှုန့်များရောင်းချခြင်း ရှိ/မရှိ နို့မှုန့်ထုတ်လုပ်မှုအမှတ်စဉ်များအလိုက် တစ်ဆိုင်ချင်းလိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ စစ်ဆေးရေးအဖွဲ့သည် မြို့မဈေးအတွင်းနှင့်ဈေးပတ်ဝန်းကျင်ရှိ ကုန်စုံဆိုင် ၁၃ ဆိုင်ကို လိုက်လံစစ်ဆေးရာ အန္တရာယ်ရှိနို့မှုန့်များ စစ်ဆေးတွေ့ရှိခြင်းမရှိဘဲ ရက်လွန်နွားနို့ နို့မှုန့်များသာ စစ်ဆေးတွေ့ရှိရသဖြင့် ၄င်းရက်လွန်နို့မှုန့်များကို သိမ်းဆည်း၍ စွန့်ပစ်ဖျက်ဆီးခဲ့သည်။

အလားတူ အောင်ပန်းမြို့နှင့်ဟဲဟိုးကျေးရွာအုပ်စုတို့ရှိ ဈေးများနှင့်ကုန်စုံဆိုင်များအား အဆိုပါအန္တရာယ်ရှိနို့မှုန့်များ ရှိ/မရှိ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် တစ်ပြိုင်တည်းစစ်ဆေးခဲ့ကြောင်းသိရသည်။ **သန္တာ(ကလော)**

ရေသာကျေးရွာတွင် ကျေးရွာခွဲအုပ်ချုပ်ရေးမှူးရွေးချယ်

ပုလဲ စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စစ်ရင်ကျေးရွာအုပ်စု ရေသာကျေးရွာတွင် ပြည်သူများ၏ဆန္ဒနှင့်အညီ ကျေးရွာခွဲအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာခွဲအုပ်ချုပ်ရေးမှူး ရွေးချယ်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသောအိမ်ထောင်စုဝင်များကဆယ်အိမ်စုမှူးဦးခင်မောင်အေးကို ကျေးရွာခွဲအုပ်ချုပ်ရေးမှူးအဖြစ် အဆိုပြုသည့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးမြင့်ဝေက ဦးခင်မောင်အေးအား ကျေးရွာခွဲအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် လျာထားကြောင်း ကြေညာခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်က ကျေးရွာနေပြည်သူများအသိဉာဏ်ပညာဗဟုသုတကြွယ်ဝစေရေးအတွက် ရှေ့ဆောင်စာကြည့်တိုက်အတွက် စာအုပ်စာစောင် ၅၀ကို ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖ ဦးဖိုးလင်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၉/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-073 (2013-2014)	Electrical Spares for KG-2 Kongsberg Gas Turbines	(47) Items	US$
(၂)	IFB-074 (2013-2014)	High & Low Clutch for ZJ 70 L Sr-1 & 2 Drilling Rigs	(2) Items	US$
(၃)	IFB-075 (2013-2014)	1 Meter DEM or STRM Data (Myanmar)	(20) Nos	US$
(၄)	DMP/L-033(2013-2014)	9.00x20 Tyres, 12.00x24 Tyres, 18 R 22.5 Tyres & 14.5x20 Tyres	(4) Items	Kyat
(၅)	DMP/L-034(2013-2014)	Sercel 408 UL Line Cable Section for Acquisition Recording System	(1) Lot	Kyat
(၆)	DMP/L-035(2013-2014)	Spare Parts for Mud Logging Unit Ex ZJ 70 L & ZJ 50 D Drilling Rigs	(1) Lot	Kyat
(၇)	DMP/L-036(2013-2014)	2" Dia, 4" Dia, 6"Dia and 8" Dia Rubber Hose Pipe	(4) Items	Kyat
(၈)	DMP/L-037(2013-2014)	Electrical Spares For USS Oil Well Drilling Rig (20 Pin Plug and Receptacle)	(32) Sets	Kyat
(၉)	DMP/L-038(2013-2014)	200 AMP Circuit Breaker and Speed Adjust Rheostat For ZJ 50 D Drilling Rig	(2) Items	Kyat
(၁၀)	DMP/L-039(2013-2014)	Electrical Cards For Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အများသိစေရန်အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးနှင့် ဆက်စပ်နေသည့် မြေတိုင်းရပ်ကွက်အမှတ်(၁၆၅)၊ မြေကွက်အမှတ်(၁)+(၂) ဧရိယာ(၂၅၀)ဧကအနက် ဆေးရုံဝင်းပြင်ပရှိ ကျန်းမာရေးဦးစီးဌာနပိုင် မြေဧက(၁၀၀)အား ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းခြင်း၊ ဝယ်ခြင်း မပြုလုပ်ကြရန် အသိပေးတားမြစ်လိုက်သည်။

ဆေးရုံကြီးကြပ်ကော်မတီ

ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက(၄)၊ တက္ကသိုလ်ဝင်တန်းမှ မမေသူဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်အေး ၁/ဗမန(နိုင်)၀၀၂၀၇၀ ဖြစ်ပါကြောင်း။

ဦးဇော်အေး

ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(B)မှ မခမ်းဝါ၏ ဖခင်အမည်မှန်မှာ ဦးလောဆီ ၁/ဗမန(နိုင်)၀၂၈၅၇၆ ဖြစ်ပါကြောင်း။

ဦးလောဆီ

အမည်ပြောင်း

ဗန်းမော်မြို့ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(E)မှ ဦးသန့်ဇင် ၁/ဗမန(နိုင်)၀၀၀၅၁၆ ၏သမီး မဝေဝေနှင်းအား မဝေဝေမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မဝေဝေမြင့်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၂၆၀၁၂၊ Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မြင့် ၈/မကန(နိုင်)၁၂၁၅၂၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)**

မိဘအမည်မှန်

ပေါက်ခေါင်းမြို့ အထက တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မနေခြည်စိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၇/ပခတ(နိုင်)၀၅၈၀၈၈ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ခင်အေးရီ ၇/ပခတ(နိုင်)၀၂၄၈၈၅ ဖြစ်ပါကြောင်း။

ဦးခင်မောင်စိုး-ဒေါ်ခင်အေးရီ

ကယားပြည်နယ် သူရဲကောင်းဗိမာန် ပြန်လည်မွမ်းမံ

လွိုင်ကော် စက်တင်ဘာ ၃၀

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သူရဲကောင်းဗိမာန်အား ဆေးသုတ်ခြင်း၊ ဗိမာန်ပတ်လည်တွင် ကွန်ကရစ်ခင်း၍ အကာအရံလက်ရန်းတိုင်များ တပ်ဆင်ခြင်း၊ ဗိမာန်အဝင်လမ်းကို ကွန်ကရစ်ခင်းခြင်း စသည့်ပြုပြင်မွမ်းမံ အလှဆင်မှုပြုလုပ်ထားကြောင်း သိရသည်။

သူရဲကောင်းဗိမာန်သည် ကယားပြည်နယ် မော်ချီး၊ ရှားတော၊ လွိုင်ကော်၊ ဒီးမောဆိုဒေသများသို့ တရုတ်ဖြူ (ကူမင်တန်)များ ကျူးကျော်တိုက်ခိုက်ခဲ့သည့် ၁၉၄၉ ခုနှစ် နိုဝင်ဘာလမှ ၁၉၅၀ ပြည့်နှစ် ဩဂုတ်လအတွင်း တိုက်ပွဲများတွင် မိမိတို့ပိုင်ဆိုင်သော နယ်မြေများ တိုင်းတစ်ပါးသားတို့၏ လက်အောက်သို့မကျစေရန် အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ ကာကွယ်ရင်း အသက်ပေးခဲ့သော ပြည်သူ့တပ်မတော်သား သူရဲကောင်း စစ်သည်များကို အထိမ်းအမှတ် ကျောက်တိုင်ဆောက်လုပ်ရန် ကယားပြည်နယ်ပါလီမန် အတွင်းဝန်မဟာသရေစည်သူ ဦးစိန်၏အဆိုပြုချက်အရ ကယားပြည်နယ်ဥက္ကဋ္ဌ ဝန်ကြီးစပ်ဝဏ္ဏကာ၁၉၅၂ ခုနှစ် မတ်လတွင် ကယားပြည်နယ်သူရဲကောင်း ဗိမာန်အဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ကယားပြည်နယ် သူရဲကောင်း ဗိမာန်သည် လွိုင်ကော်မြို့ ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်အနီး ကန္ဒရဝတီ လမ်းမကြီးဘေး၌ တည်ရှိသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

ထန်းကုန်းကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ကန့်ဘလူ စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာတွင် စက်တင်ဘာ ၂၅ ရက်က ထန်းကုန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မော်တော်ယာဉ်ထိန်းသိမ်းရေးအဖွဲ့၊ မြို့နယ်မစကအဖွဲ့တို့ပူးပေါင်း၍ စည်းကမ်းပျက်ယာဉ်များ၊ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများ၊ ဆိုင်ကယ်ကို နှစ်ဦးထက် ပိုမိုတင်ဆောင်မောင်းနှင်သူများကို စစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ထန်းကုန်းဈေးအတွင်း ခုတ်လှဲပြီး သစ်ပင်များကို ရှင်းလင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဈေးသည် ယခုအခါ သပ်ရပ်သန့်ရှင်းလာသည်ကို တွေ့ရသည်။ ထန်းကုန်း- ဝက်တိုး(မ)-ကန့်ဘလူလမ်းကို မြေညှိခြင်းလုပ်ငန်းလုပ်ဆောင်ရာ ၁ ဒသမ ၄ မိုင်ပြီးစီး၍ မိုးရွာခြင်းကြောင့် ခေတ္တနားခဲ့ရသည်။

ယနေ့ ကယ်ဆယ်ရေးစခန်းတွင် ဦးရာကွတ် ဒေါ်နတ်ဗလီရပ်ကွက် ရန်ကုန်မြို့မှ မီးဘေးသင့်ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၅၁ စုအတွက် ငွေကျပ် ၂၀ ဒသမ ၄၀ သိန်းကို ထောက်ပံ့လှူဒါန်းခဲ့သည်။ အဆိုပါကျေးရွာတွင် မီးဘေးသင့် ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေး အိမ်များ ဆောက်လုပ်ခဲ့ရာ သွပ်မိုးပြီး အိမ်တစ်လုံး၊ တိုင်ထူပြီး အိမ်နှစ်လုံး၊ သစ်ခွဲသားဆိုက်စုံ ၁၂ ဒသမ ၄၂၇၅ တန် ထပ်မံရောက်ရှိသည်။ မွေး/ကုဦးစီးဌာနမှ ခါးတောက်ရင်းကျေးရွာတွင် ကျွဲ၊ နွားအကောင်ရေ ၆၀ ကို ခွာနာ၊ လျှာနာ ရောဂါကာကွယ်ဆေး ဆေးထိုးပေးခဲ့သည်။ ၎င်းရွာသည် ဗုဒ္ဓဘာသာဝင်နှင့် အစ္စလာမ်ဘာသာဝင်များ ရောနှောနေထိုင်လျက်ရှိသော ကျေးရွာဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်ကို အေးချမ်းစွာ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထန်းကုန်းကျေးရွာ၊ ရီးဒွေးကျေးရွာ၊ ကြိုးကြာကျေးရွာ စာသင်ကျောင်းများတွင် CCA သင်တန်းတက်ရောက်ရန် ဆရာ ဆရာမများအနေဖြင့် မိုးရွာ၍ သွားလာရန် အနည်းငယ်ခက်ခဲသော်လည်း ရေကြီးခြင်းမရှိ၊ ဒူးလယ် ပေါင်လယ်လောက်လည်း ဖြတ်ကူးရခြင်းမျိုးမရှိ သင်တန်းပိတ်ခြင်းမျိုးမရှိပဲ ဆက်လက်သင်တန်းဖွင့်ခဲ့သည်။ မိုးရွာ၍ ဘူတာ၊ တံတားများတွင် ရေကြီးခြင်း၊ တံတားကျိုးခြင်း၊ ရထားတွဲချော်ခြင်းများ မရှိ မီးရထားများပုံမှန်ဝင်ထွက်သွားလာလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ အကျေပေးဆပ်သူ တောင်သူများအားဂုဏ်ပြု

ကြံခင်း စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရောကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်၏ ဆောင်းသီးနှံ ချေးငွေ ပြေကျေစွာပြန်လည်ပေးဆပ်သည့် တောင်သူများအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီတို့က ဂုဏ်ပြုအမှာစကားပြောကြား၍ ရောကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးကျော်စိုးက ဂုဏ်ပြုအခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆောင်းသီးနှံ ချေးငွေပြေကျေမှုဆုရ ကျေးရွာအုပ်စုများအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ၂၀၁၃ ခုနှစ်အတွက် ဆောင်းသီးနှံချေးငွေ စုစုပေါင်း ငွေကျပ် ၇၂၈၈၈၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **(၀၆၉)**

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများ ပညာသင်ထောက်ပံ့

ဖျာပုံ စက်တင်ဘာ ၃၀

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက အဖွဲ့ရုံးခန်းမ၌ ပြုလုပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ခံရသည့် ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဌေး(ငြိမ်း)က ပညာသင်ထောက်ပံ့ကြေးပေးအပ်ရသည့်ရည်ရွယ်ချက်များနှင့်အတူ အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် တစ်ဦး ငွေကျပ် ၂၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ငွေကျပ် ၁၅၀၀၀ နှုန်းနှင့် မူလတန်းအဆင့် ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် ကျောင်းသား ကျောင်းသူ ၄၀ အတွက် ပညာသင်ထောက်ပံ့ငွေ ၆၂၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

မလှိုင်မြို့၌ပညာသင်ထောက်ပံ့ငွေပေးအပ်

မလှိုင် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်)မှ မလှိုင်မြို့နယ် စစ်မှုထမ်းဟောင်းများ၏ သားသမီးအခြေခံပညာအဆင့်ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်ခြင်းနှင့် မြို့နယ်မှ တက္ကသိုလ်နှင့် အခြေခံပညာအဆင့်ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပေးအပ်သည့်ပညာသင်ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်ခြင်းနှင့် မြို့နယ်မှ တက္ကသိုလ်နှင့် အခြေခံပညာအဆင့်ကျောင်းသားကျောင်းသူများအတွက်ထောက်ပံ့ငွေနှင့် စာအုပ်၊ စာရေးကိရိယာများပေးအပ်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မလှိုင်မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပရာ အဆိုပါပွဲသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြသန်း(ငြိမ်း)က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ငွေများရရှိသူ ကျောင်းသားကျောင်းသူ ၂၇ ဦးအား စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

ပုသိမ်ကြီး စက်တင်ဘာ ၃၀

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ တောင်သူဦးကြီးများ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ပွဲကို မြို့မရပ်ကွက် ရင်ငြိမ်းအေးခမ်းမွာရုံ၌ စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်း၊ ရပ်ကွက်စာရေးကြီး ဦးကျော်ဌေး၊ မြေစာရင်းဦးစီးဌာနမှ ကွင်းတာဝန်ခံ ဦးခင်ဝင်းနှင့် တောင်သူဦးကြီးများ တက်ရောက်ကြသည်။ ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ကွင်းအမှတ် ၄၉၇ နှင့် ၄၉၈ တွင် လုပ်ကိုင်လျက်ရှိသော တောင်သူ ၁၅၀ ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏

လစဉ်ဝိပဿနာ တရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ် ၈၈ရှိ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၊ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၁-၁၀-၂၀၁၃ရက်မှ ၉-၁၀-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများနှင့် အရဟံဆွမ်း၊နေ့ဆွမ်း၊ ညနေဖျော်ရည်လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်
(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ခင်ခင်ထွေး ၁၃/တယန(နိုင်)၀၃၂၅၈၃သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ထက်)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၄/၁၀၉)ရှိ အလျား ၁၇၅ပေ၊ အနံပေ ၁၂၀ ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အား ဦးအိုက်ဘွန်း ၁၃/တခလ(နိုင်)၀၃၁၂၀၇ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်ခင်ထွေး ၁၃/တယန(နိုင်)၀၃၂၅၈၃

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နန်းဖောင်းကျောက် ၁၃/ကတန(နိုင်)၀၀၆၈၄၉ သည် တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ဝမ်လုံးကျေးရွာ၊ အိမ်အမှတ်(ဝလ/၂၁)၊ အလျား (၁၀၇×၄၂)ပေ၊ အနံ (၉၉×၄၁)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား ဦးအိုက်အွက် ၁၃/တခလ (နိုင်)၀၁၄၃၃၃နှင့် ဒေါ်နန်းအိုင် ၁၃/တခလ(နိုင်)၀၁၄၃၃၉ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းဖောင်းကျောက် ၁၃/ကတန(နိုင်)၀၀၆၈၄၉

နည်းပညာတက္ကသိုလ်(သန်လျင်) သုတနည်းပညာဌာန

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

နည်းပညာတက္ကသိုလ်(သန်လျင်) သုတနည်းပညာဌာနတွင် ၂၀၀၀ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ သင်ကြားပြသ ဆိုဆုံးမခဲ့ကြသော ဆရာ ဆရာမများအား ဂါရဝပြုကန်တော့မည့် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေရာ - Central Hotel-Jade Hall
နေ့ရက် - ၂၀၁၃ ခုနှစ် အောက်တိုဘာ ၆ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

ရွှေတောင်တန်း ပထမမူလလက်ဟောင်း (Since1968)

၃၆ လမ်း ကြေးအိုးဘုရင်ဆိုင်ခွဲကို

အမှတ် ၈၇၊ စဥ့်အိုးတန်းလမ်း (မဟာဗန္ဓုလလမ်းအနီး)(China Town Tower ၁၂ ထပ်တိုက်)၏ မြေညီထပ်တွင် ဖွင့်လှစ်လိုက်ပါသည်။

မိတ်ဟောင်းမိတ်သစ်များ ကြွရောက်အားပေးကြပါရန် ခင်မင်လေးစားစွာဖြင့် လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

(အအေးခန်းတွင် သုံးဆောင်နိုင်ပါသည်။)

ကြေးအိုးဘုရင်
ဖုန်း-၀၉-၃၁၆၄၀၅၉၇

ဒုရဲအုပ်လောင်း(အထူး) ၂/၈၇

တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

(၂၆)နှစ်မြောက် အထိမ်းအမှတ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်၍ မပျက်မကွက်လာရောက်ကြရန် ဖိတ်ကြားပါသည်-

ရက်/နေ့ - ၂၀-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
နေရာ - **စိမ်းလန်းအကြောပြင်စင်တာ**၊ တိုက် ၁၂၇၊ အခန်း ၅၊ ရန်နိုင်လမ်းသွယ် ၅လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
အချိန် - နံနက် ၉:၀၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

စုံစမ်းရန်နှင့် လိပ်စာ/ဖုန်းနံပါတ်စာအုပ် ကြိုတင်ပြုလုပ်နိုင်ရေး ဆက်သွယ်ရန်-

ဦးခင်စိုး ဖုန်း-၀၉-၄၇၃၁၈၂၄၂၊ ဦးသန်းဌေ ဖုန်း-၀၉-၇၃၁၃၁၃၅၈၊ ဦးစိုးဝင်း ဖုန်း-၀၉-၂၅၀၀၆၀၀၄၇

သားအဖြစ်မှစွန့်လွှတ်ခြင်း

မကွေးမြို့၊ B-15၊ သစ္စာလမ်း၊ ကန်သာရပ်ကွက်နေ ဦးဌေးအောင်-ဒေါ်တင်တင်ကြွယ်တို့၏သား မောင်ခန့်ညားအောင် ၈/မကန(နိုင်)၂၁၇၅၆၆ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ အမွေစားအမွေခံ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဌေးအောင်-ဒေါ်တင်တင်ကြွယ်

မှုခင်းသတင်းနှင့်ကြော်ငြာ

အုပ်စုဖွဲ့ဆိုင်ကယ်ခိုးယူသူများ ဆက်လက်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်ရဲတပ်ဖွဲ့မှ စက်တင်ဘာ ၆ ရက်က ဖမ်းဆီးရမိခဲ့သော အုပ်စုဖွဲ့ဆိုင်ကယ် ခိုးယူသူ မင်းမင်း(ခ)ကိုမင်းအဖွဲ့မှ ထွက်ပြေးတိမ်းရှောင်နေသူများကို နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ စီမံကြီးကြပ်မှုဖြင့် ဆက်လက်ရှာဖွေ စုံစမ်းဖမ်းဆီးခဲ့ရာ စက်တင်ဘာ ၂၅ ရက်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သောင်းလွင် ဦးစီးအဖွဲ့သည် လင်းလင်း(ခ) ကိုလင်း(ခ)ရှမ်းလေး (၁၇ နှစ်) ဇေယျာသီရိမြို့နယ် နေသူအား ဖမ်းဆီးရမိသဖြင့် စစ်ဆေးဖော်ထုတ်ခဲ့ရာ ၎င်းပါဝင်ခိုးယူခဲ့သော ဆိုင်ကယ် ၁၃ စီးထပ်မံဖော်ထုတ် သိမ်းဆည်းရမိပြီး ပျဉ်းမနားမြို့မရဲစခန်း၌ အမှုနှစ်မှု စုစုပေါင်း ၁၃မှုဖြင့် အရေးယူထားရှိသည်။

မင်းမင်း(ခ)ကိုမင်းခေါင်းဆောင်သော အုပ်စုဖွဲ့ဆိုင်ကယ်ခိုးယူသူများနှင့် ခိုးရာပါဆိုင်ကယ်များလက်ခံရောင်းချပေးသူပါ ၁၁ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ခိုးယူခဲ့သော ဆိုင်ကယ်စုစုပေါင်း ၄၂ စီး သိမ်းဆည်း ရမိထားပြီးဖြစ်ကာ ခိုးယူသူများကို ဆက်လက်ရှာဖွေဖမ်းဆီးလျက်ရှိသည်။ နေပြည်တော်ရဲတပ်ဖွဲ့အနေဖြင့် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ ဆိုင်ကယ်များ ဖော်ထုတ်ဖမ်းဆီးရမိမှုမှာ ဆိုင်ကယ်ပေါင်း ၁၄၀ နှင့် တရားခံ ၇၃ ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၁၅၄)

နိုင်ငံခြားသားတစ်ဦး ဟိုတယ်အိပ်ခန်းအတွင်းသေဆုံး

မန္တလေး စက်တင်ဘာ ၃၀

စက်တင်ဘာ ၂၄ ရက်က ချမ်းအေးသာစံမြို့နယ် Smart Hotel အခန်းအမှတ် ၄၀၃ တွင် တည်းခိုနေထိုင်သူ ဩစတြေးလျနိုင်ငံသား Mr.Wayne Gibson Mikchel (၆၈ နှစ်)သည် အခန်းတွင်း၌ သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။ ၎င်းသည် စက်တင်ဘာ ၂၁ ရက်က Smart Hotel သို့ တစ်ဦးတည်း ရောက်ရှိတည်းခိုသူဖြစ်ပြီး စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ဟိုတယ်သန့်ရှင်းရေးအလုပ်သမားမှ သန့်ရှင်းရေးပြုလုပ်ရန်အတွက် တံခါးခေါက်ရာ တုံ့ပြန်မှုမရှိသဖြင့် ဟိုတယ်ရှိ သော့အပိုဖြင့် ဖွင့်ကြည့်ရာမှ Mr.Wayne Gibson Mikchel မှာ အိပ်ရာပေါ်တွင် ဝစ်လစ်စလစ်ဖြင့် စောင်ခြုံလျက်သေဆုံးနေကြောင်း တွေ့ရှိရပြီး ၎င်း၏အနီးတွင် ရေသန့်တစ်ဘူး၊ Red Ruby ဆေးလိပ်တစ်ဘူး၊ Coca Cola တစ်ဘူးနှင့် အခြားဆေးကတ်များ(စိစစ်ဆဲ)တွေ့ရှိရပြီး ၎င်းသေဆုံးမှုကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသား Mr.Wayne Gibson Mikchel ၏ အခန်းအတွင်းတွေ့ရှိသော ခရီးဆောင်အိတ်အတွင်းမှ Canon အမျိုးအစား ကင်မရာအကြီးတစ်လုံး၊ မှန်ဘီလူးသုံးခု၊ Sony ကင်မရာ အသေးတစ်လုံး၊ Samsung အမျိုးအစား iPad တစ်လုံး၊ Glaxy S-4 အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံး၊ Nokia အမျိုးအစား လက်ကိုင်ဖုန်းအခွံနှစ်လုံး၊ မြန်မာငွေကျပ် ၅၀၀၀ တန် ၄၉ ရွက်၊ ၁၀၀၀ တန် နှစ်ရွက်၊ ၂၀၀ တန် နှစ်ရွက်၊ ဩစတြေးလျနိုင်ငံသုံးငွေ ၁၀၀ တန် အရွက် ၂၀ ၊ အမေရိကန်တစ်ဒေါ်လာတန် နှစ်ရွက်၊ ၁၀ တန် တစ် ရွက်၊ စင်ကာပူဒေါ်လာ ၁၀ တန် နှစ်ရွက်၊ ငါးဒေါ်လာတန် တစ်ရွက်၊ နှစ်ဒေါ်လာတန် တစ်ရွက်၊ တရုတ်ယွမ် ၁၀၀ တန် ငါးရွက်၊ ငါးယွမ်တန် သုံးရွက်၊ ယွမ် ၂၀တန် သုံးရွက်၊ ၁၀ ယွမ်တန် တစ်ရွက်၊ တစ်ယွမ်တန် သုံးရွက်နှင့် အခြားအသုံးအဆောင်ပစ္စည်း ၅၁ မျိုးကို ဒုလဝကမှူး ဒေါ်ကလျာဝင်းဆွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးသန်းဝင်း၊ ဟိုတယ်မန်နေဂျာ ဦးနောင်နောင်နှင့် ဒုရဲအုပ်သိန်းထွန်းကျော်တို့အဖွဲ့က မှတ်တမ်းပြုစုသိမ်းဆည်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

တယ်လီဖုန်းကြိုးပြတ်ပြီး မီးကြိုးပေါ်ကျကာမီးလောင်

နေပြည်တော် စက်တင်ဘာ ၃၀

စက်တင်ဘာ ၂၇ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ဖအောင်ဝဲ ရပ်ကွက်ရှိ ထရန်စဖော်မာအနီး ဆက်သွယ်ရေးတယ်လီဖုန်းကေဘယ်လ်ကြိုးသည် လျှပ်စစ်မီးကြိုးပေါ်သို့ ပြုတ်ကျခဲ့ပြီး ကေဘယ်လ်ကြိုးများ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဒိုက်ဦးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးလောင်မှုကြောင့် ကေဘယ်လ်ကြိုးအရှည် ၇၈ ကိုက်ဆုံးရှုံးခဲ့ကြောင်းနှင့်လူ၊ တိရစ္ဆာန်နှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ကိုရဲ

မြေစာပုံပြိုကျ၍ လေးဦးသေ

နေပြည်တော် စက်တင်ဘာ ၃၀

ကချင်ပြည်နယ် ဖားကန့် မြို့ မော်ဝမ်းရပ်ကွက်ရှိ ရတနာ မြေစာပုံအနီးတွင် စက်တင်ဘာ ၂၇ ရက်မွန်းတည့် ၁၂ နာရီကမြေစာပိသေဆုံးကြောင်း သတင်းအရ ဖားကန့်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မန်စီမြို့ မောရဝတီရပ်ကွက်နေ ဦးမြင့်ဦး (၃၇ နှစ်) ပါ လေးဦးတွင် ဦးခေါင်းညိုမည်း၊ နဖူးပေါက်ပြဲ၊ ရင်ဘတ်ညိုမည်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရပြီး ရေမဆေးကျောက်ရှာဖွေ နေစဉ် အမြင့်ပေ ၂၀ ခန့်ရှိ မြေစာပုံ ရုတ်တရက် ပြိုကျခဲ့သောကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဖားကန့်မြို့မရဲစခန်းက အမှုစစ်ဆေးလျက်ရှိကြောင်း သိရ သည်။

ကိုရဲ

ကောလင်းမြို့နယ်၌ ဘိန်းမည်းများ ဖမ်းဆီးရမိ

ကောလင်း စက်တင်ဘာ ၃၀

ကောလင်းမြို့နယ် ချောင်းနားရဲကင်းမှူး ဒုရဲအုပ်တင်မိုးနှင့် အဖွဲ့သည် စက်တင်ဘာ ၂၆ ရက် ညနေ ၄ နာရီက ညောင်လှရွာနေ သောင်းမြဆိုသူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်၏ရှေ့ခန်းထရံကြားတွင်ညှပ်ထားသော သံဘူးအတွင်းမှ ဘိန်းမည်းဟုယူဆရသော အမည်းရောင်အလေးချိန် လေးဂရမ်ကို ရှာဖွေတွေ့ရှိရသဖြင့် သောင်းမြအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်ထားသော အမှုဖြစ်ကြောင်း သိရ သည်။

ဖမ်းဆီးအရေးယူ

တရားမဝင်ဘိန်းမည်းများ လက်ဝယ်ထားရှိသူ သောင်းမြ(၅၅ နှစ်) ကောလင်းမြို့နယ်နေသူကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

မင်းလှမြို့၌ ၁၂၉ သိန်းကျော်ဖိုး အခိုးခံရ

မင်းလှ စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ ဗိုလ်ရုံတန်း လမ်းမတန်းရှိ ဆန်စက်လုပ်ငန်းရှင် ဒေါက်တာသစ်လွင်နေအိမ်၌ စက်တင်ဘာ ၂၆ ရက် ညပိုင်းက ငွေနှင့်ရွှေထည် ငွေကျပ် ၁၂၉ သိန်းကျော်ဖိုး အခိုးခံရကြောင်း သိရသည်။

ဒေါက်တာသစ်လွင်မိသားစုသည် အဆိုပါ နေ့ ည ၁၂ နာရီခွဲက အိပ်ရာဝင်ခဲ့ပြီး အိမ်ရှေ့တံခါးများ ပိတ်ထားခဲ့သော်လည်း နောက်တစ်နေ့ နံနက် ၇ နာရီခွဲ အိပ်ရာမှနိုးသည့်အခါ ဥပုသ်နေ့ဖြစ်၍ ဘုန်းကြီးကျောင်းသို့သွားရန် သေတ္တာများဖွင့်ရာမှ ပစ္စည်းများပျောက်ဆုံးနေကြောင်း သိရသည်။

စုံစမ်းဖော်ထုတ်

ငွေကျပ် ၆၂ သိန်းနှင့်ရွှေထည် ၁၁ ကျပ်သား စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၂၉ သိန်းကျော် ပျောက်ဆုံးခဲ့သဖြင့် မင်းလှမြို့ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားသဖြင့် မင်းလှရဲစခန်းမှ အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မလှိုင်မြို့နယ် တောင်သူပညာပေး စံပြကွက်အား ကွင်းဆင်းကြည့်ရှု

မလှိုင် စက်တင်ဘာ ၃၀

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုညွှန်ချုပ် ဦးဇော်မြင့်ထွန်းနှင့် တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးတို့ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက မလှိုင်မြို့နယ် ရုံးပင်စာက်အုပ်စု တောင်သူကြီး ဦးစိုးအောင် စိုက်ပျိုးထားသည့် မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည်ခြောက် သုံးဧကစိုက်ခင်း ကွင်းအမှတ် ၃၆၃ ကွင်းကိုကွင်းဆင်းကြည့်ရှုရာ မြို့နယ်ဒုဦးစီးမှူး ဦးခင်မောင်ကြည်က ငွေချည်ခြောက် စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြခဲ့ရာ ဒုညွှန်ချုပ်မှလိုအပ်သည်များမှာကြားပြီး ထိုနေ့၌ပင် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရုံးလုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ကျော်ကျော်(မလှိုင်)

ပိုင်ရှင်မဲ့ကျောက်စိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့နယ် နမ္မားဘူတာအထွက်တွင် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှတ် (၅၆) အစုန် မြစ်ကြီးနား-မန္တလေး ရထား ရိုးရိုးတန်းတွဲ ၆ တွင် မြေွရေခွံအိတ်ခြောက်အိတ်ဖြင့် ထည့်ထားသည့် ကျောက်စိမ်းဟုယူဆရသော အလေးချိန် ၁၉၁ ဒသမ ၅ ပိဿာနှင့် ရိုးရိုးတန်းတွဲ ၇ မှ လေးအိတ်၊ အလေးချိန် ၉၇ ပိဿာ စုစုပေါင်းအလေးချိန် ၂၈၈ ဒသမ ၅ ပိဿာကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုရဲ

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ယဉ်ကျေးမှုပြတိုက်(ထားဝယ်)၊ ပေ(၁၀၀×၅၀) RC နှစ်ထပ်၊ AMcan မိုးအဆောက်အအုံတစ်လုံး (အပေါ်အောက်နှစ်ခန်းတွဲ သန့်စင်ခန်းအပါအဝင်) ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)မှစတင်၍ ရုံးချိန်အတွင်း

တင်ဒါပိတ်မည့်ရက်အချိန် - ၁၅-၁၀-၂၀၁၃ ရက် (၁၆း၀၀)နာရီ

တင်ဒါတင်သွင်းမည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြို့တွင်းရပ်ကွက်၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၄၈၁၊ ၀၅၉-၂၃၄၇၉၊ ၀၉-၅၆၄၁၁၉၉

တင်ဒါခေါ်ယူရေးကော်မတီ

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၀)မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာလမ်း (၁၀/၀)မိုင်၊ ကျောက်လမ်း(၂၆/၀)မိုင်၊ မြေသားလမ်း (၄၈/၀) မိုင်၊ သစ်သားတံတားပေ ၁၀၀၀၊ ရေပြွန်ပေ ၇၀၀၊ ရေရရှိရေးကဏ္ဍတွင် တွင်းနက်တစ်တွင်း၊ လက်တူးတွင်း ၃၀ တွင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်းလေးခု၊ ကျန်းမာသန့်ရှင်းရေးကဏ္ဍတွင် ယင်လုံအိမ်သာ ၂၀၀လုံး၊ မီးလင်းရေးကဏ္ဍတွင် နေရောင်ခြည်စွမ်းအင် ၇၈၃ ခု၊ ကျေးလက်အိမ်ရာကဏ္ဍတွင် အိမ်ရာ ၆၈ လုံးနှင့် အလုပ်အကိုင်အခွင့်အလမ်းတွင် ကျေးရွာနှစ်ရွာတို့အား လုပ်ငန်းစု ၁၅ ခုဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၇-၁၀-၂၀၁၃ရက် (တနင်္လာနေ့)မှ စတင်၍ ရုံးချိန်အတွင်း

တင်ဒါပိတ်မည့်ရက်အချိန် - ၂၈-၁၀-၂၀၁၃ရက် (တနင်္လာနေ့) ၁၆း၃၀ နာရီ

တင်ဒါတင်သွင်းရမည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး အပေါ်ထပ်၊ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၊ မြို့တွင်းရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၉၄၂

တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၉၀၀၂၄၊ Star Diamond MM-110-1 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၈/မကန(နိုင်)၀၉၀၃၂၃က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၅၇၅၃ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၈/မကန(နိုင်)၀၀၆၅၃၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သီရိရတနာမြို့မဈေးရှိ ရုံအမှတ်(ဂ-၁)၊ ဆိုင်ခန်းအမှတ်(၁၅၊ ၁၆)အား လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရေအိုးစင်ကျေးရွာနေ ဦးအုန်း EB-၀၀၈၆၉၉ အမည်ပေါက်ပိုင်ဆိုင်ပြီး လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြို့သစ်လမ်း၊ အိမ်အမှတ်(၆/၁၁၂)နေ ဒေါ်ခင်စိုးရီ ၉/လဝန(နိုင်)၁၃၄၁၀၉သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ တိုက်အမှတ်(၅၂)၊ နှစ်ခန်းတွဲခြောက်ထပ်တိုက်၏မြေညီထပ်၊ အခန်းအမှတ်(A) အကျယ်ပေ(၁၂ ၁/၂ ×၅၀)ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ကလျာဝင်း ၁၂/စခန(နိုင်)၀၁၉၁၆၀က ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

တောင်ငူမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

တောင်ငူ စက်တင်ဘာ ၃၀

တောင်ငူမြို့နယ်လုံးကျွတ် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ၂၆ရက် နံနက် ၁၁နာရီက တောင်ငူမြို့ ခပေါင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးဦးမျိုးဦးကဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးမှုအခြေအနေ အားရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်ငူမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်ပေါင်း(၆) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၄ အုပ်စုကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်၂၂၀၄၄ စောင်ကို တာဝန်ရှိသူများက ပေးအပ်ကြပြီး တောင်သူလယ်သမားများ ကိုယ်စား တောင်သူဦးသန်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးက တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာနရှိ ဝန်ထမ်းများအား လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ချီးမြှင့်သည့်ကွန်ပျူတာတစ်စုံအား ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ) သူရ(တောင်ငူ)**

ကိုယ့်အားကိုယ်ကိုး စိမ့်စမ်းရေသွယ်ယူ

မော်လူး စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အင်းတော်မြို့နယ် မော်လူးဒေသ မာန်ဟဲကျေးရွာအုပ်စုမှ မာန်ဟဲကျေးရွာရှိ ကျေးလက်ပြည်သူတို့သည် မော်လူးနှင့် နန့်စီးအောင်အကြား မာန်ဟဲရွာအရှေ့ သုံးမိုင်ခန့်အကွာရှိ ရွှေငှက် စိမ့်စမ်းချောင်းရေမှ မာန်ဟဲရွာအတွင်းရှိကျေးလက်လူထုသောက်သုံးရေရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေးလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူ၍ ရေပေးဝေရေးအတွက် အင်းတော်မြို့နယ်စည်ပင်မှ သုံးလက်မပိုက် ပေ ၂၀ အလုံးရေ၁၀နှင့် ဒုတိယအကြိမ် ၇၅ လုံးတို့ ပံ့ပိုးပေးသည်။

ရပ်ရွာမှ ကိုယ့်အားကိုယ်ကိုး လေးလက်မပိုက်၂၀၀နှင့် မြောင်းတူးခြင်း၊ ပိုက်သွယ်ခြင်း၊ ပိုက်မြှုပ်ခြင်း လုပ်ငန်းတို့ကို ရွာတွင်းရှိ အိမ်တိုင်းတွင် တပ်ဆင်နိုင်ရေးအတွက် စုပေါင်းဆောင်ရွက်လျက်ရှိပြီး ရေပေးဝေရေးလုပ်ငန်းအောင်မြင်ရေးအတွက် ပထမအဆင့် တစ်အိမ်လျှင် ငွေကျပ် ၄၀၀၀၀ ထည့်ဝင် မတည်ရကြောင်း ဒေသခံရွာသားများထံမှ သိရသည်။

ဝင်းရွှေ(စစ်ကိုင်း)

အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆွေးနွေး

မြစ်ကြီးနား စက်တင်ဘာ ၃၀

ကချင်ပြည်နယ်တွင် ခရိုင်အဆင့် အမျိုးသမီး၊ အမျိုးသားများတန်းတူအခွင့်အရေးရရှိရေးနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံး စန်းသီတာခန်းမ၌ ကျင်းပသည်။

အဆိုပါခရိုင်အဆင့် အမျိုးသမီး၊ အမျိုးသားများ တန်းတူအခွင့်အရေးရရှိရေးနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးအသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုနိုင်မှ ခရိုင် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာကြားချက်များကို စက်တင်ဘာ၂၇ရက်က ဓနုဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကြည်ဝင်းက ရုံးဝန်ထမ်းများကို ပြန်လည်၍ ထပ်ဆင့်ရှင်းလင်းစဉ်။

(မြို့နယ် ပြန်/ဆက်)

စက်တင်ဘာ ၂၄ရက်က ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ငြေး ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားဆောင်၌ မွေးဖွားခန်းသုံးပစ္စည်းများကို ကြည့်ရှုစဉ်။

သန်းငြေး(ဒလ)

ရှာငံမြို့၌ ကျောက်ကူပြင်အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်

ရှာငံ စက်တင်ဘာ ၃၀

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာ အခြေခံပညာအလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကျော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသားကျောင်းသူလေးများက အတီးအမှုတ်အကအခုန်များဖြင့် ဧည့်ခံကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ရပ်မိရပ်ဖများက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲအမှတ်တရ အထိမ်းအမှတ် အလံများပေးအပ်ပြီး အဋ္ဌမတန်းကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ ကျောင်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါ အဆင့်တိုးမြှင့်ဖွင့်လှစ်လိုက်သောကျောက်ကူပြင်ကျေးရွာ အခြေခံအလယ်တန်းကျောင်းတွင် ပတ်ဝန်းကျင်ကျေးရွာရှစ်ရွာမှကျောင်းသား ကျောင်းသူများ လွယ်လင့်တကူ ပညာသင်ကြားပေးလျက် ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ဝေးမြို့နယ် အောင်မင်္ဂလာကျေးရွာအနီးတွင် အင်းလျှောင်းအင်း တာပေါင်ကျိုးပေါက်မှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူးဦးဇော်လွင်ဦးသည် လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အတူ စက်တင်ဘာ၂၆ရက် မွန်းလွဲ၁နာရီက လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းကျေးရွာအုပ်စုထိန်တောရွာနှင့် အောင်မင်္ဂလာ (အင်းလျှောင်း) ကျေးရွာအကြားရှိ အင်းလျှောင်းအင်း တာပေါင်ကျိုးပေါက်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ရန် တာဝန်ရှိသူများကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အင်းလျှောင်းအင်းမှာ စက်တင်ဘာ ၂၃ရက် ည၁၂နာရီက အကျယ်၂၅ပေ၊ အမြင့်သုံးပေခန့် ကျိုးပေါက်ခဲ့ခြင်းဖြစ်ပြီး လယ်ငါးဧကထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ်(၇၄/ရွှေအိုက်)၊ ဦးပိုင်အမှတ် ၈၉၅၊ မြေဧရိယာ ဝ.ဒသမ၁၁၀၈ဧက အကျယ်အဝန်း စတုရန်းပေ ၄၈၀၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၌ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဗိုလ်မှူးမျိုးကျော်သူ ၁၄/မအန(နိုင်)၁၁၂၃၃အမည်ဖြင့် ခရိုင်အမှတ်တွဲအမှတ် ၀၉၅/V(၂၀၁၁-၂၀၁၂)အရ ၁၅-၆-၂၀၁၁ရက်မှ ၁၄-၆-၂၀၂၁ရက်အထိ (၁၀)နှစ် မြေငှားဂရန်ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါ မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် ဗိုလ်မှူးမျိုးကျော်သူမှ တင်ပြတောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟုတင်ပြသော မြေငှားဂရန် မူရင်းကိုပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဖြိုးမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော်(ခ)ဦးဇော်ဝင်း ဖြစ်ပါကြောင်း။

ဦးမောင်ဇော်(ခ)ဦးဇော်ဝင်း

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်စိုးဇင်မင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဗိုလ်(ခ)ဦးဘိုလေး ဖြစ်ပါကြောင်း။

ဦးမောင်ဗိုလ်(ခ)ဦးဘိုလေး

ဝါးရမ်းစွဲကပ်သူမြီရှင်သို့ပေးရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈)
တောင်တွင်းကြီးမြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမသေးဖွဲ့မှုအမှတ်-၅
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၁၃

ဦးအေးသွင် နှင့် ၁။ ဦးဇော်ဇော်ဝင်း
၂။ ဦးညွန့်ခိုင်

လျှောက်သူ **အလျှောက်ခံရသူများ**

ဦးညွန့်ခိုင်(ဘ)ဦးမောင်ကြီး(ခ)နီတာ၊ပွင့်လှကြီးကျေးရွာအုပ်စု၊တောင်တွင်းကြီးမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ရုံးက ၂၀၁၂ခုနှစ်၊ တရားမမှုအမှတ် ၁၃၁တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် သင်ကလျှောက်ထားချက်အရ တောင်တွင်းကြီးမြို့နယ်၊ ပွင့်လှကြီးကျေးရွာရှိ ဦးညွန့်ခိုင် ၀ ဒသမ၀၂၂ဧကရှိ ဝိုင်းမြေကွက်နှင့် နီးသက္ကယ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း (၃×၃)ပင် တစ်ထပ် မြေစိုက် အဆောက်အအုံတစ်လုံးတို့အပေါ်တွင် စွဲကပ်ထားသည့် ဝါးရမ်းကိုနုတ်သိမ်း၊ ပယ်ချပါမည့် အကြောင်းနှင့်ဤအကြောင်းကြားစာနှင့်တွဲပါသည့် လျှောက်လွှာလက်ခံစာအတိုင်း ဦးအေးသွင်က ဤရုံးတွင်လျှောက်ထားရှိသည်ဖြစ်၍ ဝါးရမ်းစွဲကပ်သူမြီရှင်အနေနှင့် သင်က ဝါးရမ်းစွဲကပ်ပိုင်ကြောင်းကို လျှောက်လဲချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ လျှောက်လဲချေဆိုနိုင်သူ ရုံးတော်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ၁၁ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အောင်ဘုန်းဝင်း)**

ဒုတိယမြို့နယ်တရားသူကြီး
တောင်တွင်းကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဆင်ပေါင်ဝဲမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်(၂)

ဦးလှရွှေ နှင့် ဦးလှဖေ ပါ(၃၁)ဦး
အမှတ်၁၇၆၊ဈလမ်း၊အိုးဘိုရပ်၊မကွေးမြို့။

တရားလို **တရားပြိုင်များ**

(၁)ဦးထွန်းထွန်းလတ်၊ (၂)ဒေါ်နီနီခင်၊ (၃)ဒေါ်ဂျွန်းနီ မူဆယ်မြို့၊ ရှမ်းပြည်နယ် (ယခုနေရပ်လိပ်စာမသိ)၊ (၄)ဒေါ်အေးအေးချော၊ (၅)ဒေါ်ခင်သော်ဇင် ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)၊ (၆)ဒေါ်သူ၊ (၇)ဒေါ်ဆွေဆွေဝင်း၊ (၈)ဒေါ်မိုးမိုး၊ (၉)ဒေါ်စိုးစိုးထွေး၊ (၁၀)ဒေါ်စိုးစိုးအေး၊ (၁၁)ဦးမျိုးကျော်သူ၊ (၁၂)ဒေါ်ဒညင်းလုံး လားရှိုးမြို့၊ ရှမ်းပြည်နယ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းများစီမံခန့်ခွဲပေးစေလိုမှုလျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၄ ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ အမှီသဟဲပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီငါးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ငွေးငွေးမော်)**

မြို့နယ်တရားသူကြီး
ဆင်ပေါင်ဝဲမြို့နယ်တရားရုံး

အမြန်ရောင်းမည်

ယခုလက်ရှိ ဆိုင်ဖွင့်ထားသော ကွန်ပျူတာဂိမ်းစက် (၂၄)စုံ ကွန်ပျူတာတင်စင် (၂၄)လုံး၊ ထိုင်ခုံ (၂၄)လုံး၊ မီးစက် (၁)လုံး ၂၀ KV

ဆက်သွယ်ရန်
ဖုန်း-၀၉-၃၁၂၈၄၆၇၅၊
၀၉-၇၃၀၂၆၇၆၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၃၃၉၃ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူဒေါ်နွယ်နွယ်ငွေး ၇/ညလပ(နိုင်)၁၁၅၃၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး၊ (ပဲခူး)

စီးပွားရေးကြော်ငြာ

ရုံးခန်းလိပ်စာ(ရန်ကုန်)နှင့် ဖုန်းနံပါတ်ပြောင်းလဲခြင်း

APEX Airline Public Company Limited ၏ ရန်ကုန်ရုံးကို အောက်ဖော်ပြပါလိပ်စာသို့ သြဂုတ်လ ၁၉ရက်၊ ၂၀၁၃ ခုနှစ်မှစတင်ကာ ပြောင်းရွှေ့ထားပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

APEX

APEX Airlines
Ground Floor, Seasons of Yangon,
Yangon International Airport Hotel, Mingalardon Tsp., Yangon, Myanmar.
Tel: (01) 533 300~311, Fax: (01) 533 312
Email: HO@apexairline.com
Website: www.apexairline.com
FB: www.apexairline.com/APEXAIRLINESMM

Career Opportunities

(1). Captains (ATR 72)

(2). First Officers (ATR 72)

(3). Senior Cabin Crew Flight Attendants

- Experience 1 year & above
- Age 20 to 30 years.
- Fluent in English (both written & speaking).
- Pleasant appearance (Please provide one passport size photo and one (4"x6") photo with standing position.

(4). Cabin Crew Flight Attendants

- Age between 18 and 25 years as at 1st November 2013.
- Fluent in English (both written & speaking).
- Pleasant appearance (Please provide one passport size photo and one (4"x6") photo with standing position.

(5). Chief Engineer

- Possess a valid B1 or B2 License, recognized by Department of Civil Aviation (DCA) Myanmar, with type rating on the ATR 72 aircraft with managerial experience.

(6). Aircraft Engineers

- Bachelor / Master in Engineering or similar Degree.
- MCAR B1 or B2 License holder with approval on ATR 72.

(7). Quality Management Representative

- Must be a graduated.
- Minimum (3) years experience in preparation of the required documents & Manuals for ISO 9001 Certificate.

(8). Admin Officer

- Must be graduated preferred MBA/ MPA
- Minimum (3) years experience in office administration as a supervisory position

(9). HR Officer

- Must be graduated, preferred MBA/ MPA
- Minimum (3) years experience in office administration as a supervisory position

(10). Purchasing Officer

- Must be a graduated.
- Minimum (3) years experience in supervisory or managerial position in purchasing spares or components and related for airline industry usage.
- Managing Export Declaration and Import Declaration process and Custom clearance procedures.
- Dealing and liaising with Officials from Trade, Custom and Department concerned.
- Managing accounts and claims for document and other government taxes.

(11). Sales & Marketing Officer

- Must possess a bachelor's degree, MBA / MPA degree is an advantage.
- Minimum (5) years of experience in a supervisory or executive position in marketing or sales. (Airline, tourism or hotel industry is preferred).
- Fluent in English (both written & speaking).

(12). Research & Development Officer

- Bachelors or advanced degree in business, or the sciences.
- Minimum (3) years experience in Market Research with managerial and or supervisory experience.
- Experience in a wide array of consumer products, or service industry.
- Familiar with research methodologies.
- Strong analytic skills with experience in statistical modeling and analysis.
- Fluent in English (both written & speaking).

အလုပ်လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်နှင့်တကွ သက်ဆိုင်ရာ စာရွက်စာတမ်းများဖြင့်

APEX Airline Public Co., Ltd.
Ground Floor, Seasons of Yangon, Yangon International Airport Hotel, Mingalardon Tsp., Yangon, Myanmar.
Tel: (01) 533 300~311
Fax: (01) 533 312
(သို့မဟုတ်)
jobs@apexairline.com သို့လျှောက်ထားနိုင်ပါသည်။

Website: www.apexairline.com

TG Myanmar Technology Gateway Co., Ltd
Build Trust with .mm
Free DNS Management Panel
10% to 20% discount for Hosting
Try our VPS FREE for 14 days
Email & Web Hosting
VPS (Virtual Private Server)
Fully Website Development Service
No. 560, Kabaraye Pagoda Road, Mayangone Township, Yangon. Ph: 01-657852, 01-657883, 09-420043928, 09-2025719
No. 127, Thiriyadanar Shopping Complex, Naypyitaw. Ph: 067-420968 . Website: www.mtg.com.mm Email: info@mtg.com.mm

YangonTownship Map
Digital Maps of YANGON
MYANMAR
Myanmar GIS up to Village Track Level

Available:
Tel : 204020

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
(အရှင်ပုညာနန္ဒ) (၄)နှစ် ပြည့်မြောက်အထူးပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးကို စတင်တည်ထောင်သွားတော်မူသော ဆရာတော် အရှင်ပုညာနန္ဒ၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်ဉာဏ်တော်တို့ကို ပူဇော်သောအားဖြင့် **(၄)နှစ်ပြည့်မြောက်အထူးပူဇော်ပွဲ**ကို ခမည်းတော်ကြီးဘဒ္ဒန္တဝိစာရ၏ ဓမ္မဒါန ၁၂-၁၀-၂၀၁၃ ရက်မှစတင်၍ ၁၁ရက်တိုင်တိုင် ညဆည်းဆာတရားပွဲများကျင်းပပြီး ၂၂-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)တွင် သံဃာတော်(၅၅)ပါးအား မွန်မြတ်စင်ကြယ်သောလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး/ ရပ်နီးမှတပည့် ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ဖုန်း-၀၁-၅၅၃၃၃၀၊ ၀၁-၅၅၁၁၇၂ နှင့် ၀၉-၅၀၁၃၂၉၇ တို့သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Androidဖုန်း စက်ပြင်ဆရာလက်စွဲ
Huawei, Samsung, HTC, LG, Sony
Android Mobile Repair Guide
ဖိုးမင်းအောင်
(Ray Electronic)
Androidဖုန်း စက်ပြင်ဆရာလက်စွဲ

ယနေ့မော်ဒယ်မြင့် ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း
(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြုပုံ)
OBDII , OBDI
Engine Doctor Engineering
No. 102, GFloor, 52nd st, Middle, Yangon Tel. 09 4211 444 95, 96, 97

Aspect Management (Myanmar) Co.,Ltd
ရန်ကုန်၊ နေပြည်တော်၊ လားရှိုးနှင့် တာချီလိတ်မြို့များအတွက်
ကျား/မ(၃၀)ဦး
CV Form
Aspect Management (Myanmar) Co.,Ltd
Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁) Grade 11 (G)မှ မောင်ကျော်ထက်စိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းသန့် ၅/ဝလန(နိုင်)၀၈၈၅၆၉ဖြစ်ပါကြောင်း။

ဦးဝင်းမင်းသန့်

ဖခင်အမည်မှန်

ရွှေဘိုခရိုင်၊ကျောက်မြောင်းမြို့နယ်ခွဲ၊ အုန်းပေါက်ကျေးရွာမှ မောင်ဝေယံထက်နှင့် မောင်ဘုန်းဟိန်းထက်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၅/ရဘန (နိုင်) ၁၀၇၂၉၁ ဖြစ်ပါကြောင်း။

ဦးတင်စိုး

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အထက (၂၀)၊ တက္ကသိုလ်ဝင်တန်း (C) မှ မဟေတာကျော်စိုးနှင့် ဆဋ္ဌမတန်း (D) မှ မပြည့်သူသူကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်စောကို ၉/မနမ(နိုင်) ၀၃၈၄၈၁ ဖြစ်ပါကြောင်း။

ဦးတင်စောကို

NEW NOVEMBER Travel & Tour

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'
ALL ADULTS MUST BE ABLE TO DRIVE
(NEW ASIA)
Ph:661807,667835,0943198384,0943173150
Ph : 09 73249138,
09 43144310, 09 43171697, 09 43198381

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၃၅၇၄ တိုယိုတာ လင်ခရူဆာ၊ စတေရှင်ဝက်ဂွန် (4× 4)R ယာဉ်လက်ဝယ်ရှိသူ ဦးလုံးဆိုင်ဟိန်း ၁၃/မရတ(နိုင်) ၀၁၄၃၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၂၂၅၇၊ တိုယိုတာ ဟိုင်းလပ် YN 100၊ ပစ်ကပ်(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောမေ ၁၃/သနန(နိုင်) ၀၁၃၇၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၇၈၆၊ မြေကွက်တည်နေရာအမှတ် ၃၇၊ ရန်ပြေ ၁၅လမ်း၊ အနောက် ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်အေး(ခ)ဦးသာလှ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်အေး(ခ) ဦးသာလှ(ဖခင်)နှင့် ဒေါ်ကြည်(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သန်းနွဲ့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၉၈၈ (၄-၇-၂၀၁၃)ရရှိသူ ဦးအောင်မြတ်ကျော် ၁၂/တမန(နိုင်)၀၃၀၇၇၀ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ရဲစုရပ်ကွက်၊ အကွက်အမှတ်(၃)၊ အကွက်အမည် (ညောင်ခြောက်ပင်)၊ ဦးပိုင်အမှတ်(၁၃-က)၊ ဧရိယာ ၀ ဒသမ ၀၇၇ ဧကရှိ မြေကွက်သည် ဦးတိုးမောင်အမည်ပေါက် လိုင်စင်မြေကွက်ဖြစ်ပြီး အမွေဆက်အမွေခံပိုင်ဆိုင်သူ ဦးညွန့်မောင်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်သိန်း ၉/ကဆန(နိုင်)၀၉၄၂၅၇ က ၄င်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေငှားဂရန်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်း
၉/ကဆန(နိုင်)၀၉၄၂၅၇**

လူမှုရေးကြော်ငြာ

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အမှတ်(၄) နယ်မြေ၊ ဆင်လမ်းကျေးရွာနေ ဦးစံထွေး ၉/မမန (နိုင်)၀၅၆၆၈၀ ၏သမီး မတင်စိန် ၉/ပဥလ(နိုင်) ၀၀၆၁၈၆ နှင့် မခင်သန်းထွေးတို့သည် တစ်ဦးတည်းဖြစ်ပါသည်။

မတင်စိန်(ခ)မခင်သန်းထွေး

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အနီးစခန်း (အထက)၊ တက္ကသိုလ်ဝင်တန်း(ဃ) မှ စိုင်းမွန်းခေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဝိ ၁၃/သပန(နိုင်) ၀၃၉၀၅၁ ဖြစ်ပါသည်။ **ဦးစိုင်းဝိ**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဟ/၂၇၁၆ ပြိုင်မြင်းသုံးဘီး လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၁၁/စတန(နိုင်)၀၇၈၅၅၀ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ရုံး)၊စစ်တွေ

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဆန်းအေး

မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁-၁၀-၂၀၁၃ရက်တွင် (၂)နှစ်ပြည့်ပြီဖြစ်သော်လည်း တစ်ရက်မျှ မမေ့နိုင်ပါ။ ကွယ်လွန်သူအား ရည်စူး၍ (၂)နှစ်အတွင်း အောက်ဖော်ပြပါ အလှူဒါနများကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အသီးသီးလှူဒါန်းခဲ့ပြီးဖြစ်ပါသည်-

(က) လစဉ်လဆန်း(၁)ရက်နေ့တိုင်းတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊

(ခ) ၁-၃-၂၀၁၁ရက်တွင် ရန်ကင်းမြို့နယ် မိုးကောင်းဒေဝကျောင်းတိုက်၌ မုခ်ဦးလှူဒါန်းခြင်း၊

(ဂ) ၂၉-၉-၂၀၁၂ရက်တွင် ရန်ကင်းမြို့နယ် ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ ပါရမီဓမ္မရိပ်သာ ကျောင်းတိုက်ဝင်းအတွင်း ဥပရိပါသာဒသိမ်ကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊

(ဃ) ကွယ်လွန်သူအား ရည်စူး၍ (၂)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်တွင် ရွှေစင်ရွှေပြား(၅)ကျပ်သား လှူဒါန်းခြင်းနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊

ဤကောင်းမှုအစုစုတို့၏ အဖို့ဘာဂကို ကွယ်လွန်သူ ဒေါ်ခင်ဆန်းအေးအား အထူးရည်စူး၍ အမျှပေးဝေပါ၏။ ထို့မှတစ်ပါး သုံးဆယ့်တစ်ဘုံရှိ သတ္တဝါအားလုံးတို့ကိုလည်း အမျှပေးဝေပါ၏။ အမျှရကြ၍ ဝမ်းမြောက်စွာသာဓုခေါ်ဆိုနိုင်ကြပြီး ချမ်းသာကြပါစေကုန်သတည်း နိဗ္ဗာန်ရောက်ကြောင်း တရားကိုလည်း အထောက်အပံ့ဖြစ်ကြပါစေကုန်သတည်း (အမျှ-အမျှ-အမျှ) (သာဓု-သာဓု-သာဓု)

ခင်ပွန်း- ဦးတင်နိုင်ထွန်း
သားသမီးများ - ကိုရဲလင်းထွန်း-မခိုင်ပန်းဖြူ
ကိုအောင်မြင်သူ-မဝင့်လဲ့ဖြူအောင်
မြေး- မအိမ့်မှူးသံသာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်း(ကျွဲပွဲ)

အသက်(၉၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်နေ ဒေါက်တာဒေါ်ဝင်းရီ(ဆေးတက္ကသိုလ်-၁)၊ ဒေါက်တာဒေါ်စန်းစန်းရီ(ဆေးတက္ကသိုလ်၊ မကွေး)တို့၏ ဖခင် ဦးမြင့်သိန်း အသက်(၉၈)နှစ်သည် ၂၃-၉-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ခွဲစိတ်ဆောင်မှမိသားစုများ
ပြည်သူ့ဆေးရုံ၊ မင်းဘူးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်ရင်

အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ ဝေသန္တရာလမ်း၊ အမှတ် ၁၁၃၅ နေ DGM ဦးအောင်ထူး(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)- ဇနီး ဒေါ်တင်မြင့်တို့၏ မိခင်ကြီး ဒေါ်စိန်ရင် အသက်(၉၇)နှစ်သည် ၂၈-၉-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Farmer Phoyarzar
Group of Companies

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းရှိန်

အသက်(၇၉)နှစ်

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဗိုလ်ကြီးသက်ဦးရှိန်(ငြိမ်း)၏ ဖခင် ဦးသန်းရှိန်သည် ၂၆-၉-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

မြိတ်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းရှိန်

အသက် (၇၉)နှစ်

မြိတ်မြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ဦးရှိန် (ငြိမ်း)၏ ဖခင်ဖြစ်သူ ဦးသန်းရှိန်သည် ၂၆-၉-၂၀၁၃ရက် ၀၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြိတ်မြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်ရင်

အသက် (၉၇)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဦးအောင်ထူး၊ ဒုတိယအထွေထွေမန်နေဂျာ (လုပ်ငန်းဆောင်ရွက်ရေး)၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်စိန်ရင် အသက်(၉၇)နှစ်သည် ၂၈-၉-၂၀၁၃ ရက် (စနေနေ့) နံနက် ၀၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဒင် (မြင်းခြံမြို့)

အသက်(၉၈)နှစ်

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ ဒု-ဥက္ကဋ္ဌ ဦးမောင်မောင်-ဒေါ်တင်နွဲ့(မြင်းခြံဆီဆိုင်)၊ ဦးဝင်းမြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြင်းခြံမဲဆန္ဒနယ်)-ဒေါ်မြင့်မြင့်ကျော်တို့၏ဖခင် ဦးကျော်ဒင်သည် ၂၈-၉-၂၀၁၃ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
မန္တလေးတိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အင်ဂျင်နီယာချုပ် ဒေါ်ချယ်ရီမျိုးတင့်၏မိခင် ဒေါ်တင်တင်ကြီး အသက် (၈၁)နှစ်သည် ၂၆-၉-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာချုပ်နှင့်အဝေးဆက်သွယ်ရေးမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဒင်

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၊ နာယကကြီး

အသက်(၉၈)နှစ်

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ ဒု-ဥက္ကဋ္ဌ ဦးမောင်မောင်-ဒေါ်တင်နွဲ့(မြင်းခြံဆီဆိုင်)၊ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်ကျော်တို့၏ဖခင် ဦးကျော်ဒင် အသက်(၉၈)နှစ်သည် ၂၈-၉-၂၀၁၃ရက် နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ခင်မောင်ဦး

ဆေးရုံအုပ်ကြီး၊ တီဘီရောဂါကုဆေးရုံကြီး၊ လူမှုဖူလုံရေးအဖွဲ့

အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လူမှုဖူလုံရေးအဖွဲ့၊ တီဘီရောဂါကုဆေးရုံကြီးဝင်းနေ ဒေါ်မြင့်မြင့်စန်း၏ ချစ်လှစွာသောခင်ပွန်း ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မောင်ဦးသည် ၂၈-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ဝင်းမော်ထွန်း
ဥက္ကဋ္ဌ၊ လူမှုဖူလုံရေးအဖွဲ့
ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

ကျေးဇူးအထူးတင်ရှိခြင်း

ဦးမျိုးသီဟ

(CEO & Managing Director)(GEO-PETRO Co.,LTD.)

အသက်(၄၉)နှစ်

အင်းစိန်မြို့၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၅ကနေ (လေယာဉ်မှူးကြီး ဦးမြင့်လွင်)-ဒေါ်တင်မြ(ငြိမ်း) အထက(၂)အင်းစိန်တို့၏ချစ်လှစွာသောသားကြီး ဒေါက်တာမစပယ်၏ချစ်လှစွာသောအစ်ကို၊ မခင်သီတာမိုး၏ခင်ပွန်း ဦးမျိုးသီဟသည် ၁၉-၉-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးမျိုးသီဟ နာမကျန်းဖြစ်စဉ်က ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး CJI(A)၌ တက်ရောက်ကုသခဲ့ရာတွင် ရောဂါဝေဒနာသက်သာပျောက်ကင်းစေရန်၊ မေတ္တာစေတနာများစွာဖြင့် ဂရုတစိုက်ချွေးထွေးကြင်နာစွာကုသပေးခဲ့သော သမားတော်ကြီး ဒေါက်တာဒေါ်မိုးမိုးစန်း၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးစိုးညွှန့်နှင့် (I.C.U)မှ တာဝန်ခံဆရာဝန် ဒေါက်တာဦးစောအောင်မိုးအေးနှင့်တာဝန်ကျဆရာဝန်၊ ဆရာမများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ နာရေးကိစ္စတွင် ကူညီပေးခဲ့ကြသူများ၊ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများ၊ လှူဒါန်းရန် သက်န်းများ လှူဖွယ်ပစ္စည်းများ၊ တရားအလှူတော်စာအုပ်များ၊ ဓမ္မဒါနကူညီသူများ၊ မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်သူများကိုလည်းကောင်း၊ ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်၊ Email ဖြင့်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ကြသော ရပ်ဝေး၊ ရပ်နီး၊ နိုင်ငံခြားမှ မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ခင်မောင်ဦး

ဆေးရုံအုပ်ကြီး

ထန်းတပင်တီဘီရောဂါကုဆေးရုံကြီး

အသက် (၅၃)နှစ်

လူမှုဖူလုံရေးအဖွဲ့တွင် ညီအစ်ကိုသဖွယ် အတူယှဉ်တွဲတာဝန်ထမ်းဆောင်နေကြသော လုပ်ဖော်ကိုင်ဖက်တစ်ဦး ၂၈-၉-၂၀၁၃ရက်တွင် ရုတ်တရက်ခွဲခွာသွားခဲ့လို့ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ
မန္တလေးအလုပ်သမားဆေးရုံကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

မဥမ္မာမြင့်

အသက်(၃၇)နှစ်

ဦးအေးမြင့်-ဒေါ်မာမာဆွေ (လမ်းမတော်သံဈေး) တို့၏ သမီးကြီး မဥမ္မာမြင့်သည် ၂၄-၉-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **သူငယ်ချင်း- နန်းအိအိမွန်၊ မဖိန်းဖိန်း**


အထူးဝမ်းနည်းကြေကွဲခြင်း

KGK + Z&A Group
Management and Staff

ဝမ်းနည်းကြေကွဲခြင်း

AIR KBZ Limited၊ Administration Department မော်တော်ယာဉ်ဌာနမှ ဦးသိန်းမြင့်ဦး (Driver -3) သည် ၂၇-၉-၂၀၁၃ရက် ၁၂း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၈ရက်

ဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစုများ
AIR KBZ Limited

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မာမာကြွယ်

အသက်(၅၉)နှစ်

ဦးဇော်ဝင်း(ဒု/ညွှန်) ကူးသန်း(ဦးစီး)၏ဇနီး၊ မောင်ဘုန်းပြည့်ဦး [TTC Grade-10 (I)] ၏ မိခင် ဒေါ်ခင်မာမာကြွယ်သည် ၂၁-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခင်မိုး၊ ခင်မာ၊ မာလာ၊ ငွေငွေ၊ ခင်မာချို၊ အောင်မျိုးကြည်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အုံးမြင့် (သာထွန်းပြန့်)

အသက် (၅၂)နှစ်

နေပြည်တော်ကောင်စီရုံးမှ ဗိုလ်ကြီးတိုက်မောင်(ငြိမ်း)၏ဇနီး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်အုံးမြင့် အသက် (၅၂)နှစ်သည် ၂၂-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ စိတ်ကောင်းရှိ၊ သီလမြဲခဲ့သူ ဒေါ်ခင်အုံးမြင့် ကောင်းရာသုဂတိရောက်နေမည်ဟုလည်း ယုံကြည်ကြပါသည်။

ဦးမြင့်မောင်(လားရှိုးတိုးမြင့်)-ဒေါ်သန်းသန်းဝင်း(ရန်ကြီးအောင်စာပေ)
သမီး မစန္ဒာမောင်၊ သား ဗိုလ်ကြီးရဲရင့်အောင်နှင့်ဗိုလ်ကြီးအောင်မျိုးမြင့်

မောင်မျိုးထက်

Union Mart Sanchaung Branch (Conco Co.,Ltd.)

အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၊ သရက်မြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးစိုးသန်း(ခ)ဦးထက်နိုင်-ဒေါ်စောမာလာတို့၏သား၊ စည်သူကိုကို(G.A.I & P Co.,Ltd.)၏ညီ၊ ရွှေပွင့်(ခ)မပြည့်ပြည့်အောင်၊ မအေးမြသာ၊ မောင်ဇော်မျိုးမြတ်တို့၏အစ်ကိုသည် ၂၈-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၁နာရီတွင် ကွယ် လွန်သွားပါ၍ ၃၀-၉-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးထွန်းဦး(ခ)ဦးမောင်မောင်

ကပရ(ငြိမ်း)၊ အင်ဂျင်နီယာဌာန ပင်မအလုပ်ရုံ(၂)

COSMO SERVICING(ငြိမ်း)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဒဿန(၁)လမ်း၊ ၁၆/၂ရပ်ကွက်၊ အမှတ် ၄၈/ခနေ (ရဲမှူးကြီးစိုးဘော်-ဒေါ်ရွှေကွန်)တို့၏သားကြီး၊ ဦးသာခိုင်-ဒေါ်ခင်ခင်ညွန့်၊ ဒေါ်မြမြအေး-(ဦးမင်းရဲတင်လှိုင်)၊ ဒေါ်ခိုင်ခိုင်စော-ဦးထွန်းအောင်ဇံ၊ ဒေါက်တာခင်မြမြအောင်-ဦးမျိုးအောင်၊ (ဦးရွှေဘော်)၊ ဦးသိန်းဇံ-ဒေါ်ခင်ဆွေတင့်တို့၏အစ်ကိုကြီး၊ တူ တူမ ၁၁ယောက်တို့၏ဘကြီး သည် ၂၈-၉-၂၀၁၃ရက်(စနေနေ့)နံနက် ၆း၃၀နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြော်ငြာ

ဗိုလ်အောင်နိုင်(ခ) ဦးအေးလှိုင်

ဂျပန်ဘုရင့်စစ်တက္ကသိုလ် ဒုတိယပတ်ဗိုလ်သင်တန်းဆင်း(မင်္ဂလာဒုံ)

(ဂျပန်ခေတ်လေတပ်ပညာတော်သင်)

အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ မရန်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၇၄၊ သာယာအေးလမ်းနေ ဒေါ်စောရှိန်၏ ခင်ပွန်း၊ဦးအောင်နိုင်ဦး၊ ဦးကျော်လင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) - ဒေါ်နီနီအောင်၊ ဦးအောင်နိုင်ဝင်း-ဒေါ်ဇင်မာသန်း(ဝိုင်းပြည့်စတိုး)၊ ဦးအောင်နိုင်မင်း(SAAR BRUKEN COFFEE Shop) တို့၏ ချစ်လှစွာသော ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဗိုလ်အောင်နိုင် (ခ) ဦးအေးလှိုင်သည် ၃၀-၉-၂၀၁၃ ရက်နေ့ည ၈း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသောကြောင့် ၂-၁၀-၂၀၁၃ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန့်စင် (ဖျာပုံ)

ပြည်သူ့တရားသူကြီးအဖွဲ့ဝင်(ငြိမ်း)

ဗဟိုတရားရုံးချုပ်တရားသူကြီး(ငြိမ်း)၊ ဗဟိုတရားရုံးချုပ်ရှေ့နေ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်

အသက်(၈၇)နှစ်

(ဦးဘိုးကျော့-ဒေါ်သင်းကြွေ)တို့၏သား၊ (ဦးစိန်ထွန်း-ဒေါ်ကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်အမှတ် ၃၁၄၊ အခန်း ၃၊ အရှေ့ရန်ကင်းနေ ဒေါ်ဝင်း(ခ)ဒေါ်ဝင်းရီ၏ခင်ပွန်း၊ မဝင်းဝင်းသန့်၊ ကိုမောင်မောင်သန့်(ခေတ္တ-Tokyo)-မဆွေဆွေသန့် (English Teacher, Urasa, Nintei Kodomoen)၊ ဒေါက်တာကျော်ဇင်ဝင်း (Director, ဝိတိုရိယဆေးရုံ၊ LEO Medicare)-မရီရီသန့်(Director , တက်လန်းဆေးရုံ)တို့၏ ဖခင်၊ မအိမြတ်နိုးခင်(Grade-II, K, TTC)၊ မသက်ချမ်းမြေ့ခင်တို့၏အဘိုးသည် ၂၉-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၉း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စံမေ(ခ)ဒေါ်စံမြသူ (မင်းပြား/ရန်ကုန်)

အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ (စွန်ရဲရွာသူကြီး ဦးကျော်သာ-ဒေါ်နှင်းမြ)တို့၏သမီးကြီး၊စွန်ရဲရွာနေ(ဦးဒေါင်းပြောက်ကေ-ဒေါ်ချစ်မ)တို့၏ချွေးမ၊(ဦးမောင်သာထွန်း)၏ဇနီး၊ (ဦးဘဇံ-ဒေါ်ခင်ဌေး)၊ ဦးကျော်အောင်-ဒေါ်အေးကျော့တို့၏မိခင်၊ ဒေါက်တာသန္တာအောင်၊ ဦးထင်အောင်-ဒေါ်နီလာဝင်း၊ မချောစုအောင် (ခေတ္တ-စင်ကာပူ)၊ မောင်ကိုကိုအောင်(ခေတ္တ-စင်ကာပူ)၊ ဦးမျိုးလှိုင်ဦး-ဒေါ်ချို သန်း၊ ဒေါ်အေးအေးမြင့်-ဦးစိုးနိုင်၊ ဒေါ်သန္တာလှိုင်-ဦးအေးထွန်း၊ မောင်တင်အောင်လွင်တို့၏အဘွား၊မြစ်ကိုးယောက်တို့၏အဖီးရှင်သည် ၃၀-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် အမှတ် ၁၄၊ ခြောက်လွှာ(A)၊ မြို့သစ် ၂လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်၁၄၊ မြို့သစ် ၂လမ်း နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Thomas (ခ) ကိုကျော်နိုင်

အသက်(၄၀)

